www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း ရှုမြင်သုံးသပ်သည့်

တကယ့်ဒီမိုကရေစီ နှင့်

ဒေါ်အောင်ဆန်းစုကြည် ၏

နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကိုသာ မျက်နှာမူမည့်

# ဒီမိုကရေစီ

မောင်ရွှေခေတ်

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
ဟီလာရီကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်

BURMESE CLASSIC .com



လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏
၁၉၄၂ ခုနှစ် မင်္ဂလာဆောင်တွင် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဗိုလ်ချုပ်အောင်ဆန်း
# ရှုမြင်သုံးသပ်သည့် တကယ့်ဒီမိုကရေစီ

# နှင့်

# ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံ့အကျိုး၊
# ပြည်သူ့အကျိုးကိုသာ မျက်နှာမူမည့် ဒီမိုကရေစီ

**မောင်ရွှေခေတ်**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၀၄၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၁၉၉၀၇၁၂
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ထုတ်ဝေသည့်ခုနှစ် - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ
အဖုံးဒီဇိုင်း - နေဝင်းအောင်
အတွင်းဖလင် - Dream City
ထုတ်ဝေသူ - ဦးချစ်ညွှန့်
ဇင်ရတနာစာပေ၊
၂၀၅ က/၄ လမ်း၊ မြို့သစ်
(က+ခ) ရပ်ကွက်၊ အင်းစိန်။
အတွင်းပုံနှိပ်သူ - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

၃၂၀
မောင်ရွှေခေတ်
ဗိုလ်ချုပ်အောင်ဆန်း ရှုမြင်သုံးသပ်သည့် တကယ့်ဒီမိုကရေစီ
နှင့်..../ မောင်ရွှေခေတ်။ - ရန်ကုန်
ဇင်ရတနာစာပေ၊ ၂၀၁၂။
၂၅၆- စ၊ ၁၂.၅ x ၁၇ စင်တီ။
(၁) ဗိုလ်ချုပ်အောင်ဆန်း ရှုမြင်သုံးသပ်သည့်
တကယ့်ဒီမိုကရေစီနှင့်....

## မာတိကာ


၁။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်မတော်အပေါ်မှာထားတဲ့ သဘောတရား ... ၂
၂။ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူနဲ့တပ်မတော် အပေါ်မှာ ခံယူထားတဲ့သဘောတရား ... ၇
၃။ ဗိုလ်ချုပ်အောင်ဆန်း ရှုမြင်သုံးသပ်သည့် တကယ့်ဒီမိုကရေစီ ... ၂၀
၄။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုသာ မျက်နှာမူမည့် ဒီမိုကရေစီ ... ၂၈
၅။ ညီညွတ်ရေးနှင့်ပတ်သက်၍ ကိုယ်တွင်းသံလိုက် ကောင်းသည့် ဗိုလ်ချုပ်အောင်ဆန်း ... ၄၀
၆။ ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့ကို အမြဲတစေ နှိုးဆော်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ... ၅၁
၇။ တိုင်းပြည်ကို တစ်ပတ်မရိုက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ... ၆၂
၈။ ဒီမိုကရေစီရရှိခြင်းအပေါ်မှာ တာဝန်ကျေစေချင်သော ဒေါ်အောင်ဆန်းစုကြည် ... ၇၃
၉။ ပြည်သူများက ကြည်ညိုသော ဗိုလ်ချုပ်အောင်ဆန်း ... ၇၈
၁၀။ ပြည်သူယုံကြည်သော၊ ပြည်သူချစ်သော ဒေါ်အောင်ဆန်းစုကြည် ... ၈၅

www.burmeseclassic.com

www.burmeseclassic.com


၁၁။ ဗိုလ်ချုပ်အောင်ဆန်းပြောသော
လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုး ၉၄
၁၂။ ဘေးမသီ ရန်မခ သယ်ဆောင်သွားခွင့်ရလိုသည့်
ဒေါ်အောင်ဆန်းစုကြည် စေတနာ ၁၀၁
၁၃။ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ မြန်မာပြည်
ပြန်လည်ထူထောင်ရေး ၁၁၀
၁၄။ ငြိမ်းချမ်းရေးသာလိုချင်တဲ့ ဒေါ်အောင်ဆန်းစုကြည် ၁၁၇
၁၅။ သူများကို အားကိုးတဲ့ပြည်သူ မဖြစ်စေချင်လို့
ဒေါ်အောင်ဆန်းစုကြည်ပြော ၁၂၁
၁၆။ သိက္ခာရှိသော အောင်နိုင်မှုဖြစ်စေဖို့ ဒေါ်အောင်ဆန်း
စုကြည် တိုက်တွန်းခဲ့တဲ့ မုဒိတာစကား ၁၂၈
၁၇။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြစ်စဉ်အကျဉ်း
(၁၉၁၅-၁၉၄၇) ၁၃၄
နှစ်တစ်ရာပြည့် စေတနာမိခင် (သို့မဟုတ်)
၁၈။ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း ၁၄၃
၁၉။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း ၁၅၆
၂၀။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုခဲ့သော
မြန်မာ့လွတ်လပ်ရေး တပ်ပေါင်းစုကြီးရဲ့ သမိုင်း ၁၇၄
၂၁။ ကျမ်းကိုး ၁၈၉



BURMESE CLASSIC .com



ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်လျက် ဖဆပလ အမတ်တစ်စု
ဗန္ဓုလဝန်းခြံ၌ လူထုစည်းဝေးပွဲ ပြုလုပ်ပြီးနောက် တိုင်းပြည်ပြု
လွှတ်တော်သို့ ချီတက်ကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေး ကျင်းပနေစဉ်
(ဗိုလ်ချုပ်အောင်ဆန်းကို ဝဲဖက်ခုံတန်းအစွန်တွင် တွေ့မြင်နိုင်သည်။)



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်
တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး
ဟီလာရီကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်



အာဇာနည်ဗိမာန်ရှေ့၌ ဒေါ်အောင်ဆန်းစုကြည်နှင့် သားအငယ်တို့ကို
တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com




လွှတ်တော်ရောက် ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်



ပြည်သူများအား ဒေါ်အောင်ဆန်းစုကြည် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကရင်တိုင်းရင်းသူဝတ်စုံနှင့် ဒေါ်အောင်ဆန်းစုကြည်
နှုတ်ဆက်မိန့်ခွန်း ပြောကြားနေစဉ်




ကရင်တိုင်းရင်းသူဝတ်စုံနှင့် တွေ့ရသော ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးဆင်းစဉ်



ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနေကြသော လူထုပရိသတ်များကို
လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုနှင့် အစဉ်ထိတွေ့ ဆွေးနွေးခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်



ပါတီစည်းရုံးရေးထွက်ခဲ့စဉ်က ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်



ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်၏ ငယ်ရုပ်သွင်



ပြည်သူများအား ချစ်ကြည်စွာ နှုတ်ဆက်နေသည့်
ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးမိန့်ခွန်းပြောကြားနေစဉ်



ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်



-ခုနှစ်၊ ဘူတာန်နိုင်ငံ တောင်ပေါ်ခရီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်



၁၉၇၃-ခုနှစ်၊ သားဦး အလက်ဇန္ဒား (မြင့်ဆန်းအောင်)နှင့်အတူ
ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်



ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသူဝတ်စုံနှင့် ဒေါ်အောင်ဆန်းစုကြည်



ပြုံးပြုံးရယ်ရယ်ဖြင့် မိန့်ချွန်ပြောကြားနေသည့်
ဒေါ်အောင်ဆန်းစုကြည်အား တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆန်၍ မြန်မာ့ယဉ်ကျေးမှုကို အစဉ်လေးစားသော
ဒေါ်အောင်ဆန်းစုကြည်



နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား
သမ္မတအိမ်တော်တွင် အတူတကွ ရင်းနှီးစွာ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မရီး နှင်းခဲပေါ်၌ တွေ့ရသော ဒေါ်အောင်ဆန်းစုကြည်



ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအခမ်းအနား၌ သတို့သမီးဝတ်စုံဖြင့်
ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ရစဉ်



သတို့သမီးဝတ်စုံနှင့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



အထိန်းသိမ်းခံနေရစဉ် ၁၉၉၂ ခုနှစ် မေလ၌ သားများနှင့်
ပြန်လည်တွေ့ဆုံစဉ်



မိခင်ကြီး ဒေါ်ခင်ကြည်နှင့်အတူ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်၏ ငယ်စဉ်ရုပ်ပုံလွှာ



မိခင် ဒေါ်ခင်ကြည်နှင့်အတူ ဒေါ်အောင်ဆန်းစုကြည် ဒေလီမြို့တွင် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပါတီနိုင်ငံရေးဆွေးနွေးနေသော ဒေါ်အောင်ဆန်းစုကြည်



ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

"စစ်နည်းမျှဟာ၊ ဘယ်လိုသာလည်း
စွဲကိုင်လက်နက်၊ ဘယ်လိုထက်လည်း
ပြည်သူ့နလုံး၊ မသိမ်းကြုံးလျှင်
ပြည်သူ့ခွန်အား၊ မကိုးစားလျှင်
ဓားသွားလည်းကြွေ၊ လှံလည်းခွေအံ့။"

(လက်ဝဲသုန္ဒရာနန္ဒိသေနပျို့မှ)







www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်မတော်အပေါ်မှာထားတဲ့ သဘောတရား

ဗိုလ်ချုပ်အောင်ဆန်းသည် သူ တည်ထောင်ထားခဲ့သော တပ်မတော်ကို အလွန် အလေးအနက်ထားခဲ့သည်။

တပ်မတော်သည် စည်းကမ်းရှိပြီး ဂုဏ်ကျက်သရေနှင့် ပြည့်ဝစေလျက် ပြည်သူများ၏ ချစ်ခင်လေးစားဖွယ် ဖြစ်ရမည်ဟု ဆိုခဲ့သည်။

အနစ်နာခံခြင်း၊ ကိုယ့်စည်းကိုယ့်ကမ်း ထိန်းခြင်း၊ မြင့်မြတ်သော ဂုဏ်အင်္ဂါများဖြင့် တည်ထောင်ထားသော တပ်မတော်၊ ကိုယ်ပိုင် အကျိုးအမြတ်ကို မမျှော်ကိုးဘဲ တိုင်းပြည်တာဝန် ထမ်းဆောင်ရန် မိမိ၏ ခွန်အားကို လုံးဝပေးလှူထားသော တပ်မတော်ဖြစ်မည်ဟု ယုံကြည်ခဲ့ပြီး ဖြစ်၏။

လက်နက်အင်အားဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်း မဖြစ်ရ။ ပြည်သူ၏ အသက်အိုးအိမ်ကို ကာကွယ်ခြင်းသာ ဖြစ်ရမည်ဟူ၍လည်း မှာကြားခဲ့လေသည်။





ထပ်ဆင့်၍ပင် ဤသို့လည်း သတိပေးခဲ့ဖူး၏။

"ဒီတပ်မတော်ဟာ ဒီနိုင်ငံ ဒီလူမျိုးအတွက်၊ ဒီလူမျိုးတွေရဲ့ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုး ဖြစ်ရမယ်။ ဒီလိုမဟုတ်တဲ့ ဒီတပ်မတော်ဟာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ အော့နှလုံးနာစရာ ဖြစ်မယ်ဆိုလို့ရှိရင် ဒီတပ်မတော်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်ဟာ အလကားပဲ ဖြစ်တယ်"

(၃၁·၁·၄၄)

အမှန်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်သားများကို တမင်နှိမ်လိုသောသဘောဖြင့် ဒီစကား ဒီအမိန့်ကို ပြောခဲ့ခြင်း မဟုတ်။

တိုင်းသူပြည်သား လူအများ၏ ကြည်ညိုခြင်း၊ လေးစားခြင်း၊ ချစ်မြတ်နိုးခြင်းကို ခံယူပြီး ထူးချွန်မြင့်မြတ်သည့်တပ်မတော် ဖြစ်လာဖို့အတွက် အလေးအနက်ထားခဲ့သည်သာ ဖြစ်သည်။

မြန်မာ့တပ်မတော်သည် လူတစ်ဦးတစ်ယောက်အတွက်၊ အဖွဲ့အစည်းတစ်ဖွဲ့အတွက်၊ လူတစ်စုအတွက် ဖြစ်သွားမှာကို အင်မတန်မှ စိုးရိမ်ကြောင့်ကြမှုကြောင့် ဖြစ်၏။

ထို့အတွက်ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းက-

"တခြားစစ်သားမဟုတ်ပေမဲ့ နိုင်ငံအတွက် အမျိုးမျိုး အနစ်နာခံ၊ အမျိုးမျိုး စွန့်စားလုပ်ကြတဲ့လူတွေလည်း ရှိတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့် စစ်သားမှစစ်သားဆိုတဲ့ စိတ်ဓာတ် သဘောထားကို ပြောင်းကြရမယ်''

(၁၃.၃.၄၄)

ဟူ၍ ဆိုသည်။

လူသားတိုင်းပင် ငါ့လူမှငါ့လူ၊ သူ့လူမှ သူ့လူ ဟူသော စိတ်ဓာတ်မျိုး၊ ခွဲခြားစိတ်ဖြာသော အကျင့်မျိုး မထားရန် နှိုးဆော်ခဲ့သည်။

အကယ်တန္တ ထိုစိတ်မျိုး၊ ထိုအကျင့်အကြံမျိုး ရှိခဲ့ပါရင်လည်း ထိုသဘောထားကို ပြောင်းကြပါဟု တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

''ငါတို့ဟာ လက်နက်ကိုင်လူတွေ ဖြစ်ကြသော်လည်း မတရားမလုပ်။ နိုင်ငံရဲ့ရန်သူတွေ မဟုတ်။ နိုင်ငံရဲ့မိတ်ဆွေတွေ ဖြစ်တယ်ဆိုတာ အားလုံး သဘောပေါက်အောင် ပြောပြခြင်းပဲ''

(၁၃.၃.၄၄)

ဟုလည်း မိန့်ကြားသည်။

မှန်သည်။ တိုင်းပြည်၏ ဂုဏ်သိက္ခာဟူသည်ကား ပြည်သူတို့၏ ဂုဏ်သိက္ခာတည်း။ ပြည်သူတို့၏ ဂုဏ်သိက္ခာသည်လည်း ၎င်းနှင့် ၎င်းစစ်သားများ၏ ဂုဏ်သိက္ခာနှင့် ခွဲခွာ၍ မရသောကြောင့် ပါတည်း။





ဗိုလ်ချုပ်သည် ဤမျှအထိ အသေးအနက်ထား ယုံကြည်ခဲ့ရှာပါသည်။

၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌လည်း မြန်မာ့တပ်မတော် စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားရာတွင်

''ငါတို့စစ်တပ်ဟာ နိုင်ငံသူ၊ နိုင်ငံသားတွေကို ညှဉ်းသိမ့်မဟုတ် လက်နက်အားကိုး တန်နိုးဖြို့ မဟုတ်။ စစ်တပ်ဟာ နိုင်ငံရဲ့အစေခံ ဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့အစေခံ မဖြစ်ရဘူး''

ဟူ၍ အတိအလင်း ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူတည်ထောင်သော စစ်တပ်၊ သူချစ်ခင်လေးစား အားထားခဲ့သည့် စစ်သည်တော်များအား နိုင်ငံ့ဝန်ထမ်း စစ်သည်များ ပီသလျက် နိုင်ငံတော်က အားထားရမည့် တပ်မတော်ကြီးဖြစ်ဖို့ အစဉ်သဖြင့် သတိပေးနှိုးဆော်ခဲ့ပြီး ဖြစ်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com





## ဒေါ်အောင်ဆန်းစုကြည်က ပြည်သူနဲ့တပ်မတော်အပေါ်မှာ ခံယူထားတဲ့သဘောတရား

ယနေ့ နိုင်ငံရေး အခင်းအကျင်းတွင်လည်း ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားအမှန်၊ စိတ်ဓာတ်အရင်းခံကို လေ့လာကြည့်ဖို့ လိုသည်ဟု ထင်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ သားကောင်းသမီးမြတ် ပီသသည်။ ဖခင်၏ မှန်မြတ်သော မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံရေးအကျင့်သိက္ခာတို့နှင့်လည်း ပြည့်စုံသည်။

၁၉၆၂-ခုနှစ်လောက်မှစ၍ မြန်မာနိုင်ငံသည် ဖောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရသည်။

ပြည်သူအများစုဖြစ်သော ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ကုန်သည်ပွဲစားမှအစ ခေါင်းရွက်ဗျတ်ထိုးဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအထိ စီးပွားရေးချတ်ချုံကျခဲ့ရသည်။ အကျင့်ပျက်၊ သီလပျက်ကာ လူမှောင်ခို၊ ပစ္စည်းမှောင်ခိုဖြင့် စရိုက်ပျက်များ ပေါချင်တိုင်း ပေါခဲ့ကြရပေသည်။

ထိုကဲ့သို့ တိုင်းပြည်၏ ကြမ္မာဆိုး၌ ကြုံဆုံနေချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မြန်မာပြည်ဖွား ဒေါ်အောင်ဆန်းစုကြည်မှာ အမိမြန်မာပြည်နှင့် ခွဲခွာနေရသည်မှာ နှစ်မနည်းတော့ပြီ။ နောက်ဆုံး နိုင်ငံခြားသားကို ခင်ပွန်းတော်ခဲ့ရသည်အထိ။ ရင်နှစ်သည်းချာ သားနှစ်ယောက် ထွန်းကားခဲ့သည် အထိ။

ယခု ပြန်လာရသည်မှာ အကြောင်းရှိသည်။

မိခင်ကြီးဒေါ်ခင်ကြည်အား ပြုစုစောင့်ရှောက်ရန်အတွက် ဖြစ်သည်။ မိခင်ကြီး နာမကျန်း ဖြစ်နေသည်။

သားသမီးတို့၏ ဝတ္တရားအရ ကြည့်ရှုဖို့ တာဝန်ရှိ၏။ သမီးမြတ် ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးအနီးက တစ်ဖဝါးမျှ မခွာ။ နေ့ညမပြတ် ဂရုစိုက်သည်။

ဆေးဆိုဆေး၊ ထွေးဆိုထွေးကာ ပွေ့ပွေ့ပိုက်ပိုက် စောင့်ရှောက်သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်၌ ဖြစ်ပျက်နေသမျှကို ဝင်ရောက်လက်လျှိုဖို့ နည်းနည်းမျှပင် စိတ်မကူး။





သို့သော် တစ်ဖက်သတ် ခံစားနေခဲ့ရသော ပြည်သူ့အတွက် ရင်နာခဲ့သည်။ သက်ပြင်းချမိသည်။ မိမိအပေါ်၌ ထိုးနှက်တိုက်ခိုက်လာမည့်အရေးကိုလည်း တွေးမိဟန်ရှိသည်။

အစ၌ နေကြည့်သေး၏။ မရ။ ၁၉၈၈ ခုနှစ်တွင် မြန်မာ့နိုင်ငံရေး အခင်းအကျင်းထဲသို့ ဝင်ခဲ့ရသည်။

ဇာတ်ခုံပေါ်တက်လိုက်သည်နှင့် တစ်ပြိုင်တည်း ဒေါ်အောင်ဆန်းစုကြည်အဖို့ ရွေးချယ်ရမည့် လမ်းသုံးသွယ်ဖြင့် ပထမဦးဆုံး ရင်ဆိုင်ရတော့သည်။

အဖြစ်က ''ဇာတကာ၊ ပထမတွဲ၊ ကုဏ္ဍိဝဂ်၊ ဥဏ္ဏင်ဇာတ်'' ဝတ္ထုထဲက မိန်းမသားတစ်ဦးကဲ့သို့ ခပ်ဆင်ဆင် တူ၏။

အလျဉ်းသင့်၍ ၎င်းဇာတ်ဝတ္ထုကို အနည်းငယ်မျှ ဖော်ပြပါအံ့–

''ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် တိုင်းပြည်၌ ဆိုးနှိုးတိုက်ခိုက်နေသော ရာဇဝင်လူဆိုးတို့အား အမိဖမ်းရန် အမိန့်ထုတ်ပြန်၏။ မင်းအာဏာသည် ပြင်း၏။

မင်းမှုထမ်းသည် သောင်းကျန်းဆိုးနိုးနေသူတို့အား ဖမ်းဆီးရန် ထွက်လာသည်။ တောသို့ဝင်၍ ခိုအောင်းနေသူတို့အား ရှာ၏။ မတွေ့။ သူခိုးသူဝှက်တို့အား ဖမ်းမမိဘဲ လက်ချည်းသက်သက် ဗလာဖြင့် နန်းရင်ပြင်သို့ ပြန်သွားလျှင် မင်း၏ အမျက်သင့်တော့မည်။

အဘယ်သို့ ကြံရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန် မီဒီယာဂရု(ပ်)မှ
တွေ့ဆုံမေးမြန်းနေပုံ



ပါတီစည်းရုံးရေးသွားခိုက် ဒီချုပ်ရုံး၌ ဒေါ်အောင်ဆန်းစုကြည်က
ဒေသခံဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောအစပ်၌ လယ်လုပ်ကိုင်နေသည့် ဇနပုဒ်သား သုံးဦးအား ဖမ်းတော့၏။ ကြိုးဖြင့် ခိုင်စွာ တုပ်နှောင်ကာ အကျဉ်းထောင်တွင် ချထားလိုက်၏။ ထို့နောက် မင်းကြီးအား မျက်နှာလိုအားရ လျှောက်ထားလိုက်ကုန်၏။

ထိုတောဇနပုဒ်သား သုံးဦးနှင့်ပတ်သက်သော အမျိုးသမီးငယ်သည် ဤသတင်းကို ကြားသိလိုက်သည်။ များစွာပင် ပူဆွေးသောက ဖြစ်ရသည်။

ယောင်နနဖြင့် ဘုရင့်အကျဉ်းထောင်ထဲ ရောက်သွား ကြသူကြီး၊ ငယ်၊ လတ် သုံးဦးတို့မှာ လုံးဝ အပြစ်မရှိနိုင်။ ရိုးသား၍ ကြိုးစားသော လယ်လုပ်သားများသာတည်း။

ထိုသမီးပျိုသည် မတရား အနိုင်ကျင့်မှုကို မခံစားနိုင်။ နန်းတော်သို့ လိုက်သွား၏။ အန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ရန် ယုံကြည်ချက်အပြည့်ဖြင့် ဖြစ်သည်။

သူမသည် ဟစ်တိုင်တွင်ရပ်ကာ သည်းထန်စွာ ငိုကြွေးရင်း အဝတ်ပေးတော်မူပါဘုရား ဟု သံကုန်ဟစ်၍ တောင်းဆိုသည်။ ငြိမ်းချမ်းစွာ တောင်းဆိုနေသော သမီးပျိုအသံကို မင်းကြီးကြားသည်။ မင်းကြီးက အမတ်ကြီး တစ်ဦးအား အဝတ်ပေးစေသည်။

သမီးပျိုသည်လည်း မင်းကြီးပေးသော အဝတ်တို့ကို လက်မခံ။ ငြင်းသည်။ ဤအဝတ်ကို မိမိမလို၊ မိမိလိုသည်မှာ





လင်ယောကျ်ားအဝတ်ကိုသာ တောင်းခြင်းဖြစ်ကြောင်း လျှောက်ခိုင်းသည်။

ဗဟုသုတနည်းသော မင်းကြီးသည် ထိုစကားမှာ ~~နားမလည်~~ နေသည်။ ရှေ့တော်သို့ သွင်းစေသည်။

လင်ယောကျ်ားအဝတ် ဟူသောအဓိပ္ပာယ်ကို မေး၏။ ပညာဉာဏ်ဖြင့် ပြည့်စုံသော သမီးပျိုသည် ကြောက်ရွံ့ခြင်းကင်းစွာ လျှောက်သည်။

သူမ လျှောက်ထားသည်မှာ-

“ရေညှိစီးတွေ၊ မရှိလေက
မြစ်ချောင်းရှန်းမြ၊ မလှပပါ။
တိုင်းမပြည့်ခွင်၊ စည်ဝေလွင်လည်း
ဘုရင်မဲ့ရှောင်၊ အလှခေါင်၏။
မောင်ဆယ်ယောက်ပင်၊ ရှိနေစဉ်လည်း
လင်မရှိက၊ သူ့ဘဝသည်
အလှပျောက်ကွယ်နေမည်တည်း။ ။”

ဟူ၍ ဖြစ်သည်။

ထိုအဓိပ္ပာယ်ကို မင်းကြီး နားမလည်။ ရှင်းပြစေသည်။ သည်တော့မှ သူမက တောစပ်၌ လယ်လုပ်သားသုံးဦးမှာ အကြီးသည် မိမိ၏ခင်ပွန်း၊ အလတ်သည် မိမိ၏ မောင်၊ အငယ်သည် မိမိ၏ သားဖြစ်ကြောင်း လျှောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မင်းကြီးသည် သမီးပျို၏ စကားကို နှစ်သက်သွား၏။ ထို့ကြောင့် တောင်ယံမှ သုံးဦးအနက် တစ်ဦးဦးကိုသာ လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်။ သင်ရွေးလော့။ လင်ကို ယူမည်လား၊ သားကိုယူမည်လား၊ မောင်ကိုယူမည်လားဟု မိန့်၏။

အမျိုးသမီးသည် မောင်ငယ်ကိုသာ တောင်း၏။

မင်းကြီး အံ့ဩသွား၏။ စောစောက အဝတ်အထည်နှင့် တူသော လင်ယောကျ်ားကိုသာ တောင်းသည်၊ ယခု အဘယ်ကြောင့် မောင်ငယ်သာ တောင်းရသနည်းဟု မေးသည်။

အမျိုးသမီးကလည်း-

"အရှင်မင်းကြီး ကျွန်တော်မသည် ငယ်ရွယ်သေး၏။ နုပျိုသေး၏။ ငယ်သူမို့ လင်ဟူသည် အချိန်မရွေး ယူနိုင်ပါသေးသည်။ ခင်ပွန်းရှိလျှင် အခါမလင့် သားသည် ရနိုင်သည်။ မောင်ငယ်ဆိုသည်မှာ ယခုအချိန်၌ အဖသည်လည်း မရှိတော့ပြီ၊ အမိသည်လည်း မရှိတော့ပြီ။ ကွယ်လွန်ကုန်ပြီ။ မောင်ငယ်သည် အဘယ်သို့ ရနိုင်အံ့တော့သနည်း။ မောင်ငယ်ရဖို့ လမ်းမမြင်သဖြင့် မောင်ငယ်ကိုသာ တောင်းရပါသည်"

ဟူ၍ ပညာမျက်စိဉာဏ်အသိဖြင့် လျှောက်လေသည်။

မင်းလက်ရာစာပေ



ဤဖာတ်တော်လာနှင့် ဒေါ်အောင်ဆန်းစုကြည်ဘဝသည် များစွာ မခြားလှဟု ထင်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အတိတ်ကံ အကျိုးဆက်ကြောင့် ဒေါက်တာမိုက်ကယ်အဲရစ်နှင့် နဖူးစာဆုံခဲ့ရသည်။ သားကြီး မောင်မြင့်ဆန်းအောင် ရှိသည်။ သားငယ် မောင်ထိန်လင်း ရှိသည်။

မိခင်တို့မည်သည် ကိုးလလွယ်၊ ဆယ်လဖွားခဲ့ရသည့် မိခင်တိုင်းသည် မိမိ၏ သားသမီးများအား မချစ်ဘဲ၊ မခင်တွယ်၊ သံယောဇဉ် မနှယ်ဘဲ အဘယ်မှာရှိအံ့ပါနည်း။ ဒေါ်အောင်ဆန်းစုကြည်လည်း မိမိသားများအပေါ်၌ မချစ်ဘဲနေမည် မဟုတ်သည်မှာ အမှန်တည်း။

သို့ရာတွင် အချစ်နှင့် သံယောဇဉ်ကို သေချာခွဲခြမ်း စိတ်ဖြာကြည့်၏။ သားတို့ထက် သံယောဇဉ်ထားရမည့် ပြည်သူကို မြင်သည်။

ပြည်သူလူထုကို ရင်မှပေါက်ဖွား သားကဲ့သို့ ချစ်သည်။ ဒုက္ခသုက္ခဖြင့် အာသာငံ့လင့်နေသူ အများစုကို သနားသည်။ စေတနာထားသည်။ လက်ပိုက်ကြည့်မနေနိုင်။

ဒေါ်အောင်ဆန်းစုကြည် ပြည်သူလူထုကြား ဆင်းလာခဲ့၏။

နိုင်ငံရေးအခင်းအကျင်းထဲမှာ ရပ်သည်။ ဒီတုန်းက နိုင်ငံရေးအခင်းအကျင်းတွေကလည်း ရှုပ်ထွေးနေသည်။ ဘယ်ဟာအလင်း၊ ဘယ်ဟာအမှောင်၊ ဘယ်သူကအမှန်၊ ဘယ်သူက အမှားဟု ခွဲခွဲခြားခြား မသိ။ သတိကြီးစွာ ကိုင်တွယ်စမ်းသပ်နေသည့်အချိန်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ၊ ရန်သူဟူ၍ မသိနိုင်သေးသည့် ညီအစ်ကို မသိတသိ အချိန်ကလေးကို ဒေါ်အောင်ဆန်းစုကြည်သည် ဘဝနှင့်၊ အချိန်နှင့် လဲလှယ်နေခဲ့ရသည်။ ပစ်မှတ်သဘောထားကာ ထိုးနှက်လာသမျှကို ခါးစည်းခံနေခဲ့ရသည်။

ခုမှ ရှင်းရှင်းလင်းလင်း မြင်သိလာသည်။

တပ်မတော်အပေါ်၌ အမြင်စောင်းနေသည့်အချက်ကို ဆွဲထုတ်သည်။ မိမိမောင်များနှင့်မခြား ခံစားရသည်။ တပ်မတော်ဟူသော နာမဝိသေသနသည် မှန်းစရာမဟုတ်။ ပြည်သူကြားက ပေါက်ဖွားလာသည့် သားကောင်းရတနာ။

မိမိ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မွေးထုတ်ခဲ့သည့် တပ်မတော်တည်း။ မိမိ၏ မောင်ဖွားများတည်း။

ထို့ကြောင့် နောက်ထပ်တစ်ဖန် ပြန်လည်မွေးဖွား၍ မရနိုင်ပြီဖြစ်သော မောင်ကိုသာ မိမိ အရတောင်းယူရတော့မည်တည်း။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က-

"အခုအချိန်မှာ တပ်မတော်နဲ့ ပြည်သူလူထုကြားထဲမှာ စိတ်ဝမ်းကွဲနေကြပါတယ်။ ဒီစိတ်ဝမ်းကွဲမှုကြီးဟာ နောင်တိုင်းပြည်အတွက် အန္တရာယ်အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ ဗမာ့တပ်မတော်ဆိုတာ ကျွန်မအဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ပါ။





ဖေဖေပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ဆိုတာ စကားအရသာ မဟုတ်ပါဘူး။ အစစ်အမှန်ပါပဲ။ ဖေဖေကိုယ်တိုင် ခရေစေ့တွင်းကျ အောက်ခြေကနေစပြီးတော့ ဒီတပ်မတော်ကို ဘယ်လို ထူထောင်ရမယ်ဆိုတာ သူ့လက်ရေးနဲ့ရေးထားတဲ့ စာရွက်စာတမ်းတွေလည်း ရှိပါတယ်။ ဖေဖေက တပ်မတော်အတွက် ဘာရည်မှန်းချက်တွေ ရှိခဲ့သလဲ။ အဲဒီရည်မှန်းချက်တစ်ခုလောက်" ကျွန်မ ဖတ်ပြပါရစေ။

"ဒီတပ်မတော်ဟာ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက်၊ ဒီလူမျိုးတွေ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုး ဖြစ်ရမယ်။ ဒီလိုမဟုတ် တပ်မတော်က နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ အော့နှလုံးနာစရာ ဖြစ်မယ်ဆိုရင် ဒီတပ်မတော်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်တွေဟာ အလကား ဖြစ်သွားတော့မှာပဲ"

ကျွန်မ မှန်မှန်ပဲပြောပါရစေ။ ကျွန်မဟာ တပ်မတော်အပေါ်မှာ အင်မတန် သံယောဇဉ် ကြီးပါတယ်"

(မူရင်းသတ်ပုံအတိုင်း)

ဟု ပြောသည်။

ထိုစကားသည် မှန်သည်။ စိတ်ရင်းဖြူးဖြောင့် တည့်မတ်စွာ ပြောလိုက်ခြင်း ဖြစ်၏။ တပ်မတော်အပေါ်တွင် ဒေါ်အောင်ဆန်းစုကြည် ဤတစ်ကြိမ်တစ်ခါမျှသာ ပြောဆို ထုတ်ဖော်ခဲ့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရတိုင်း၊ နေရာအခါအခွင့်သင့်တိုင်း၊ အမေးအဖြေလုပ်တိုင်း တပ်မတော်အပေါ် သဘောထား မှန်မှန်ကန်ကန်ထားကြောင်းကို ပြောဆိုခဲ့သည်ကို သတိထားမိသည်။

၂၃၊ ၁၊ ၂၀၁၂ နေ့ထုတ် ဒီလှိုင်းစာစောင်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ တပ်မတော်ပါဝင်ရန် လိုအပ်ကြောင်း၊ လိုလားကြောင်းကို ဂရုစိုက်၍ အလေးအနက်ဖြေကြားထားသည်ကို တွေ့ရသည်။

ထိုစကားမှာ-

"... **တပ်မတော်မပါဘဲနဲ့တော့ ကျွန်မတို့ဟာ အောင်မြင်ပြီလို့ ပြောလို့မရသေးပါဘူး။ ကျွန်မအနေနဲ့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှုရှိမှ ဒီမိုကရေစီရေးရာ အောင်မြင်နိုင်မယ်လို့ ပြောတာဟာ လိုအပ်ချက်အရရော၊ လိုလားချက်အရပါ ပြောတာပါ။ လိုအပ်ချက်ဆိုတာက မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ တပ်မတော်က ပါဝင်ပူးပေါင်းဖို့ လိုအပ်တယ်။ ကျွန်မအနေနဲ့လည်း စစ်တပ်က ပူးပေါင်းပါဝင်လာတာကို လိုလားပါတယ်**"

ဟု ဆိုထားပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်၏ အခန်းကဏ္ဍကို အစဉ်သဖြင့် အလေးပေး အရေးထားသည်ကို ဤစကားတစ်ခွန်းဖြင့် သိသာနိုင်ပါပေသည်။

မင်းလက်ရာစာပေ



ထို့အပြင် '**လိုအပ်ချက်အရရော၊ လိုလားချက်အရပါ**'ဟု ရင်တွင်းစကားကို အမှန်အတိုင်း ဖွင့်ဟခဲ့သည်။

တိုင်းပြည်နှင့် တပ်မတော်၊ တပ်မတော်နှင့် **တိုင်း**ပြည်သည် ရေနှင့်ကြာကဲ့သို့ ခွဲခြားမရအောင် တသားတည်း ရှိနေသည်ကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းရှင်းလင်းလင်း **မြင်ထား**သည်။

အဓိပ္ပာယ် လေးနက်သောစကား ဖြစ်သည်။

ဆက်၍ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားအမှန်ကို ဆိုရာ၌ '**ကျွန်မအနေနဲ့**လည်း စစ်တပ်က ပူးပေါင်းပါဝင်လာတာကို လိုလားပါတယ်'ဟုလည်း ပွင့်လင်းစွာ လက်ကမ်း ကြိုဆိုလိုက်လေသည်။

အဆိုပါ စကားတစ်ခွန်းသည် အစွန်းနှစ်ပါးကို သတိကြီးစွာ ထားသည်ကို ဖခင်ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့သော တပ်မတော်သားများ နားလည်လိမ့်မည်ဟု ထင်ပါသည်။ နားလည်သဘောပေါက်၍ နိုင်ငံရေးအခင်းအကျင်းကို လှုပမွှမ်းမကြဲစေရန်မှာ နိုင်ငံသားတိုင်း တပ်မတော်သားတိုင်း စည်းလုံးညီညွတ်စွာ ပါဝင်ခြင်းပင် ဖြစ်သည်။

❒

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိုကရေစီဝါဒ…
ဒီမိုကရေစီစနစ်…
ဒီမိုကရေစီသဘောတရားတွေ…
ခေတ်စားနေတဲ့ ဒီကမ္ဘာကြီးမှာ
ဒီမိုကရေစီ သဘောတရား မထားနိုင်တဲ့နယ်တာ
အနေးနဲ့အမြန် အဲသည်နယ်မှာရှိတဲ့လူတွေ
နိုးကြားထကြွလာပြီး
သည်လိုကမ္ဘာကြီးရဲ့သဘောတရားတွေနဲ့၊
ဖြစ်ပျက်နေတဲ့ ခေတ်သဘောရေးတွေနဲ့
ဆန့်ကျင်ဘက်သဘောတရားတွေကို
တွန်းလှန်ပစ်ကြရမှာပဲဆိုတာ
ကျွန်တော် နှိမိတ်ဖတ်ထားချင်တယ်၊ ။"

ဗိုလ်ချုပ်အောင်ဆန်း

မင်းလက်ရာစာပေ



မင်းလက်ရာစာပေ

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း ရှုမြင်သုံးသပ်သည့် တကယ့်ဒီမိုကရေစီ

**ဒီမိုကရေစီဆိုတာ ဘာလဲ...**

ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ မေးခွန်းထုတ်ခဲ့ဖူးပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်လို့ အရင်ပြောချင်တာက အစိုးရ။ အစိုးရဆိုတာကို အရင်ပြောမှ ဒီမိုကရေစီ၏ သဘောတရား သက်ဝင်မည်လို့ ထင်သည်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က အစိုးရဆိုသည်ကို ပြတ်ပြတ်ထင်ထင် ရှင်းရှင်းလင်းလင်း မြင်ထားခဲ့ပြီး ဖြစ်သည်။ အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် အစိုးရ ဟန်ချက်ညီညီ လက်တွဲထားနိုင်ဖို့ကိုလည်း ၁၉၄၇-ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံမှာ ဤသို့ မိန့်ကြားခဲ့ပါသည်။

**"လူတွေက တင်မြှောက်တဲ့အစိုးရဆိုတာ လူတွေရဲ့ အစိုးရ ပြည်သူတွေရဲ့အစိုးရ။ ပြည်သူတွေနဲ့ အလှမ်းမဝေးဘဲ အမြဲ လက်တွဲနေတဲ့ အစိုးရဖြစ်မှသာလျှင် သဘောတရားအတိုင်း**

မင်းလက်ရာစာပေ



**ကိုက်ညီမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီသဘောတရားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ သားစဉ်မြေးဆက် ဆက်ခံသွားတဲ့ ဘုရင်စနစ်ကို မလိုချင်ဘူး"**

ဘုရင်စနစ်မျိုးလို အာဏာရှင်ပီပီ အုပ်ချုပ်ပြီး တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် လုပ်တာကို ဗိုလ်ချုပ်အောင်ဆန်း လက်သင့်မခံခဲ့။ မင်းကဲ့သို့ သားစဉ်မြေးဆက် ဗိုလ်ကျစိုးမိုးသည်မှာ တိုင်းပြည် မတိုးတက်။ နစ်မွန်းရုံမျှသာ ရှိမည်ဟု ယုံကြည်သည်။

ထို့ကြောင့် ဘုရင်စနစ်၊ ဘုရင်မျိုးအကျင့်ကို မလိုချင်ဘူးဟု အပြတ်ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒီမိုကရေစီကို စကားအဖြစ်သာ မဟုတ်။ အနှစ်သာရအဖြစ် ကျင့်သုံးဖို့ပါ မိန့်ခဲ့သည်။

ဒီမိုကရေစီဝါဒ ကျင့်သုံးရာ၌ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်စေလိုသောဆန္ဒကိုလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးလေသည်။

**"ဒီမိုကရေစီဆိုတာ ဘာလဲ။ လူလူချင်း လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေး တန်းတူ ကျပ်ပြည့်တင်းပြည့် မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး"**

အခွင့်အရေး တန်းတူရည်တူ မရှိသေးသမျှ ဒီမိုကရေစီ မဟုတ်သေးလို့ ဗိုလ်ချုပ်အောင်ဆန်းက မိန့်မှာသည်။

ထို့နောက် ဆက်လက်၍လည်း-

မင်းလက်ရာစာပေ

www.burmeseclassic.com



"အခု ဒီမိုကရေစီတွေခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့် ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး၊ သုံးမူး၊ တစ်ပဲ လောက်ပဲ ဒီမိုကရေစီဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီ တွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်းရှင်၊ အရင်းရှင်တွေ စီးပွားရေးတော်လှန်တဲ့ စနစ်အခြေခံတဲ့ ဒီမိုကရေစီတွေ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုတဲ့ ဇန်းပြပြီးထား တဲ့ အုပ်ချုပ်ရေးပဲ"

ဟု ထောက်ပြသည်။

ဒီမိုကရေစီဟူ၍ သံကောင်းဟစ်နေသော်လည်း စင်စစ်အားဖြင့် အရင်းရှင်များ၏၊ အာဏာရှင်စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီက အကာအကွယ်ပေးထားပုံကို ပုံဖော်လိုက်ခြင်းပင် ဖြစ်သည်။

နိုင်ငံရေးနှင့် စီးပွားရေးမှာလည်း ခွဲခြားလို့မရနိုင်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက ထင်သာမြင်သာရှိအောင် ထောက်၍ ပြသည်။

"နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေး သဘောတရားတွေနှင့် ကင်းလို့ မဖြစ်နိုင်ဘူး။ အရင်းရှင် ဒီမိုကရေစီသမားသက်သက် မျက်စိနဲ့ကြည့်ပြောရင်တော့ ဒါမမှန်ဘူးလို့ ပြောရမှာပဲ။ ဒါပေမဲ့ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီး ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွေကို အတွင်းကျကျ

မင်းလက်ရာစာပေ



လေ့လာရင် စီးပွားရေး သဘောတရားတွေ မူတည်ပြီး လုပ်တာကို တွေ့ရလိမ့်မယ်။ အရင်းရှင် ဒီမိုကရေစီသမားတွေ အဖို့ဆိုရင် အရင်းရှင်စနစ်သာလျှင် စီးပွားရေးစနစ်မှန် ဖြစ် တယ်။ ဒီစနစ်သာလျှင် တည်တံ့ရမယ်။ အဲဒီစနစ်ဟာ အမြဲ တည်တံ့သလိုလို ယူဆပြီး အလုပ်လုပ်ကြတယ်။ အမှန်မှာ တော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးစနစ်မှ အမြဲတမ်း တည်တံ့ တာ မရှိဘူး။ သူ့အချိန် သူ့အခြေအနေအလိုက် ဖြစ်လာ ကြတာပဲ"

"တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့စီးပွားရေးအဆင့်အတန်းကို အခွင့်အရေး တန်းတူ ရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"

ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့်ရှိလာအောင်လည်း ဘယ်လို အခြေခံမှုတွေ ချသင့်ကြောင်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက ခင်းကျင်းပြလိုက်သေး၏။

၁။ အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်း လုပ်ငန်းတွေကို အစိုးရက သိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံမျိုး ထားရမယ်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ အိုမင်းရာအရေး အစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

၃။ လယ်လုပ်တဲ့လူတွေရဲ့ လက်ထဲလည်းရောက်အောင် စီစဉ်နိုင်ရမယ်။ လယ်အမြောက်အမြားကို တသီးပုဂ္ဂလပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

၄။ လူမျိုးအသီးသီးဟာလည်း သူတို့ရထိုက်တဲ့ အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။

၅။ လူမျိုးဘာသာမရွေး၊ လိင်မရွေး၊ တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါရမယ်။

၆။ တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန် ဖြစ်တယ်။ အခု ကျွန်ဘဝမှာလို ရှေးကလည်း ရဲအဖွဲ့ အစရှိတဲ့ အခု ပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့ အဖွဲ့တွေကို တသီးတခြား တည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

၇။ တိုင်းပြည်ဥပဒေတရားရုံး စနစ်ဟာလည်း ပြည်သူတွေရဲ့ အကျိုး ရှေးရှုမယ့် ပြည်သူ့တရားရုံးစနစ်မျိုး ဖြစ်ရမယ်။ အဲဒီအချက်တွေပါမှသာလျှင် တကယ့်ဒီမိုကရေစီ အခြေခံတွေ ချရာရောက်မယ်။ အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီဆိုတာကတော့ ခုလို အရင်းရှင်၊ အလုပ်သမား၊ လယ်ရှင် အစရှိတဲ့ လူတန်းစားကွဲပြားမှုတွေ ရှိနေသမျှ ကာလပတ်လုံး မဖြစ်နိုင်သေးဘူး။





ဗိုလ်ချုပ်အောင်ဆန်းက ဤအချက်အလက်တွေ ပြည့်ပြည့်စုံစုံဖြစ်ဖို့ လိုသည်ဟု ဆိုခဲ့သည်။ သူ့လမ်းစဉ် သူ့တရားသည် တကယ့် စစ်မှန်သော ဒီမိုကရေစီအနှစ်ကို ထုတ်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍လည်း-

"အရင်းရှင် အကျိုးရှိတိုင်း အလုပ်သမား အကျိုးမရှိနိုင်ဘူး။ သူတို့အချင်းချင်း အကျိုးတွေဟာ တစ်ခါတစ်ခါ ဓေ့စပ်လို့ မရနိုင်ဘဲ တစ်ဦးအကျိုးရှိရင် တစ်ဦးထိခိုက်တဲ့ အခြေမျိုးဖြစ်လာတဲ့အခါ အစိုးရဟာ တစ်ဖက်ဖက်က ပင်းမှဖြစ်နိုင်မယ်။ အဲဒီတော့ကာ ဒီမိုကရေစီစနစ်သစ်ဆိုတာ အစိုးရက လူများစုဖြစ်တဲ့ ဆင်းရဲသားတွေဘက်က ထုံးစံအတိုင်းတော့ ပင်းမယ်ဆိုတဲ့သဘောဝဲ။

လူမျိုးအရ၊ ဘာသာအရ၊ လိင်အရ အခွင့်အရေး ခွဲခြားမှု၊ နှိမ့်ချမှုတွေကို ဥပဒေအရ ပယ်ဖျက်ပြီး ဒီလို နှိမ်နင်းတာမျိုးတွေ့ရင် ဥပဒေအရ အပြစ်ပေးတာမျိုးတောင် စီမံရမယ်။ ဒါမှ ဒီမိုကရေစီ ပီသမယ်"

ဟူ၍လည်း သတိပေး နှိုးဆော်လိုက်ပေသည်။

ထို့အပြင် ဖက်ဆစ်စနစ်ဆိုးရခြင်း၏ အကြောင်းရင်းကိုလည်း ဗိုလ်ချုပ် အောင်ဆန်းက ပွင့်လင်းညင်သာစွာ ဝေဖန်ပြသည်။

ဖက်ဆစ်စနစ်သည် မည်သို့နည်း။ "ကြမ်းသင့်လို့ကြမ်းတာကို ဖက်ဆစ်စနစ်လို့ မခေါ်ဘူး။ ကိုယ်နဲ့ စိတ်မသင့်တာလုပ်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်စနစ်လို့ ခေါ်တာမဟုတ်ဘူး။ ငွေပင်ငွေရင်းရှင် (Finance Capital) ကြီးတွေက လက်ကိုင်တုတ် လုပ်ထားတဲ့ တပည့်တွေနဲ့ တိုင်းသူပြည်သား လူအများကို အကြမ်းပတမ်း ဖိနှိပ်ပြီး အင်မတန် ကျဉ်းမြောင်း မှားယွင်းတဲ့ လူမျိုးရေးတရား လက်ကိုင်ထားတဲ့ဝါဒ ဟာ ဖက်ဆစ်ဝါဒပဲ”ဟု တိကျမှန်ကန်စွာ ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒီမိုကရေစီအခင်းအကျင်းနှင့် ပတ်သက်၍ အစွန်းနှစ်ပါးကို သေချာသုံးသပ်ကြည့်ပြီးမှ ပြည်သူ အများ နားလည်လွယ်အောင်၊ မိမိနှင့်အတူ လက်တွဲ လုပ်ကိုင်နေသူ များ သဘောသက်ရောက်လာနိုင်အောင် စိတ်ရှည်စွာ ရှင်းလင်းဖွင့်ဆို ခဲ့ခြင်း ဖြစ်လေသည်။

❐







www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကိုသာ မျက်နှာမူမည့် ဒီမိုကရေစီ

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၁-ခုနှစ်၊ နိုဝင်ဘာလ၊ ၁၃ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်ဖြင့် အကျဉ်းကျခံနေရာမှ ပြန်လည်လွတ်မြောက်လာ၏။

လွတ်မြောက်လာပြီး တစ်နှစ်ပြည့်မြောက်တွင် ပြည်တွင်းပြည်ပ မီဒီယာများကို တွေ့ဆုံခဲ့သည်။ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ (၁၄) ရက်တွင် ကျင်းပရာ၌ အပြောင်းအလဲများနှင့် ပတ်သက်၍လည်းကောင်း၊ ဒီမိုကရေစီ အခင်းအကျင်းနှင့် ပတ်သက်၍လည်းကောင်း ပြည်သူများ သိသင့်သိထိုက်သမျှကို တင်ပြဆွေးနွေး ဖြေကြားခဲ့လေသည်။

ဒီမိုကရေစီ အခန်းကဏ္ဍနှင့်ပတ်သက်သော စကားတွင် ဒီမိုကရေစီ လိုလားသူများ၏ ရည်ရွယ်ချက်ဟူသော ခေါင်းစဉ်ငယ်ဖြင့် -

မင်းလက်ရာစာပေ



"အခြား အကျဉ်းသားကိစ္စတွေ ပြောရရင် အကျဉ်းသားတွေ လွတ်လာတာ ရှိပါတယ်။ အကျဉ်းထောင်ထဲမှာ ကျန်ရှိနေသေးတဲ့ အကျဉ်းသားတွေ ရှိတယ်ဆိုတာ ကျွန်မတို့ သိပြီးသား ဖြစ်ပါတယ်။ ဒီနေ့မှာလည်း ထပ်ပြီးတော့ လွတ်မယ်ဆိုတာ ကြားရပါတယ်။ အခုချိန်ထိ တိတိကျကျ ကျွန်မတို့ မသိရသေးဘူး။ လွတ်တော့မယ်၊ လွတ်တော့မယ်ဆိုတာတော့ ကြားနေကြရပါတယ်။ ဘာပဲပြောပြော အကျဉ်းသားများ အားလုံး လွတ်မြောက်ရေးဟာ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့က ဒီမိုကရေစီ လိုလားတဲ့သူများ အားလုံးအတွက် ရည်မှန်းချက် ဖြစ်ပါတယ်"

ဟု ဖွင့်ဆိုခဲ့ပါသည်။ တစ်နှစ်အတွင်း ဘာတွေဖြစ်မြောက်ခဲ့လဲ ဟူသော မေးခွန်းခေါင်းစီးအောက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်က ဤသို့ တင်ပြလိုက်သည်။

"ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးအဖွဲ့အစည်းဆိုတော့ နိုင်ငံရေးကို ဦးစားပေးပြီး ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့ နိုင်ငံရေးနဲ့ပတ်သက်လို့ဆိုရင် စပြီး ထူထောင်စဉ်ကတည်းကိုက အကြမ်းမဖက်တဲ့ လမ်းစဉ်နဲ့ ဒီမိုကရေစီရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ဖြစ်မြောက်အောင် လုပ်မယ်ဆိုပြီးတော့ ကျွန်မတို့ မူချခဲ့တာ ဖြစ်ပါတယ်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်မီဒီယာဂရု(ပ်)မှ
တွေ့ဆုံမေးမြန်းသမျှ ဖြေကြားနေစဉ်



မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ ကျွန်မတို့ အနှစ် (၂၀)လုံး ဒီလမ်းကို လျှောက်ခဲ့တာ ဖြစ်ပါတယ်။ အခုနှစ်မှာဆိုရင် ထူးထူးခြားခြား ပြောင်းလဲမှုတွေကို ပြောရရင် ကျွန်မနဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့ တွေ့တဲ့ရလဒ်၊ ဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံမှုရလဒ်အရ အပြောင်းအလဲတွေ ရှိခဲ့ပါတယ်"

မှန်ပါသည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့၊ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် အစိုးရအဖွဲ့ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်အား အစိုးရအဖွဲ့မှ ဖိတ်ကြားချက်အရ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ထိုတွေ့ဆုံမှုရလဒ်ကို ဒေါ်အောင်ဆန်းစုကြည်က ဤသို့ မှတ်ချက်စကားဆိုရာ၌-

"ဘယ်သူနဲ့ ဘာပဲပြောပြော ကျွန်မတို့ရဲ့ရည်ရွယ်ချက်က နိုင်ငံနဲ့ တိုင်းပြည်လူသားများ အကျိုးပြုဖို့ပဲ ရည်ရွယ်ပါတယ်"

ဟူ၍ မြွက်ကြားခဲ့သည်။ ယနေ့ နိုင်ငံနှင့် တိုင်းပြည်လူထုက ဘာကို လိုလားနေသည်ကို မပြောဘဲ သိပြီးဖြစ်နေပါသည်။

ပြည်သူ့သဘောထား၊ ပြည်သူ့ဆန္ဒအရ ဆိုလျှင် ဥပဒေစိုးမိုးရေးသည် လွတ်လပ်သန့်ရှင်းသော တရားရေးမဏ္ဍိုင်ပေါ်တွင် တည်စေချင်သည်။





ထို့အတွက် ဒေါ်အောင်ဆန်းစုကြည်က-

"…ကျွန်မတို့နိုင်ငံ တိုးတက်ရေးအတွက် လူတွေဟာ လုံခြုံဖို့ဆိုရင် ဥပဒေစိုးမိုးရေး ရှိရပါမယ်။ ဥပဒေစိုးမိုးရေးက ဘယ်အပေါ်မှာ မူတည်လဲဆိုတော့ လွတ်လပ်တဲ့ တရားရေးမဏ္ဍိုင် ဖြစ်ရမယ်။ တရားရေးမဏ္ဍိုင်က လွတ်လပ်ရမယ်။ သန့်ရှင်းရမယ်။ ဒီလိုသန့်ရှင်းတဲ့ လွတ်လပ်တဲ့ တရားရေးမဏ္ဍိုင် မရှိလို့ကတော့ ကျွန်မတို့နိုင်ငံမှာ စိုးမိုးရေးဆိုတာ မရှိနိုင်ပါဘူး။ ဒါဟာ နိုင်ငံတစ်နိုင်ငံအတွက် အင်မတန်မှ အရေးကြီးတဲ့ကိစ္စလို့ ကျွန်မမြင်ပါတယ်။ ဒီဟာက ဒီမိုကရေစီအတွက် မရှိမဖြစ် ရှိရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီမိုကရေစီ အဆောက်အအုံတွေ ခိုင်မာဖို့ဆိုတာ လွတ်လပ်ပြီး သန့်ရှင်းတဲ့ တရားရေးမဏ္ဍိုင်က အဓိကဖြစ်ပါတယ်။ အဲဒါအတွက် ကျွန်မတို့က ဆက်ပြီးတော့ ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်"

ဟု ပြောပြသည်။

မှန်သည်။ တိုင်းပြည်တစ်ပြည်တွင် တရားဥပဒေ မခိုင်မာသောင့်တင်းပါက ဒီမိုကရေစီသည် ပြည့်ဝသော ဒီမိုကရေစီဟူ၍ ဆိုနိုင်သေးပါ။ အုပ်ချုပ်သူ လူတန်းစားက မိမိတို့ ခြယ်လှယ်ချင်သမျှ ခြယ်လှယ်ဖိနှိပ်သမျှ ဖိနှိပ်ချုပ်ချယ်ခြင်းသည် ဥပဒေစိုးမိုးရေး၌ အားနည်းနေခြင်းကြောင့် ဖြစ်ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီတည်တန့်ရေးအတွက် အားလုံးမှာ တာဝန်ရှိသည်။ ပြည်သူအားလုံး ဝိုင်းဝန်းကြိုးစားရမည်ဟုလည်း ဒေါ်အောင်ဆန်း စုကြည်က ထောင်းဆိုလိုက်သည်။

"အရင်နှစ်က ဒီလိုနေ့မှာ ကျွန်မ ပြည်သူနဲ့ စကားပြောတဲ့အခါ ကျွန်မတို့ ဒီမိုကရေစီကွန်ရက်တစ်ခု ဖွဲ့စည်းဖို့ ရည်ရွယ်ချက်ရှိတဲ့အကြောင်း ပြောပါတယ်။ ဒီကွန်ရက်ကလည်း ကျွန်မတို့ အားရလောက်အောင်ကို ကျယ်ပြန့်တယ်လို့ ကျွန်မ ပြောချင်ပါတယ်။ ပညာရေးဘက်မှာဆိုလို့ရှိရင် အောင်အောင်မြင်မြင် ဖြစ်ပါတယ်"

"တခြားကျန်းမာရေး၊ လူမှုရေး စာနာတဲ့အထောက်အထားတွေမှာ အောင်အောင်မြင်မြင် ရှိပါတယ်။ ဥပဒေနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ရှေ့နေကွန်ရက်ကို ကျွန်မတို့ ဖွဲ့နိုင်ခဲ့ပါတယ်။ ဒါဟာ လုံလောက်တဲ့ ဥပဒေစိုးမိုးရေးကို အထောက်အကူ ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုကျေနပ်မှုတွေ ရှိနေပေမယ့် လုံလောက်သလားဆိုရင် လုံလောက်တယ်။ ကျေနပ်လောက်တယ် ဆိုတဲ့စကားလုံးကို မသုံးချင်ပါဘူး။ ဘာဖြစ်လို့လဲဆို လုံလောက်ပြီး ကျေနပ်လောက်တယ်ဆိုတဲ့စကား ထပ်ပြီးတော့ လုပ်စရာမလိုတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ရနေပါတယ်။ ကျွန်မတို့ ထပ်ပြီးလုပ်စရာတွေ အများကြီးရှိပါသေးတယ်။ ကျွန်မတို့ဟာ ထုံကြည်ချက်အပေါ်မှာ အခြေခံ





ပြီးတော့ စွန့်စားသင့်တဲ့အချိန်မှာ စွန့်စားရပါမယ်။ အဲသလိုလုပ်မှသာလျှင် ကျွန်မတို့လိုချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ပွင့်သွားမှာပါ။ ဒီတော့ မပွင့်သေးဘူးလားလို့ တချို့က မေးတယ်။ ဒီလို ကျွန်မပြောခြင်းအားဖြင့် ဒီမိုကရေစီလမ်းကြီးဟာ မပွင့်သေးဘူးလားလို့ ပြောတာလားဆိုရင် ဒီလမ်းဟာ ပွင့်ပြီလို့ အားလုံးက လက်ခံနိုင်တဲ့အခြေအနေ မရောက်သေးပါဘူးလို့ ကျွန်မ ပြောပါရစေ။ ဒီအခြေအနေရောက်ဖို့က အားလုံးဝိုင်းပြီးတော့ ကြိုးစားရမှာ ဖြစ်ပါတယ်"

ဒေါ်အောင်ဆန်းစုကြည်က ပြည်သူအားလိုကြောင်း၊ ပြည်သူများက ဝိုင်းဝန်းထောက်ခံရမည်ဖြစ်ကြောင်း၊ လူထုက တွန်းအားပေးမှ ရွေ့မည်ဖြစ်ကြောင်း တပ်လှန့်လိုက်ခြင်း ဖြစ်သည်။

ပြည်သူတွေ မပါဝင်တဲ့နိုင်ငံရေးဟာ ဒီမိုကရေစီနိုင်ငံရေး မဟုတ်ဘူး ဟုလည်း ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။ ကော့မှူး ဒုတိယခရီးစဉ်မှာပါ။

ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က-

"ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရပ်တည်ချက်တွေက ဘာတွေလဲဆိုတာကို ပြည်သူတွေကို ရှင်းပြဖို့ တာဝန်ရှိပါတယ်။ ကျွန်မတို့က ပြည်သူတွေရဲ့ ထောက်ခံမှုကို တောင်းမယ်၊ တောင်းတဲ့အခါ ဘာကြောင့် တောင်းတယ်ဆိုတာ ပြည်သူတွေ နားလည်အောင်လို့ ရှင်းအောင်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့က တင်ပြရမှာ တာဝန် တစ်ခုပါပဲ။ ကျွန်မ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တာဆို အခု နှစ်၂၀ကျော် ပါပြီ။ စပြီးတော့ ထူထောင်ကတည်းက ဒီမိုကရေစီ ရရှိရေး အတွက် ပြည်သူလူထုတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေး ဖို့ဆိုပြီး ထူထောင်ခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။ အဲဒီလိုထူထောင်တဲ့ နေရာမှာ အကြမ်းမဖက်တဲ့နည်းနဲ့ ကျွန်မတို့ ပန်းတိုင်ကို ရောက်အောင် သွားမယ်ဆိုပြီးတော့ ကျွန်မတို့က အဲဒီအမှုကို ဆုပ်ကိုင်ခဲ့ပါတယ်။ အကြမ်းမဖက်တဲ့နည်းနဲ့ သွားမယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်က ကျွန်မတို့ နိုင်ငံကို မထိခိုက်မဲ့နည်း တွေနဲ့ နိုင်ငံရေးနည်းတွေ သုံးပြီးတော့ ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်အောင်သွားမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကျွန်မတို့ လိုချင်တဲ့ပန်းတိုင်ဆိုတာ တကယ်တော့ ပြည်သူတွေ လိုချင်တဲ့ ပန်းတိုင်ပဲလို့ ကျွန်မ ယုံကြည်ပါတယ်''

ဟူ၍ ဆိုသည်။ ယနေ့ ပြည်သူလူထုကြီးတစ်ရပ်လုံး လှည်းနေ လှေအောင်း မြင်းစောင်းမကျန် လိုချင်သည့်ဆန္ဒမှာ စစ်မှန်သော ဒီမိုကရေစီပန်းတိုင် မဟုတ်ပါလော။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်၍ ပြည်သူ အားလုံး မျှော်မှန်းတောင်းတနေသည့် ပြည်သူ့ပန်းတိုင်ကို ဆွေးနွေး ဟောပြောရာ၌-





''ကျွန်မတို့ရဲ့ရည်ရွယ်ချက်တွေဟာ ပြည်သူတွေနဲ့ နိုင်ငံကို တိုးတက်စေချင်တယ်။ ဒါပေမဲ့ ကျွန်မတို့ ယုံကြည်တဲ့စနစ်ဟာ ဒီမိုကရေစီစနစ်ပဲ။ ဒီမိုကရေစီဆိုတဲ့ အဓိပ္ပာယ်ကို တိုတိုပြော ရရင် ပြည်သူ့ရဲ့အင်အား၊ ပြည်သူ့ရဲ့သြဇာပေါ့။ ဒီတော့ ကျွန်မ တို့ အလုပ်တွေ အောင်မြင်ဖို့အဓိကက ပြည်သူမပါလို့ ပြောလို့ရှိရင် ဒါ ကျွန်မတို့ချည်းပဲ လုပ်ပေးနိုင်တာ မဟုတ်ဘူး။ ကျွန်မတို့ချည်းပဲ လုပ်ပေးနိုင်တယ်လို့ ပြောလို့ရှိရင် ဒါ ကျွန်မ တို့ဟာ အာဏာရှင်ဆန်သွားပါလိမ့်မယ်။ ဘာမဆို ကျွန်မတို့က ဆုံးဖြတ်မယ်။ ကျွန်မတို့က လုပ်မယ်။ ကျွန်မတို့ပဲ လုပ်ပေးမယ် ဆိုတာဟာ အာဏာရှင်ဆန်ပါတယ်။ ကျွန်မတို့က ရိုးရိုးပဲ ပြောပါရစေ။ ကျွန်မတို့ချည်းပဲ လုပ်လို့မဖြစ်ဘူး။ ပြည်သူ တွေက ပါရမယ်''

ဒီမိုကရေစီ၏အနှစ်သာရကို ဒေါ်အောင်ဆန်းစုကြည်က အနှစ်တိ ခွဲဝေပြလိုက်သည်။ ပြည်သူမပါဘဲ၊ ပြည်သူက မကြိုက်ဘဲ၊ ပြည်သူက မထောက်ခံဘဲ လုပ်သမျှသည် အာဏာရှင်တို့၏ လုပ်ရပ် များ ဖြစ်သည်။

ထို့အတွက် ပြည်သူကထောက်ခံမှ ဒီမိုကရေစီ စစ်သည်၊ ခိုင်မာသည်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့်-

''ပြည်သူမပါတဲ့ နိုင်ငံရေးဟာ တကယ်တော့ ဒီမိုကရေစီ နိုင်ငံရေး မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ပြည်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်တဲ့ နိုင်ငံရေး၊ ပြည်သူတွေ ပတ်သက်တဲ့နိုင်ငံရေးမျိုးကိုပဲ ကျွန်မတို့ ဦးတည်ပါတယ်"

ဟူ၍ပင် ဦးတည်ချက်ကိုပါ ထည့်သွင်းမိန့်ကြားလိုက်ပေသည်။ ပြည်သူတွေမပါသော နိုင်ငံရေးသည် စစ်မှန်သော ဒီမိုကရေစီမဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာ မီးမောင်းထိုးပြလိုက်လေ၏။

စင်စစ်သော် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလအတွင်း ဒီမိုကရေစီတာဝန်၊ လူ့အခွင့်အရေးတာဝန်၊ စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးတာဝန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတာဝန် စသည့်နိုင်ငံရေးတာဝန်များကို ထက်မြက်ထိရောက်စွာ ဆောင်ရွက်ခဲ့ပေသည်။

သို့ရာတွင် နိုင်ငံတော်၌ ဒီမိုကရေစီ အပြည့်အဝမရရှိသမျှ ကာလပတ်လုံးတွင် ကျန်တာဝန်များသည် အဘယ်မျှ ထက်မြက်စူးရှအောင် ဆောင်ရွက်သော်ငြားလည်း မထိရောက်နိုင်ကြောင်းကို ထင်ဟပ်လျက်ရှိသည်။

ဒီမိုကရေစီသာလျှင် အခြေခံအုတ်မြစ် ဖြစ်သည့်အတွက် ဒီမိုကရေစီရှိမှ ကျန်ကဏ္ဍများကို ချောမောစွာ လုပ်ဆောင်သွားနိုင်မည် ဖြစ်ကြောင်းကို ထပ်ခါထပ်ခါ တင်ပြနေရခြင်း ဖြစ်လေသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်ကပင် ဒီမိုကရေစီပန်းတိုင် ရောက်အောင် ဆက်လျှောက်မည်ဆိုလျှင် ဒီမိုကရေစီစိတ်ဓာတ်





ပြည့်စုံဖို့ လိုအပ်ကြောင်းကိုလည်း ဖြည့်စွက်ထားသည်။ ၁၅၊ ၉၊ ၂၀၁၁ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ဤသို့ မိန့်ကြားခဲ့ဖူး၏။

"ဒီမိုကရေစီတော်လှန်ရေးဟာ စိတ်ဓာတ်တော်လှန်ရေး ပါပဲ။ စိတ်က လုပ်နိုင်မှ ဒီမိုကရေစီရတာ ဒီမိုကရေစီမှာ မေတ္တာထည့်နိုင်ရင် တခြားနိုင်ငံတွေထက် သာလိမ့်မယ်"

၁၈၊ ၁၁၊ ၂၀၁၁ ရက်နေ့ကလည်း NLD ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင်လည်း ရှေ့တွေ့ကြုံရမည့် အခက်အခဲများကို ခါးစည်းရင်ဆိုင်နိုင်ဖို့ ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

ထိုစကားမှာ-

"အခက်အခဲတွေ အများကြီးရှိမယ်။ ဒါ ကျွန်မ လွယ်တဲ့ လမ်းလို့ မပြောခဲ့ပါဘူး။ ဒီလမ်းလည်း ဒီလမ်းကြီးက မလွယ်ခဲ့ပါဘူး။ တကယ်တော့ ဒီမိုကရေစီဆိုတာ အဆုံးမရှိတဲ့ လမ်းပါ။ ဒီမိုကရေစီအစိုးရ တက်ပြီးရင်တောင်မှ တည်တံ့ခိုင်မြဲဖို့ လုပ်ရမှာတွေ အများကြီးပါ။ ယခုကြည့်လိုက်မယ်ဆိုရင် ကမ္ဘာကြီးမှာ အင်မတန် ဝါရင့်နေပြီဖြစ်တဲ့ နိုင်ငံတွေတောင်မှ ထပ်တလဲလဲ ပြဿနာတွေ ပေါ်တယ်။ ထပ်တလဲလဲ ယခုလက်ရှိခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ ဒီမိုကရေစီမူတွေကို ဘယ်လို ညှိရမလဲဆိုတာတွေကို အမြဲကြုံတွေ့နေတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ထပ်တလဲလဲ ဆက်ပြီးတော့ ကြိုးစားသွားရမယ့် အင်မတန်မှ ခက်ခဲတဲ့ လမ်းရှည်ကြီးကို လျှောက်ရမယ့်အခါမှာ ရဲဘော်ရဲဘက်စိတ် အပြည့်အဝနဲ့ သစ္စာစောင့်သိပြီးတော့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုသာ မျက်နှာမူပြီး လုပ်သွားကြဖို့ မေတ္တာရပ်ခံပြီး နိဂုံးချုပ်ပါတယ်"

ဟု မိန့်ကြားခဲ့ပါသည်။

ဒီမိုကရေစီစိတ်ဓာတ် အပြည့်အဝဖြင့် အဆိုပါ ခရီးရှည်ကြီးကို ဆက်လက်လျှောက်လှမ်းဖို့အတွက်လည်း ဒေါ်အောင်ဆန်းစုကြည်က ပြည်သူတစ်ရပ်လုံးကို မေတ္တာရှေ့ထား နှိုးဆော်ခဲ့ပါသေးသည်။

ယင်းနှိုးဆော်ချက်မှာ ဤသို့တည်း။

"အားလုံးဟာ နံပါတ်တစ်ကတော့ မှန်ကန်တဲ့စိတ်ဓာတ်တွေကို တောင့်ထားပါ။ မမှန်ကန်တဲ့စိတ်ဓာတ်တွေကိုတော့ ဖယ်ရှားလိုက်ပါ။ မှန်ကန်တဲ့စိတ်ဓာတ်တွေနဲ့ ရှေ့ကိုဆက်ပြီး သွားရမယ်"

□







www.burmeseclassic.com

www.burmeseclassic.com

## ညီညွတ်ရေးနှင့်ပတ်သက်၍ ကိုယ်တွင်းသံလိုက်ကောင်းသည့် ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀ ရက်နေ့က ဖဆပလအဖွဲ့ချုပ်ညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားခဲ့ပါသည်။ ထိုကဲ့သော မိန့်ခွန်းတွင်မှာ မစ္စတာအက်တလီ ပြောသောစကားကို ပြန်ကြားသည့် စကားလည်း ဖြစ်သည်ဟု သိရသည်။

ထိုစကားထဲ၌ ဗိုလ်ချုပ်အောင်ဆန်းက အချက်အလက်များကို အပိုင်းလိုက်ခွဲ၍ ပြောကြားသည်။ ခေါင်းစဉ်ငယ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းက သူလိုလားချက်ကိုပါ ထည့်သွင်းမိန့်ကြားထားသည်ကို တွေ့ရပါ၏။ ထိုခေါင်းစဉ်မှာ တစ်သံတည်းသော လိုလားချက်ဟူ၍ ဖြစ်ပါသည်။

မြန်မာပြည်၏ လိုလားချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသောစကားမှာ–

မင်းလက်ရာစာပေ



"ကျွန်ုပ်တို့၏ နိုင်ငံအတွင်း၌ သဘောကွဲလွဲမှုများသည် မည်ရွေ့မည်မျှပင် ရှိစေကာမူ ထိုသဘောကွဲလွဲချက်မှာ မပြောပလောက်ရုံသာမက ကျွန်ုပ်တို့၏ တစ်သံတည်းသော တောင်းဆိုချက်မှာ အနှောင်အဖွဲ့မှ လုံးဝ လွတ်ကင်းသည့် အချုပ်အခြာအာဏာပိုင် အခွင့်အရေးပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအခွင့်အရေးများကို အမြန်ဆုံး ရယူလိုသည်မက အခွင့်အရေးများ ရရှိရေးအတွက် ချက်ချင်းပြင်ဆင်မှုများ ပြုလုပ်ရန် လိုလားကြောင်း၊ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်သော မြန်မာပြည်ကြီး ပြန်လည်ထူထောင်လိုကြောင်းနှင့် ကျွန်ုပ်တို့ သိရသမျှဆိုလျှင် ကျွန်ုပ်တို့ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ အားလုံးကို လွတ်လပ်ရေးပေးပြီး အပြင်အပ နိုင်ငံများ၏ ပယောဂမပါဘဲ တိုင်းရင်းသား အချင်းချင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးမည်ဆိုပါက စည်းလုံးညီညွတ်သော နိုင်ငံကြီးအဖြစ် တည်ထောင်ရန် အခက်အခဲများ ရှိလိမ့်မည် မဟုတ်ကြောင်း…"

ဟူ၍ ထည့်သွင်းထားပေသည်။

မှန်ပါသည်။ စစ်မှန်သော ညီညွတ်ရေး၊ စည်းရုံးရေး ရှိဖို့ဆိုလျှင် တိုင်းရင်းသားအချင်းချင်း တွေ့ဆုံခွင့်၊ ဖြေရှင်းခွင့်ပေးမှသာ သံသယကင်းမည် ဖြစ်သည်။

ညီညွတ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြိုးပမ်းချက်သည် တကယ့် စံနမူနာ ဖြစ်ပေသည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက်ရာ၌ ရိုးသားမှု၊ ပွင့်လင်းမှု၊ မာန်မာနမရှိမှု၊ စိတ်စေတနာကောင်းမှု၊ တိုင်းချစ်ပြည်ချစ်ရှိမှု၊ ကိုယ်ကျိုးမဖက်မှု၊ ရဲဘော်ရဲဘက် စိတ်ဓာတ်ထားရှိမှု၊ ဖွဲ့လုံ့လ အပြည့်ထားရှိမှုတို့ကို အရင်းခံထားလျက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် တိုင်းရင်းသား ပြည်သူအားလုံးအတွက် လုံးဝ လွတ်လပ်ရေးကို ယူဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သူမတူအောင် စွမ်းဆောင်နိုင်မှုများကို လေ့လာလျှင် သိရှိနိုင်ပါသည်။ ဦးနုရေးသော ငါးနှစ်ရာသီ ဗမာပြည် စာအုပ်ပါ စာမျက်နှာ (၁၈၆)တွင် 'ကရင်ဗမာချစ်ကြည်ရေး'ဟူသော ခေါင်းစဉ်၌-

"ကရင်ဗမာ ချစ်ကြည်ရေးသည် ဂျပန်တော်လှန်ရေး လုပ်ငန်းတွင် အဓိကလုပ်ငန်း ဖြစ်သည်။

ထိုကိစ္စအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့လည်း အထူးကြိုးစားလျက် ရှိကြသည်။

အင်္ဂလိပ်ထွက်ခါစ ဗမာအုပ်ချုပ်ရေးလည်း မရောက်သေးမီ စပ်ကူးမတ်ကူးအတွင်း ဖြစ်ပေါ်ခဲ့သည့် ... ဖြစ်ဝကျွန်းပေါ်ရှိ ခါတော်မီသခင်အချို့တို့၏ ရမ်းကားမှုကြောင့် ကရင်များသည် သခင်ဆိုလျှင် အားလုံး လူဆိုးချည်းပဲ ဖြစ်ရမည်ဟု ဝါးလုံးရှည်ကြီးနှင့် သိမ်း၍ ရမ်းထားသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့၏ ကရင်ဗမာချစ်ကြည်ရေးလုပ်ငန်းမှာ ထင်သလောက် မလွယ်ကူလှပေ။





ကရင်ဗမာ ချစ်ကြည်ရေးကို စတင်ဆောင်ရွက်ရန် အခွင့်အလမ်းကို စစ်အုပ်ချုပ်ရေးအတွင်းက စ၍ ရကြသည်။ ရပုံမှာ ဤသို့တည်း။

ဗမာအစိုးရက ဒေါက်တာစံစီဖိုး၊ စောဘဦးကြီး၊ မန်းရွှေထွန်းကြာ၊ မန်းဘခင်၊ ဒေါက်တာဖိုးဒီလုံး၊ ဒေါက်တာခွေး အစရှိသော ကရင်ခေါင်းဆောင်တစ်စုကို ရန်ကုန်သို့ ဖိတ်ကြားလိုက်သည်။

ဤအခွင့်အလမ်းမျိုးကို စောင့်နေသော သခင်သန်းထွန်းသည် ဤကိစ္စမျိုးတွင် လက်မနှေးပေ။ သူ၏ စီမံချက်အရ ကရင်ခေါင်းဆောင်များကို တို့ဗမာ ဆင်းရဲသား အစည်းအရုံးက လက်ဖက်ရည်ပွဲတစ်ခုနှင့် ဧည့်ခံလေသည်။

ထိုလက်ဖက်ရည်ပွဲတွင် သခင်သန်းထွန်း အစရှိသော သခင်ခေါင်းဆောင်များက-

ခါတော်မီသခင်များ၏ ရမ်းကားမှုအတွက် အထူးကြေကွဲဝမ်းနည်းကြောင်း၊

ဤသို့ ဖြစ်ရသည်မှာလည်း ထိုအခါက သူတို့ခေါင်းဆောင်များသည် ထောင်ထဲတွင်ရှိ၍ အုပ်ထိန်းလမ်းညွှန်မည့်သူ မရှိသောကြောင့် ဖြစ်ရကြောင်း၊

ဗမာနိုင်ငံကြီး၌ ယခုလို သေရေးရှင်ရေး ပြဿနာကြီး ပေါ်ပေါက်နေသည့်အခါမျိုးတွင် ညီညွတ်ရေးသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်စရာရှိတော့သဖြင့် ကရင်ဗမာ ညီညွတ်ရေး ရရန်အတွက် ဘာမဆိုလုပ်ရန် အသင့်ရှိကြောင်း၊

အစရှိသော စကားများကို ဘွင်းဘွင်းကြီး စေတနာရိုးဖြင့် ထုတ်ဖော်ပြောကြရာ ကရင်ခေါင်းဆောင်များ၏စိတ်ကို ထိခိုက်သွားပုံရလေသည်။

သူတို့မြင်နေကျ၊ ကြားနေကျ သခင်များမှာ ဘီလူးထွက်ချည်း ထွက်နေရာ ဗဟိုမှ သခင်များကိုလည်း ဤသို့နှင်နှင်ဖြစ်တန်ကောင်းသည်ဟု သူတို့မျှော်လင့်လာကြသည်။

သို့ရာတွင် အထက်ပါအတိုင်း ရင်းရင်းနှီးနှီး တွေ့ကြသောအခါ သူတို့လည်း များစွာ အံ့အားသင့်လျက် ရှိကြသည်။

သူတို့ကလဲ့သို့ ရောက်သောအခါ ဤသို့ အံ့အားသင့်ကြောင်းကိုလည်း တိတိလင်းလင်း ထုတ်ဖော်ပြောကြသည်။

ဒေါက်တာဆိုးဒီလုံးဆိုသူ ကရင်ခေါင်းဆောင်ကြီးကမူကား မြစ်ဝကျွန်းပေါ်တွင် ကရင်ဗမာ ဖြစ်ကြရသည်မှာ ဗမာတွေဆိုး၍မဟုတ်ဘဲ ဂျပန်တွေက အတင်းအကျပ် နိုင်း၍သာ ဖြစ်ရသည်ဟု ဗမာကို အပြစ်လွှတ်ပြီး ဂျပန်ကို အတိအလင်း စွပ်စွဲချေသေးသည်။

ထိုနေ့မှစ၍ ကရင်ဗမာ ချစ်ကြည်ရေးလုပ်ငန်းကို ဆက်၍ဆောင်ရွက်ရန် လမ်းစပွင့်သွားလေသည်။ အရေးပါအရာ





ရောက်သော ကရင်လူငယ်များနှင့်လည်း ထမင်းပွဲများ၊ လက်ဖက်ရည်ပွဲများ မကြာခဏ ပြုလုပ်၍ ရင်းရင်းနှီးနှီး ပေါင်းကြသည်။

ဤ ကရင်ဗမာချစ်ကြည်ရေးကိစ္စအတွက် ခေါင်းဆောင်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ ရှိသည့်အနက် ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်တွင်းသံလိုက် အလွန်ကောင်းသောသူ ဖြစ်သည်။

(မှုရင်းသတ်ပုံအတိုင်း)

သခင်နု (သို့မဟုတ်) ဝန်ကြီးချုပ် ဦးနုကပင် ဗိုလ်ချုပ်အောင်ဆန်း၏ ညီညွတ်ရေးဆောင်ရွက်ရာ၌ ဤရွေ့ဤမျှ အစွမ်းထက်ကြောင်းကို အသိအမှတ်ပြုခဲ့ရဖူးသည်။ တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတွင် ကိုယ်တွင်းသံလိုက်ဓာတ် အားကောင်းသည်ဟူ၍ တင်စားခဲ့ရပေသည်။

ထိုသံလိုက်ဓာတ်ကိုပင် ဦးနု (သို့မဟုတ်) ကိုကြီးနု ကိုယ်တိုင်မရှောင်လွှဲနိုင်အောင် မိတွယ်ခဲ့ဖူးပါသည်။ လွတ်လပ်ရေးရရှိရန် အလို့ငှာ လက်တွဲတိုက်ပွဲဝင်နေစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုကြီးနုတို့သည် တစ်ယောက်နှင့်တစ်ယောက် စိတ်ကောက် စကားမပြောဘဲ နေနေကြသည်။

ဤသို့ စကားမပြော စိတ်ကောက်နေကြသည်မှာလည်း နိုင်ငံရေး လှုပ်ရှားမှုတွင် အမြင်မတူ၊ အတွေးမတူ၊ အယူအဆ မတူညီ



www.burmeseclassic.com

www.burmeseclassic.com



ကြသောကြောင့် သဘောထား ကွဲရုံမျှ ဖြစ်သည်။ ထိုအဆင်မပြေမှု ကလေးသည် မပြေပလောက်သော ကိစ္စမျှသာ ဖြစ်သည် ထင်သည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် မခေါ်နိုင်၊ စကားမပြောနိုင်အဆင့်ကို ကျော်လွှားသွားဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် ချောင်းနေ၏။ ထိုစဉ်က ကိုကြီးနုတို့သည် အလွန်ဆင်းရဲ၏။ ထို့ပြင် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွေးမွေးစောင့်ရှောက်နေကြရသေးသည်။ ရခိုင်ပြည်နယ် တော်လှန်ရေးခေါင်းဆောင် ဦးညိုထွန်း၊ ဦးညာဏ၊ ကိုမျိုးမင်း၊ မောင်ထင် (ဦးထင်ဖတ်)၊ သခင်ဗဟိန်း စသော ရဲဘော်များကိုပါ ကျွေးမွေးစောင့်ရှောက်ထားရသည်။

ကိုကြီးနု၏ဇနီး ဒေါ်မြရီမှာလည်း လွန်စွာသဘောပြည့်ဝသည်။ ရဲဘော်များ စားသောက်ရေးကို တာဝန်ယူထားရ၏။ မီးဖိုထဲက ထွက်ရသည် မရှိ။

ချက်ပြီး ခူးခပ်ကျွေးရသေးသည်။ မလာလျှင်၊ မသိသေးလျှင် တကြော်ကြော် ခေါ်၍ ကျွေးမွေးရသည်။ ထိုသို့သော စားစရိတ်များ ထောင်းနေသဖြင့် အပိုပစ္စည်းကို အာရုံမရောက်နိုင်ပေ။

ကိုကြီးနု၏ စွပ်ကျယ်အင်္ကျီမှာ အပေါက်အပေါက်တွေ မွနေသည်။ အမျိုးသမီးများဝတ်သည့် ဇာဘော်လီအင်္ကျီ တတ်ကင်းထိုး ဇာပေါက်လို ဖြစ်နေသည်။

ထို့အကွက်ကို ဗိုလ်ချုပ်အောင်ဆန်း မြင်သည်။ သခင်ဗဟိန်း





အား စွပ်ကျယ်အင်္ကျီ ဝယ်၍ ပေးလိုက်၏။ အပြဲအစုတ် စွပ်ကျယ်နှင့် လဲဝတ်ရန် ဖြစ်သည်။ ဒေါ်မြရီသည် တံယောတံဆိပ် စွပ်ကျယ် အင်္ကျီထုတ်ကို ကြည့်ပြီး ဘယ်ကရလာတာလဲဟု **မေးသည်။**

သခင်ဗဟိန်းက ဗိုလ်ချုပ်အောင်ဆန်း ဝယ်**ပေးလိုက်တာ**ဖြစ်ကြောင်း၊ ကိုကြီးနုက သူ့ကို စကားမပြောဘဲ စိတ်ကောက်နေတဲ့အတွက်ကြောင့် ဗိုလ်ချုပ်က ချော့တာဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ထိုညမှာပင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုကြီးနုအိမ်သို့ ရောက်လာသည်။ အမြင်မှား၊ အထင်မှား၊ အငြင်းပွားနေကြသည်များကို ကျေအေးသွားလျက် နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆွေးနွေးချမှတ်နိုင်ခဲ့ပေသည်။ သခင်မြ၊ ဗိုလ်လက်ျာတို့နှင့်အတူ ဆွေးနွေးပွဲတွင် ကိုကြီးနုကိုယ်တိုင် ပါဝင်နိုင်ခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တွင်းသံလိုက်ပင် မဟုတ်ပါလား။

ထို့ကြောင့်ပင် ထင်သ**ည်။ ဗိုလ်ချုပ်အောင်ဆန်းနှ**င့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ လုပ်ကြံခံရပြီးနောက် **ကိုကြီး**နုသည် တိုင်းပြည်၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ ဝန်ကြီး**ချုပ်** ဦးနုသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ညမှာ အသံလွှင့် ပြောကြားခဲ့သည်။

"ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နဲ့ ရဲဘော်ကြီးများဖြစ်ကြတဲ့ သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား၊ ဆရာကြီး ဦးရာဇတ်၊ ဦးဘဝင်းတို့ဟာ ရန်သူ့ရဲ့လက်ချက်နဲ့ ကျဆုံးခဲ့ကြရပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်က သိပြီးပါပြီ။ ကျွန်တော်လည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး တိုင်းပြည်ကို အသံလွှင့်ဖို့သင့်တာ အတော်ကြာသွားခဲ့ပါပြီ။ ဒါပေမယ့် စိတ်မကောင်းတာနဲ့ စကားအရှည်ကြီး မပြောချင်လို့ ယခုလို အချိန်ကြာသွားခဲ့ရတာ ဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဟာ အကြိတ်အနယ်ဖြစ်နေချိန်မှာ တိုင်းပြည်ရဲ့လက်ရုံးကြီးတွေ ကျဆုံးသွားရတာကို လွတ်လပ်ရေးရယူချင်တဲ့သူတွေကတော့ အတိုင်းမသိ နှမြောတာသာ ယူကျုံးမရဖြစ်စေမှာ အမှန်ပါပဲ။

ဗိုလ်ချုပ်အကြောင်းကို တိုင်းပြည်က ကောင်းကောင်းသိပါတယ်။ ကျွန်တော် ပြောစရာမလိုတော့ပါ။ ဒါပေမဲ့ နည်းနည်းတော့ ပြောချင်ပါတယ်။ ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့စေတနာ၊ တည်ကြည်တဲ့သမာဓိတွေကို အားကိုးနဲ့ ကျွန်တော်တို့တစ်သက်မှာ မကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံး ထူးထူးကဲကဲ စည်းလုံးညီညွတ်ခဲ့ပါတယ်”

ကိုကြီးနု (သို့မဟုတ်) ဦးနုကိုယ်တိုင်က ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ လေးနက်စွာ အသိအမှတ် ပြုခဲ့ရသည်။ ထူးထူးကဲကဲ စည်းလုံးညွတ်ညွတ်ခဲ့ရပါသည်ဟူသော စကားကို ထည့်သွင်းခဲ့ရသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားသောစွမ်းရည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ လုပ်ဖော်

မင်းလက်ရာစာပေ



ကိုင်ဖက် ရဲဘော်များသာမက အခြားအခြားသော ပုဂ္ဂိုလ်ကြီးငယ်များကပါ လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ယုံကြည်ခြင်း ရှိခဲ့ကြရပေသည်။ အများ၏ ယုံကြည်လေးစားချစ်ခင်ကိုလည်း အရယူ၍ တိုင်းရင်းသားအားလုံးကိုလည်း စည်းလုံးညီညွတ်လာအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကို အရည်အသွေးပင်တည်း။

❐

www.burmeseclassic.com

www.burmeseclassic.com



မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်နှင့် သမီး အောင်ဆန်းစုကြည်



ကော့မှူးမြို့နယ်သို့ စည်းရုံးရေးသွားစဉ်က
သံဃာတော်အရှင်မြတ်များအား လှူဖွယ်ဝတ္ထုများ
ဆက်ကပ်နေသည့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံရေးမှာ ဆိုလို့ရှိရင်
ဘယ်သူကတော့ဖြင့် မဲမရထိုက်ဘူး။
ဘယ်သူကတော့ဖြင့် မဲရထိုက်တယ် စသည်ဖြင့်
နိုင်ငံရေးညှဉ်းပန်းမှုတွေ၊ ချုပ်ချယ်မှုတွေ မရှိစေရဘူး။
နောက်ပြီးတော့ ဘယ်သူတာ ဘယ်လိုရာထူးမျိုးကို
မရစေရဘူး။ ဘယ်သူကသာလျှင် ရရမယ်ဆိုတဲ့
အဲဒီလိုချုပ်ချယ်မှုတွေဟာ
နိုင်ငံရေးတရားမျှတမှုကို ထိခိုက်တယ်၊
အဲဒီတော့ နိုင်ငံရေးမှာ
နိုင်ငံသားဖြစ်တဲ့လူတိုင်း မိမိအရည်အချင်းကြောင့်
အခွင့်အရေးရသွားနိုင်ဖို့ပါပဲ၊ ။"

ဗိုလ်ချုပ်အောင်ဆန်း







www.burmeseclassic.com

www.burmeseclassic.com

## ညီညွတ်ဖို့ စည်းကမ်းရှိဖို့ကို အမြဲတစေ နှိုးဆော်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်

"…ကျွန်မဟာ ကျွန်မရဲ့အဖေ အစဉ်အလာအတိုင်း ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲကို ဝင်လို့ နွှဲခဲ့ရပါတယ်။ အဲဒီတော့ ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံး ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှ မတတ်နိုင်ဘူး"

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့က ရွှေတိဂုံစေတီတော် အနောက်မုခ် လူထုအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က ဟောပြောခဲ့ဖူးသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကလည်း 'ကျွန်ုပ်တို့သည် စည်းလုံးညွတ်သော မြန်မာပြည်ကြီး ပြန်လည်ထူထောင်လိုကြောင်းနှင့် ကျွန်ုပ်တို့ သိရသမျှဆိုလျှင် ကျွန်ုပ်တို့ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံးကို လွတ်လပ်ရေး





ပေးပြီး အပြင်အပနိုင်ငံများ၏ ပယောဂမပါဘဲ တိုင်းရင်းသား အချင်းချင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးမည် ဆိုပါက စည်းလုံး ညီညွတ်သော နိုင်ငံကြီးအဖြစ် တည်ထောင်ရန် အခက်အခဲများ ရှိလိမ့်မည် မဟုတ်ကြောင်း' ကို အလေးပေးပြောကြားခဲ့ပေသည်။

ယခု ဒေါ်အောင်ဆန်းစုကြည်ကလည်း 'ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်' ဟူ၍ လိုရင်းတိုရှင်းပြောသွားခဲ့ပါပြီ။

ရှေ့က အုပ်ချုပ်ခဲ့ကြသော နိုင်ငံခေါင်းဆောင်ကြီးများသည် 'တိုင်းပြည် ချောက်ထဲကျဖို့ လက်နှစ်လုံးသာလိုတော့လို့ ကယ်တင်ခဲ့ရပါတယ်' ဟု တဖွဖွ ပြောခဲ့ကြဖူးပါရဲ့။ တကယ့်တကယ်တော့ သူတို့ကိုယ်သူတို့ ကယ်တင်ရှင်ကြီးများပမာ သံကောင်းဟစ်ခဲ့ခြင်း ဖြစ်သည်။

အမှန်စင်စစ် သူတို့သည်သာ ချောက်ထဲမကျ ကျအောင် တွန်းပို့ခဲ့သည် မဟုတ်ပါလော။ တိုင်းပြည်လူထု လူတန်းစားနှင့် တိုင်းရင်းသားများအား သနား၍ တစ်ဖွန်းကူသောက်သွားကြသော ပုဂ္ဂိုလ်ကြီးများသာ ဖြစ်သည်။

အလျဉ်းသင့်၍ သတင်းထောက်ဝန်ကြီး ဦးထွန်းဖေ အစိုးရအဖွဲ့ မှ နုတ်ထွက်ခဲ့ရပုံကို အနည်းငယ် ဖော်ပြလိုသည်။ ဦးထွန်းဖေသည် သတင်းစာဝါရင့်ဆရာကြီးတစ်ဦး ဖြစ်သည်။ ဆရာကြီးသည် ၁၉၅၁ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် ရွှေဘိုဝက်လက်နယ်မှ အရွေးခံ၍ ၁၉၅၂-ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ဩဂုတ်လ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ယဉ်ကျေးမှုဌာန ဝန်ကြီးအဖြစ်မှ နုတ်ထွက်စာကို ကက်ဘိနက်အဖွဲ့သို့ တင်ခဲ့လေသည်။

သို့ဖြင့် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဦးထွန်းဖေ၏ဆန္ဒအရ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတိုက်တွင် သတင်းစာ အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေး၌ သတင်းစာဆရာများမှ တစ်ဆင့် တိုင်းပြည်သို့ ထုတ်ပြန်ခဲ့ဖူးပါသည်။

"အစိုးရအဖွဲ့မှ ဘာကြောင့် ကျွန်တော် နုတ်ထွက်ရသလဲ"

ဟူသော ခေါင်းစဉ်ဖြစ်သည်။

အချက်အလက်များစွာထဲမှ အနှစ်ချုပ်ကို ထုတ်နုတ်ပြပါတော့မည်။ ဦးထွန်းဖေ၏ အနှစ်ချုပ်စာ၌-

"ကျွန်တော်တို့တတွေသည် အုပ်ချုပ်ရေး အစဉ်အလာအရသော်လည်းကောင်း၊ နိုင်ငံရေးသမားတို့၏ စောင့်ရှောက်အပ်သော စည်းကမ်းအရသော်လည်းကောင်း၊ ဦးသခင်နုကို လွတ်လပ်စွာ ထောက်ခံနိုင်ပါသည်။ ယခုအတိုင်းဆိုက သူလုပ်သမျှကို ခြွင်းချက်မရှိ ထောက်ခံနေရခြင်း၌ပင်လျှင် လိပ်ပြာမသန့်စရာ ဖြစ်နေပါသည်။

အချင်းချင်း အမုန်းခံရမည်ကို ကြောက်၍သော်လည်းကောင်း၊ ရေသာခိုလိုသောစိတ်ကြောင့်လည်းကောင်း ပြောလိုသော အရေးကို မပြောဘဲထားလျှင် တစ်နေ့သော် မိမိတို့





အပါအဝင်ဖြစ်သော ပြည်ထောင်စုကြီးတစ်ခုလုံးအပေါ်တွင် ပြန်၍ဝိမည်မှာ အမှန်ဖြစ်ပါသည်။

ထိုထက် ဆိုးရွားလှသော အေးတစ်ခု ရှိနေပါသေးသည်။ ဒီမိုကရေစီအတွင်းတွင် မြူရိုကရေစီကလေးတစ်ခုက ခြယ်လှယ်သ၍ ခံနေကြလျှင် ပြည်ထောင်စု၏ မဏ္ဍိုင်ကြီးတွင် (ခြ)တက်သည်ထက် ဆိုးမည်ကို သတိရှိကြစေရန် ပြည်ထောင်စုကြီးရှိ ပြည်ထောင်စုသားအပေါင်းတို့အား သတိပေးလိုက်ရပါသည်"

ဟူ၍ ဖြစ်သည်။

မှန်ပါသည်။ ပြည်ထောင်စုသားတိုင်းက အသည်းကြားက မဲတစ်ပြားကို ပေးလိုက်သည်။ ပြည်သူ့ကိုယ်စားလှယ်အမတ်လောင်းများသည် ပြည်သူကို ကိုယ်စားမပြုတော့ဘဲ ကိုယ့်ကောင်းစားရေး၊ ကိုယ့်ဘဝ ရပ်တည်ရေးလောက်သာ လုပ်နေခဲ့ကြသည်မှာ ရင်နာဖွယ် ဖြစ်သည်။ စိတ်တော်သိ၊ ဖောင်းတော်ညိတ်ပြီး ရေလိုက်ငါးလိုက် လုပ်တတ်သော အမတ်မင်းများ ရှိခဲ့ဖူးပြီတည်း။

ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့သည်။ ၈၊ ၃၊ ၂၀၁၂ ကြာသပတေးနေ့တွင် ဖြစ်သည်။ ၂၀:၀၀ နာရီခန့်တွင် ရန်ကုန်မြို့ (NLD) ရုံးချုပ်၌ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားမှာ-



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အောင်နိုင်ရေးအဖွဲ့တွေ အားလုံး၊ ကိုယ်စားလှယ်တွေ အားလုံးက စွဲစွဲမြဲမြဲ မှတ်ထားစေချင်ပါတယ်။ ကျွန်မတို့အခု အရွေးခံတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ဆိုပေမယ့် အဓိကကတော့ ပြည်သူ့ကိုယ်စားလှယ်အဖြစ်နဲ့ အရွေးခံတာ ဖြစ်ပါတယ်။ ပြည်သူတွေကို အလုပ်ကျွေးပြုဖို့၊ ပြည်သူတွေရဲ့တာဝန်ကို ထမ်းဆောင်ဖို့ ကျွန်မတို့ ရွေးကောက်ပွဲဝင်ခြင်း ဖြစ်ပါတယ်။ ပြည်သူတွေရဲ့တာဝန်ကို ပင်ပင်ပန်းပန်း မထမ်းဆောင်နိုင်ဘူးဆိုရင် ဒါဟာ ဒီမိုကရေစီရရှိခြင်းအပေါ်မှာ တာဝန်မကျေဘူးလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်"

ဟူ၍ သတိပေးထားခဲ့သည်။

တစ်ဆက်တည်းမှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ထပ်ဆင့်သတိပေးလိုက်သည်။

"ဒီလို ဒီအချိန် ဒီအခါမှာ တကယ့်အရေးကြီးတဲ့အချိန်မှာ ဘယ်လောက် ကိုယ့်ရဲ့ပုဂ္ဂိုလ်စွဲတွေ ဘေးဖယ်ပြီးတော့ မူဝါဒ သဘောထားတွေကို ရှေ့တန်းတင်ပြီးတော့ ပြည်သူအတွက် ဘယ်သူတွေ လုပ်နိုင်မလဲဆိုတာ အဲဒီအဖြေဟာ အခုကာလအတွင်းမှာ ပေါ်လာမယ်ဆိုတာ အားလုံး မှတ်ထားကြ။ ကိုယ်လုပ်တာကို လူတိုင်းက တွေ့တယ်နော်။ ကိုယ်ကသာ မသိတာ။ ကိုယ်ကသာ ကိုယ်လုပ်တာ တချို့တွေက ငါ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူးလို့ မထင်ပါနဲ့၊ သိပါတယ်။ ကျွန်မတို့ ပြည်သူတွေကလည်း





မညံ့ပါဘူး။ လူသားချင်း အချင်းချင်းဆိုတာ လူသားတွေဟာ ဘယ်လိုတွေးတယ်၊ ဘယ်လိုခေါ်တယ်၊ ဘယ်လိုလုပ်တယ် ဆိုတာ သိကြပါတယ်။ အဲဒီတော့ ကိုယ်ဟာ အများပြည်သူရဲ့ အဆုံးအဖြတ် ခံရမှာပဲဆိုတာကို သေသေချာချာ မှတ်ထားစေချင်ပါတယ်"

ဒေါ်အောင်ဆန်းစုကြည်သည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုကြားသို့ အလျင်အမြန် သွားလာလှုပ်ရှားရင်း ဒီမိုကရေစီ စည်းရုံးရေးအတွက် တရားပွဲများ ဟောခဲ့ရသည်။ မိမိအဖွဲ့ချုပ်၏ ကိုယ်စားလှယ်လောင်းများ အောင်နိုင်ရေးကို နေ့မအား ညမအား သွားလာခဲ့ရသည်။

ထို့အပြင် မိမိဥက္ကဋ္ဌအဖြစ် ထမ်းဆောင်နေစဉ်၌ပင် မိမိ၏ ကိုယ်စားလှယ်လောင်းများကိုလည်း အခါအားလျော်စွာ ခေါ်ယူတွေ့ဆုံသည်။ အဖွဲ့အတွင်း၌ မကြေလည်မှုများကိုလည်း ဖြေရှင်းပေးရသည်။ စည်းလုံးညီညွတ်ရေးအတွက်လည်း ထမ်းဆောင်နေရသေးသည်။

စည်းရုံးရေး၊ ညီညွတ်ရေး စိတ်ဓာတ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့သော စကားမှာမူ–

"ကျွန်မတို့ အဓိက ကိုင်စွဲထားတဲ့ စည်းမျဉ်းစည်းကမ်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ အောင်နိုင်ရေးအဖွဲ့ထဲမှာပါတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကော၊ အားလုံးရဲ့တာဝန်ဟာ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် ဘယ်ကိုယ်စားလှယ်မို့လို့ ဘယ်သူမို့လို့ ငါတို့ကတော့ သိပ်ပြီးတော့ လုပ်မပေးချင်ဘူး။ ဘယ်ဝါမို့လို့ ငါတို့က ပိုပြီး လုပ်ပေးမှာပဲဆိုတဲ့ စိတ်ဓာတ်မျိုးထားရှိရင် ကျွန်မတို့ ရေရှည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အကျိုးပြုနိုင်မယ့် စိတ်ဓာတ်မျိုး မဟုတ်ဘူးလို့ ဒီလိုပဲ ကျွန်မ ယူဆမှာ ဖြစ်ပါတယ်''

ဟု ညီညွတ်ရေးစိတ် ဓလေးသိမ်ဖို့ သတိပေးမိန့်ကြားထားသည်ကို တွေ့ရှိရ၏။ မှန်သည်။ အသင်းအဖွဲ့တစ်ခု၊ အဖွဲ့အစည်းတစ်ခု၌ စိတ်ဓာတ်မှန်မှန်၊ အမူအကျင့်မှန်မှန်၊ ကိုယ်ကျင့်သိက္ခာမှန်မှန်ထားရှိဖို့ကို တပ်လှန့် နိုးဆော်လိုက်ခြင်း ဖြစ်သည်။

သူ့တစ်လူ၊ ငါတစ်မင်း လုပ်နေသမျှ ကာလပတ်လုံး ထိုအသင်း၊ ထိုအဖွဲ့အစည်းသည် မတည်မြဲနိုင်ပေ။ ဒေါ်အောင်ဆန်းစုကြည်သည် ထိုအခြေခံသဘောတရားကို ကောင်းစွာ ခံယူထားပြီး ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံရေးအခင်းအကျင်းထဲသို့ ရဲရင့်စွာ တိုးဝင်လာခဲ့ခြင်း ဖြစ်သည်။ အချို့က ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဓာတ်ခံ အခင်းအကျင်းကို မသိနားမလည်ဟု အပြစ်ဆို၏။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က-

''လူအပေါင်းက ကျွန်မအကြောင်း သိပ်ပြီးတော့ မသိကြပါဘူး။ မသိကြတဲ့အခါကျတော့ သိချင်တဲ့ဆန္ဒတွေလည်းရှိပါတယ်။ ဒါကလည်း မှန်တဲ့အတိုင်းပါပဲ။ သိတော့လည်း သိထိုက်ပါတယ်။ အဲဒီတော့ တချို့ကလည်း ပြောကြတယ်။ ကျွန်မဟာ နိုင်ငံခြားမှာနေတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။

ဒါပေမယ့် ဒါလေးအတွက်ကြောင့်နဲ့ ကျွန်မ တိုင်းပြည်အပေါ်မှာ ထားတဲ့မေတ္တာဟာ ဘယ်လိုနဲ့မှ ကျဆင်းမသွားနိုင်ပါဘူး။

နောက်တစ်ခု ပြောချင်တာကတော့ ကျွန်မဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှနားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ။

ဗမာနိုင်ငံရေး ဘယ်လောက် ရှုပ်ထွေးတယ်။ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေ ဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျွန်မတို့မိသားစုအသိဆုံးပါပဲ။

ဖေဖေဟာ စိတ်ပန်းကိုယ်ပန်းနဲ့ ဒီနိုင်ငံရေးကို လုပ်ဆောင်လာတာဟာ ဘာအကျိုးစည်းစိမ်မှ မခံစားခဲ့ရပါဘူး။ ဒါကြောင့်မို့လို့လည်း လွတ်လပ်ရေးရပြီးတဲ့အခါကျလို့ရှိရင် ထပ်ပြီးတော့ အာဏာလုတဲ့နိုင်ငံရေးမျိုးကို ဆက်မလုပ်ဘူးဆိုတာ ဖေဖေ အတိအလင်း ပြောသွားပါတယ်''

ဟု မိန့်ကြားသည်။

အဆိုပါမိန့်ခွန်းသည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့က





မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော် အနောက်မုခ်လှုထုအစည်းအဝေးတွင် ပြောခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လူမျိုးစုတိုင်းရင်းသားများ အခန်းကဏ္ဍကိုလည်း မေ့မထားခဲ့။ လူများစုက လူနည်းစုကို ဖိနှိပ်ချုပ်ချယ်မှုကို အခါအခွင့်သင့်တိုင်း ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရသည်။ အားလုံး ညီညီညွတ်ညွတ်ရှိဖို့ တိုက်တွန်းခဲ့သည်။ ညှာတာထောက်ထားဖို့ မှာကြားသည်။

ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သောစကားမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ညီညွတ်ရေးအကြောင်း ပြောနေတဲ့အချိန်မှာ ပြည်ထောင်စုအကြောင်း ခဏလောက် ပြောလိုက်ပါရစေ။ လူမျိုးစုတွေအားလုံးဟာ ညီညွတ်ဖို့လိုပါတယ်။ အခု လူများစု၊ လူများစုကတော့ မြန်မာလူမျိုးတွေ ဖြစ်ပါတယ်။ လူများစုမြန်မာတွေဟာ လူနည်းစုတွေဖြစ်တဲ့ တိုင်းရင်းသားတွေနဲ့ စည်းစည်းလုံးလုံးဖြစ်ဖို့ အလွန်ကြိုးစားဖို့ လိုပါတယ်။ ကိုယ်က အားရှိနေတဲ့လူ၊ ကိုယ်က အားများနေတဲ့လူမို့လို့ ပိုပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ အားများနေတဲ့လူဆိုတာ အားနည်းနေတဲ့လူကို အစဉ်အမြဲ လျှော့ပြီးတော့ ညှာပေးဖို့ လိုပါတယ်။"

□

မင်းလက်ရာစာပေ



မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းပြည်ကို တစ်ပတ်မရိုက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း

၁၃၀၈ ခုနှစ်၊ တန်ခူးလဆုတ်၊ ၄ ရက်နေ့၌ ကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လူထုအား အသိပေးခဲ့ဖူးသည်။

ကြံ့ကြံ့ခိုင်ခိုင်ဖြင့် အားပေးထောက်ခံမည်ဆိုပါက တစ်နှစ်အတွင်း မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်ရေးရမည်ဟုလည်း ရဲရဲဝံ့ဝံ့ကြီး ကတိပေးသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းသည် သူ့အကျင့်သိက္ခာနှင့်ပတ်သက်၍ ရှင်းရှင်းဘွင်းဘွင်း ဝန်ခံခဲ့သည်။

သူ့အပေါ်၌ စမ်းသပ်ဝေဖန်ခံထားလေ၏။

"ကျွန်တော်သည် တိုင်းပြည်ကို တစ်ခါဖူးမျှ တစ်ပတ်မရိုက်ခဲ့ဘူးသည်ကို လူထုကောင်းကောင်းသိပါသည်။ အထူးရှင်းပြနေစရာ မလိုပါ။ ဖက်ဆစ်ဂျပန်လက်ထက်က အသက်ရှင်





ပြီး လက်ရုံးရည် သုံးသင့်သည့်အချိန်တွင် တိုင်းပြည်ကို တစ်ပတ်ရိုက်ပြီး ခေါင်းမရှောင်ခဲ့ပါ။

ကျွန်တော်ကိုယ်တိုင် လက်နက်ကိုင်ပြီး တော်လှန်ခဲ့သည်။ ကျွန်တော့်အတွက်မှာဆိုလျှင် လက်ရုံးရည်နှင့် နှလုံးရည်သည် ဘာမျှ ထူးခြားခြင်း မရှိပါ။ လူထုတစ်ခုတည်းကိုသာ ရှေ့ရှုပြီး သင့်သလို ကြည့်သုံးသွားမည်။ လူထုလွတ်လပ်ရေးအတွက် လက်ရုံးရည်ကို လမ်းလွဲမပြခဲ့သလို၊ လူထုလွတ်လပ်ရေးအတွက် နှလုံးရည်ကို အသုံးပြုသင့်သည့်အခါတွင်လည်း ပါးစပ်တော်လှန်ရေးသမား၊ စက္ကူတော်လှန်ရေးသမား၊ ဂမူးရှူးထိုးသမားများ၏ ကဲ့ရဲ့ရှုံ့ချခြင်းကို ကြောက်လန့်တုန်လှုပ်ပြီး လူထုကို ချောက်မတွန်းခဲ့ပါ။ လက်ရုံးရည်ကိုသော်လည်းကောင်း၊ နှလုံးရည်ကိုသော်လည်းကောင်း၊ လူထုလွတ်လပ်ရေးအတွက် အတိအကျသုံးရန် သင့်သည့်အချိန်အခါတွင် ဘာကိုမျှ မထောက်ထားဘဲ လူထုကို တစ်ပတ်ရိုက်၍ မနေဘဲ တော်ဖြောင့် မှန်ကန်စွာ အသုံးပြုသွားမည်ကို စိတ်ချယုံကြည်ကြပါ"

စကားပြောတိကျပြတ်သားသော ဗိုလ်ချုပ်အောင်ဆန်းသည် ဤသို့ ပြောခဲ့သည်။ သူ့ကိုယ်သူလည်း ပြည်သူလူထုကြီးနှင့် လူမျိုးစုတိုင်းရင်းသားများ၏ လက်ထဲသို့ အပ်နှံထားပြီး ဖြစ်သည်။

အဝေဖန်ခံ၊ အစမ်းသပ်ခံနိုင်သော သတ္တိ၊ ဗျတ္တိအပြည့်ရှိလေသည်။ ယုံကြည်ချက်အပြည့်လည်း ရှိသည်။ ထိုကဲ့သို့သော အရည်



www.burmeseclassic.com

www.burmeseclassic.com



အသွေးများဖြင့် ဖဆပလကြီးကို ကြိုးကိုင်ပြီး လှုပ်ရှားနေသော ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှတို့သည် မျက်ကွယ်ပြု၍ မရတော့ချေ။

နယ်ချဲ့အစိုးရသည် ဗိုလ်ချုပ်ဦးဆောင်သော မြန်မာနိုင်ငံကို တဖြည်းဖြည်း အာရုံစိုက်လာရတော့သည်။ အေးချမ်းစွာ မဆောင်ရွက်ပါက ဗိုလ်ချုပ်နောက်တွင် လူထုရှိသည်ကို တွေ့လာသည်။

သို့သော် ဗြိတိသျှအစိုးရသည် လွယ်လွယ်နှင့် လက်လျှော့လိုသည် မဟုတ်။ ဉာဏ်နီဉာဏ်နက်ဆင်ရန် ကြိုးစားကြသေးသည်။ မြန်မာပြည်အား လွတ်လပ်ရေး မပေးလျှင် မဖြစ်တော့ကြောင်း သိသည့်အတိုင်း တစ်ဖက်တွင်လည်း လွတ်လပ်ရေးပေးရန် သဘောတူသည်။

အခြားတစ်ဖက်တွင်လည်း လွတ်လပ်ခါစ မြန်မာနိုင်ငံကြီးတွင် မိမိတို့ ဩဇာခံမည့် အစိုးရမျိုး (သို့မဟုတ်) မိမိတို့အား အကျိုးပြုမည့် ရုပ်သေးအစိုးရမျိုးကို လိုချင်ခဲ့ကြသေး၏။

ဤသို့သော အခြေအနေ၊ အချိန်အခါမျိုး၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရနှင့် ဉာဏ်ချင်းယှဉ်ပြိုင်နေရသည့်ကာလ ဖြစ်သည်။ ဗိုလ်ချုပ်သည် ယှဉ်ပြိုင်အနိုင်ယူနိုင်ရန် အလို့ငှာ ဖဆပလပါတီကြီးအတွင်း၌လည်းကောင်း၊ ပြည်သူတစ်ရပ်လုံးကိုလည်းကောင်း အမြဲပင် တပ်လှန့်ထားခဲ့ရသည်။

ဗိုလ်ချုပ်၏ မိန့်ခွန်းအချို့၌-

မင်းလက်ရာစာပေ



"…ယခုကဲ့သို့ သေရေးရှင်ရေးဖြစ်နေသော လမ်းနှစ်ခွသို့ ဗမာလူထုကြီးသည် ရောက်ရှိနေသည့်အခါတွင် ကျွန်တော် ခေါင်းဆောင်သော ဖဆပလ လမ်းသို့ပင် ဗမာလူထုကြီးသည် မဖိတ်မသုံ ယုံယုံကြည်ကြည်နှင့် လိုက်ရန် ကျွန်တော်ကိုယ်တိုင် ထပ်မံညွှန်ကြားလိုက်ပါသည်။"

ဟူ၍ ဆော်ဩခဲ့ရပေသည်။

ဖဆပလအမတ်လောင်းများ ရွေးချယ်မှုနှင့်ပတ်သက်၍လည်း ည်သူလူထုကြီး နားလည်ခွင့်လွှတ်ရန် ပန်ကြားခဲ့သည်။ ဗိုလ်ချုပ် အောင်ဆန်းသည် လူထုကြီးကို အထူးမေတ္တာရပ်ခံခဲ့သည်မှာ-

"ဖဆပလ အမတ်လောင်းများထဲမှ အချို့တို့သည် လူထုက ကြိုက်နှစ်သက်သော အမတ်လောင်းများ ဟုတ်ချင်မှ ဟုတ်မည်။ တကယ်တမ်း အရွေးခံထိုက်သော ပုဂ္ဂိုလ်များလည်း ဖဆပလ အမတ်လောင်းစာရင်းထဲမှ ဖြုတ်ကျန်နေကောင်း ကျန်နေခဲ့ပေလိမ့်မည်။

ကျွန်ုပ်တို့၌ ရရှိသော အလွန်တိုတောင်းသည့် အချိန်ကလေးအတွင်း အပြေးအလွှား စီစဉ်လိုက်ရသောကြောင့် အထက်ပါ ချွတ်ယွင်းချက်ပါရှိခဲ့လျှင်လည်း ဗမာ့လွတ်လပ်ရေးကြီးနှင့် ဖဆပလကို ထောက်ထားကြပြီး သည်းခံကြရန်ကို ဗမာလူထုကြီးအား ကျွန်တော် အထူး မေတ္တာရပ်ခံလိုက်ပါသည်။

"သို့ရာတွင် မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့ ရရှိသော အလွန်တိုတောင်းသည့် အချိန်ကလေးအတွင်း၌ပင်လျှင်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဗမာလူထု၏သစ္စာကို မဖျောက်ဖျက်မည် လူများအား များများရနိုင်သမျှရအောင် ကျွန်တော်တို့သည် အထူးကြိုးစားခဲ့ကြောင်း ကျွန်တော် အာမခံပါသည်။

"ကျားနှင့် ရင်ဆိုင်တွေ့နေရသည့် အချိန်အခါမျိုးတွင် တစ်ဦးကိုတစ်ဦး စိတ်ကောက်ပြီး ထိုင်၍မဖြစ်သကဲ့သို့ ဗမာ သေရေးရှင်ရေးကြီးနှင့် ရင်ဆိုင်တွေ့နေရသည့်အခါမျိုးတွင် လည်း မကျေနပ်မှု အသေးအဖွဲကလေးကို ရိုးမယ်ဖွဲ့၍ မနေကြ နှင့်။

ယခုအရေးသည် တစ်ချက်အမှားမခံသော အရေးကြီး ဖြစ်သဖြင့် လူထုကြီးသည် မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အခြားအချိန်များထက် ဤအချိန်တွင် ထူးထူးကဲကဲ ပြသကြရန် ကျွန်တော် တိုက်တွန်းလိုက်ပါသည်။

"ယခု ကျွန်တော့်ညွှန်ကြားချက်များအတိုင်း လူထုကြီး သည် ဖဆပလကို ရွေးအခါများကဲ့သို့ ဆက်လက်ထောက်ခံ ကြမည်ဆိုရင် လူထု၏ လွတ်လပ်ရေးသည် ဒီတစ်နှစ်အတွင်း ရမည်မှာ မလွဲချေ။"

(မူရင်းသတ်ပုံအတိုင်း)

ဟူ၍ ပါရှိလေသည်။

အလွန်အဓိပ္ပာယ်ရှိသော၊ တိကျပြတ်သားသော ကြေညာချက် များ ထုတ်ပြန်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် နားနေ ရသည် မရှိ။ နယ်အသီးသီးသို့ ခရီးထွက်ရသည်။

ဗင်းလက်ရာစာပေ



တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအတွက် ဟောပြော စည်းရုံးခဲ့ရလေ၏။

အလွန်ပူပြင်းလှသော အရပ်များဆီသို့ မနားမနေ သွားသည်။ နေပူပူကြီးထဲတွင် အပင်ပန်း အဆင်းရဲခံကာ 'စတေရှင်ဝက်ဂွန်း' ကားဖြင့် တစ်နေ့လျှင် မိုင်တစ်ရာကျော်၊ နှစ်ရာနီးပါးမျှ ခရီးသွား သည်။ ဟောပြောသည်။

တစ်နေ့လျှင် အနည်းဆုံး သုံးလေးနေရာမျှ ဟောရသည်။ ဟောပြောရာ၌လည်း စာမချဲ့၊ အချိန်မဖြုန်းဘဲ တိုရှင်းလိုရင်းကို အထူးဂရုစိုက်၍ ဟောပြောခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဘဝတစ်ခုလုံးကို နှစ်ကာ ကြိုးပမ်းသွားသည်မှာ လွန်စွာ ချီးကျူး ဖွယ်ပါတကား။

❐

ဗင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လူ့အခွင့်အရေးဆိုတာ...
လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ်၊
ကိုယ်တင်မတတ်ဘူး။
ကိုယ့်ရန်သူများပင်လျှင် လူ့အခွင့်အရေးရှိရမယ်၊
အဲဒီတော့...
တစ်နေ့ ကျွန်မတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး
အောင်မြင်သွားတဲ့အခါကျရင်
ရှုံးတဲ့သူတွေဟာ သူတို့အခွင့်အရေးတွေကို
ပြည့်ပြည့်ဝဝ ခံစားနိုင်ရမယ်၊
ဒါဟာ ကျွန်မတို့ရဲ့ ဒီမိုကရေစီ
တာဝန်ဖြစ်တယ်..."

ဒေါ်အောင်ဆန်းစုကြည်





မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဲရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်သူလူထုအား
ပန်ကြားနေစဉ်



ကရင်တိုင်းရင်းသူ၊ တိုင်းရင်းသားပြည်သူများအား
ဒေါ်အောင်ဆန်းစုကြည်မှ ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကား
ပြောကြားနေစဉ်

# ဒီမိုကရေစီရရှိခြင်းအပေါ်မှာ တာဝန်ကျေစေချင်သော ဒေါ်အောင်ဆန်းစုကြည်

ယခုအချိန်၌ ဒေါ်အောင်ဆန်းစုကြည်သည် မိမိအဖွဲ့ချုပ်၏ ဥက္ကဋ္ဌနေရာတွင် တာဝန်ယူထားလျက်ရှိ၏။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးတာဝန်၊ ဥက္ကဋ္ဌတာဝန်များ ယူခဲ့သည်နှင့် အမျှ မနားမနေ ထမ်းဆောင်ခဲ့ရရှာသည်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာသည်။

လွတ်မြောက်လာသည့်နေ့မှစ၍ ဒေါ်အောင်ဆန်းစုကြည် ခမျာမှာ တစ်ချက်ကလေးမှ နားရက်မရှိအောင် အဖွဲ့ချုပ်၏ တာဝန်များကို ဆက်တိုက်လုပ်ရှားခဲ့ရပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန် ပါတီတစ်ခုအနေဖြင့် မှတ်ပုံတင်ခြင်းကိစ္စ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံ





ခြင်းကိစ္စ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံခြင်း ကိစ္စ၊ သမ္မတကြီး ဦးသိန်းစိန်နှင့် တွေ့ဆုံခြင်းကိစ္စ၊ …ည်းရုံးရေးသွားရခြင်းကိစ္စ စသည်များဖြင့် အနားယူနိုင်သည့် …န် အင်မတန် ရှားပါးလှပေသည်။

ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ကော့မှူးသို့ ဒုတိယ ကြိမ် ရောက်စဉ် ပြည်သူလူထုဖြင့်တွေ့ပြီး ပြောကြားခဲ့သည်မှာ-

"ကျွန်မတို့ အခုရှေ့ဆက်ရမယ့်လမ်းက ခရီးကြမ်းပါ။ ဒါတော့ ပြည်သူတွေ နားလည်စေချင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ဟာ ပြည်သူတွေကို ခြိမ်းခြောက်ပြီးတော့လည်း မစည်းရုံးချင်ဘူး။ ချော့ပြီးတော့လည်း မစည်းရုံးချင်ဘူး။ မှန်မှန်ကန်ကန်ပဲ ကျွန်မတို့ စည်းရုံးချင်တယ်။

ဒီတော့ ကျွန်မတို့က ချော့ပြီးတော့ မစည်းရုံးဘူးဆိုတာ ဒီလိုပါ။ ဟိုဟာလုပ်ပေးမယ်၊ ဒီဟာလုပ်ပေးမယ်လို့ ကျွန်မတို့ လွယ်လွယ် မပြောပါဘူး။ ကျွန်မတို့ကို မဲပေးလိုက်တာနဲ့ ရွှေလမ်း ငွေလမ်းတွေ ပေါက်လာမယ်လို့လည်း ကျွန်မတို့ မပြောပါဘူး။ ရွှေလမ်းငွေလမ်းဆိုတာ ကျွန်မတို့ မလိုဘူး။ ကတ္တရာလမ်းပဲ ကျွန်မတို့ လိုချင်တယ်။

ဒီတော့ ကျွန်မတို့ ပြောချင်တာက ရိုးရိုးလေးပဲ။ ရှေ့ခရီးက ကြမ်းမယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ ညီညွတ်လို့ရှိရင်၊ ကျွန်မတို့ဟာ စိတ်ထားခိုင်မာလို့ရှိရင်၊ ကျွန်မတို့ဟာ စေတနာသန့်ရှင်

www.burmeseclassic.com



ရှိရင်၊ ကျွန်မတို့ဟာ စေတနာနဲ့ ပညာနဲ့ လုပ်ရည်ကိုင်ရည်
ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်မတို့ရဲ့ ကိုယ်စားလှယ်တွေအဖြ
ကျွန်မတို့ ရွေးချယ်နိုင်လို့ရှိရင်တော့ ကျွန်မတို့ နိုင်ငံရဲ့လမ်း
ဘယ်လောက်ပဲကြမ်းကြမ်း ကျွန်မတို့ လျှောက်လှမ်းပြီးတော
အခက်အခဲတွေကို ကျော်လွှားနိုင်မှာပါလို့ ကျွန်မ ပြောချင်တ
ဖြစ်ပါတယ်"

ဟု ဖြစ်သည်။

မှန်သည်။ နိုင်ငံရေးဆိုသည်မှာ ပြည်သူတွေ မပါဝင်သ
နိုင်ငံရေးသည် ဒီမိုကရေစီ နိုင်ငံရေးဟု မခေါ်ဆိုနိုင်ချေ။ ပြည်သူ
ထောက်ခံမှ ပြည်သူက မဲဆန္ဒပေးမှ၊ ပြည်သူ လေးစားကြည်ညိုသ
အစိုးရမှ ဒီမိုကရေစီအစိုးရ ဖြစ်မည်။

ထိုသဘောတရားများကို ထောက်ခြင်းအားဖြင့် ဒေါ်အောင်ဆ
စုကြည်သည်လည်း ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို တိုင်းပြ
အပေါ်၌ တစ်ပတ်ရိုက်လိမ်ညာပြောဆိုခဲ့ခြင်း မဟုတ်။

နိုင်ငံရေး အခင်းအကျင်းတွင် ရိုးဖြောင့်စွာ၊ အမှန်အက
တင်ပြလိုက်ခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

မြစ်ကြီးနားခရီးစဉ်၌ ဒေါ်အောင်ဆန်းစုကြည်က ဤသို့ ပြေ
ခဲ့သည်။ ထိုစကားမှာ-

"ကျွန်မတို့ လွှတ်တော်ထဲ ရောက်သွားလို့ရှိရင် အဆ
ပြေမှာပါဆိုပြီး ဇရိသတ်ထဲက တစ်ယောက်က ပြောတယ်





ချက်ချင်းတော့လည်း ကျွန်မတို့ အဆင်ပြေအောင် မလုပ်နိုင်ဘူး။
ကျွန်မ ပြည်သူတွေကို မမှန်တဲ့ကတိတွေကို မပေးချင်ဘူး။
မဲထည့်ပါ။ ကျွန်မတို့အားလုံး အဆင်ပြေအောင် လုပ်ပေးမယ်
ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စ။

အဲဒီလိုပြောတဲ့သူတွေဆိုရင် လုံးဝ မယုံနဲ့နော်။ မှတ်ထား
ကျွန်မတို့ မဲထည့်လိုက်လို့ ပြည်သူက တကယ်ပဲ ထောက်ခံလို့
မဲဆန္ဒနယ်အားလုံးမှာ နိုင်တယ်ဆိုလို့ရှိရင် ကျွန်မတို့ လွှတ်တော်
ထဲမှာ ၄၈ နေရာပဲရမယ်"

"၄၈ နေရာဆိုတာလည်း လွှတ်တော်ရဲ့ ရာခိုင်နှုန်း
သေးသေးလေးပါ။ သို့သော်ငြားလည်း ကျွန်မတို့ ဒီ ၄၈
နေရာဟာ ပြည်သူတွေအတွက် ထိထိရောက်ရောက် ကျွန်မတို့
သုံးစွဲသွားမယ်…"

ဟူ၍ ဖြစ်သည်။

သည်စကား၏ အဓိပ္ပာယ်ကိုထောက်လျှင် ဗိုလ်ချုပ်အောင်ဆန်း
ပြောခဲ့ဖူးသည့် တိုင်းပြည်ကို တစ်ပတ်မရိုက်ချင်ဆိုသော စကားနှင့်
အလားတူပါပေသည်။ မှန်ပေသည်။ မီးများမီးနိုင်၊ ရေများရေနိုင်
ဆိုဘိသကဲ့သို့ လွှတ်တော်အတွင်းရောက် ဒီမိုကရေစီအင်အား
(ဒါတောင် ၄၈ ဦးစလုံး အမတ်ဖြစ်ပါမှ)သည် နည်းနည်းလေးပဲ
ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုရင်က ရောက်နှင့်နေသော အမတ်ဦးရေများနှင့် စာလျှင် အင်မတန်မှ နည်းသည်။ မဲခွဲရင်တောင်မှ သာနိုင်မည်၊ နိုင်နိုင်မည် မဟုတ်။ မီးစင်ကြည့်ကသည် မဟုတ်ဘဲ အတိုက်အလျှောက် ပြောဆိုထိုးဖောက်နိုင်မှာတော့ အမှန်ဖြစ်သည်။

ထို့ကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်က ရည်မှန်းချက်တစ်ခုကို ချမှတ်ထားခဲ့သည်။ ထိုအချက်မှာ ပြည်သူတွေ တိုးတက်ဖွံ့ဖြိုးရေးကို ဦးစားပေး စဉ်းစားခဲ့ခြင်း ဖြစ်သည်။ အချက်နှစ်ခုကို ကြည့်ထားသည်ဟု ဆို၏။

ယင်းအချက်ကို ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုရာ၌-

"ဥပဒေတွေကို ကြည့်တဲ့အခါမှာ တချို့ဥပဒေတွေက ပြည်သူတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ကန့်သတ်ထားတဲ့ ဥပဒေတွေ ရှိတယ်။ အဲဒီ ကန့်သတ်ထားတဲ့ ဥပဒေတွေကို ကျွန်မတို့ ဖယ်ရှားပေးရမယ်။

နောက် တချို့ဥပဒေတွေကျတော့ ပြည်သူတွေကို ကာကွယ်မှု ပေးထားတဲ့ ဥပဒေတွေ လိုနေတယ်။ ဥပမာဆိုလို့ရှိရင် လယ်ယာကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်မ ပြောချင်တယ်နော်၊ ကချင်ပြည်နယ်မှာသာမကပါဘူး"

"ကျွန်မတို့ဟာ တစ်တိုင်းပြည်လုံးထဲက သူတွေဆိုတာ ဘယ်လောက်ထင်ရှားလဲဆိုတာ ကချင်ပြည်တွင်သာမက





ပါဘူး။ လယ်ယာ၊ မြေယာတွေ အသိမ်းဆည်းခံထားရတဲ့ ဟိုးအောက်ဇမာပြည်အထိ ရှိပါတယ်။

ကျွန်မတို့အားလုံးဟာ တကယ့်ကို ပူတာတော့ အတူအမျှပဲ။ အေးအတူဖြစ်အောင် လုပ်ဖို့ပဲ လိုတော့တယ်။ ဒီလို အခက်အခဲတွေ မရှိအောင် ကျွန်မတို့အနေနဲ့ ပြည်သူတွေအတွက် လုပ်သင့်လုပ်ထိုက်တဲ့ ဥပဒေတွေ လုပ်ဖို့၊ ပြင်ဆင်ဖို့ ကျွန်မတို့ ကြိုးစားမယ်"

ဟူ၍ ဖြစ်သည်။

လုပ်ဖို့၊ ပြင်ဆင်ဖို့ ကျွန်မတို့ ကြိုးစားမယ်ဟု ဆိုထားပြီး ဖြစ်သည်။ တကယ်လည်း ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် လွှတ်တော်အတွင်း၌ ကြိုးစားသွားမည်ဟု ယုံကြည်ရပါသည်။

သို့ရာတွင် မီးများမီးနိုင်၊ ရေများရေနိုင် ဆိုသည့် ဥပမာအတိုင်းပင် ဥပဒေပြုပြင်ရာတွင် လွှတ်တော် မဲခွဲစနစ်ပေါ်တွင် ရှင်သန်နေရသည် မဟုတ်ပါလား။

မည်သို့ပင်ရှိစေ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြည်သူကို ခက်လုံးပေးခြင်း၊ တစ်ပတ်ရိုက်ခြင်း လုပ်တာမျိုး မဟုတ်ဘဲ ထိထိရောက်ရောက် ရွှတ်ရွှတ်ချွန်ချွန် တိုးဝင်သွားမည်ဟု အကြွင်းမဲ့ ယုံကြည်ထားပြီး ဖြစ်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူများက ကြည်ညိုသော ဗိုလ်ချုပ်အောင်ဆန်း

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းလောက် တိုင်းသူပြည်သားများ နှစ်နှစ်ကာကာ ကြည်ညိုကြသည်မှာ မရှိခဲ့ဖူးချေ။

ဗိုလ်ချုပ်အောင်ဆန်းကို ဘာကြောင့် ကြည်ညိုခဲ့ရသနည်း။

သည်မေးခွန်းကို မေးလာလျှင် တချို့က လွတ်လပ်ရေးကို အရယူပေးခဲ့လို့၊ တချို့က တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို အရယူပေးခဲ့လို့၊ တချို့က အမျိုး၊ ဘာသာ၊ သာသနာအတွက် အသက်စွန့်တိုက်ပွဲဝင်ပေးခဲ့လို့ စသည်တို့ဖြင့် အမျိုးမျိုး အဖြေဆိုကြလိမ့်မည် ဖြစ်သည်။

မှားသလားဆိုတော့ မမှားပါ။

သူ့အယူအဆနှင့်သူ၊ သူ့ခံယူချက်နှင့်သူ၊ သူ့ယုံကြည်ချက်နှင့်သူ မှန်သည်ဟု ဆိုရမည်။ အမှန်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် ယောကျ်ားကောင်းတို့၏ ရှိအပ်သော ကောင်းမြတ်သည့်အကျင့် မြင့်မြတ်သည့်

ဗင်းလက်ရာစာပေ



စိတ်ထား၊ စောင့်စည်းရမည့်အကျင့်သိက္ခာနှင့် ပြည့်ဝလျက် ရှိနေသဖြင့် လေးစားချစ်ခင်ခြင်း ဖြစ်သည် ထင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အပျော်ပိုင်းမများနှင့်လည်း မြူးထွယ်၍မရ၊ ရွှေငွေများနှင့်လည်း ချော့၍မရ၊ ရာထူးဌာနန္တရများနှင့်လည်း သိမ်းသွင်းမရပါ။ ဗိုလ်ချုပ်၏ စိတ်ထားသည် တသမတ်တည်းထားသည်။

ရိုးဖြောင့်၏။ စဉ်းလဲစိတ်မမွေး။ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ပုဒ်ကို ပြောရလျှင်–

ဗိုလ်ချုပ်အောင်ဆန်းသည် အစဉ်သဖြင့် အပြောနှင့်ညီအောင် လုပ်ပြလေ့ရှိ၏။ သတ္တိကိုလည်း အမြဲတမ်း လက်တွေ့ပြသလေ့ရှိ၏။ ကာယသတ္တိသာ မဟုတ်။ အမှန်တရားကို ရဲဝံ့စွာ ပြောဆိုသည်။ ပြောသည့်စကားအတိုင်း ရပ်တည်သည်။ ဝေဖန်မှုကို ကျေနပ်စွာ လက်ခံသည်။

မိမိ၏ ချို့ယွင်းချက်ကို ဝန်ခံသည်။ မိမိ၏အမှားကို ပြင်သည်။ အတိုက်အခံကို ရိုသေလေးစားပြီး နေရာပေးသည်။ ရန်သူနှင့် စေ့စပ်ဆွေးနွေးသည်။ မိမိသည် ခေါင်းဆောင်တစ်ဦး ဖြစ်သင့်၊ မဖြစ်သင့်ကို ပြည်သူများအား ဆုံးဖြတ်ပိုင်ခွင့်ပေးထားသည်။ ထိုကဲ့သို့သော စွမ်းရည်သတ္တိများကိုလည်း လက်တွေ့ပြသခဲ့၏။

ဤအချက်များကား ဗိုလ်ချုပ်အောင်ဆန်းအား တိုင်းပြည်က လေးစားချစ်ခင်လာစေသည့် အရည်အချင်းများ ဖြစ်သည်။ သွားလေ

ဗင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာ အရပ်တိုင်း၊ ရောက်လေရာ မြို့နယ်တိုင်းကပင် ဗိုလ်ချုပ်အောင်ဆန်းကို သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။

အနည်းငယ်ဆိုပါဦးအံ့။ သတင်းစာဆရာ ဦးပုကလေး၏ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲဟူသော စာအုပ်ထဲမှ ထုတ်နုတ်ပြရမည်ဖြစ်သည်။

'လူထုကြည်ညို ဗိုလ်ချုပ်ကို' ခေါင်းစဉ်ငယ်၏ စာပိုဒ်ထဲတွင်-

"ဗမာပြည် အင်္ဂလိပ်လက်အောက် ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းလောက် လူထုအကြည်ညိုခံရဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီးမျိုး မရှိသေးဘူးချေ။

ရောက်လေရာရာ မြို့တိုင်းရွာတိုင်း၌ လူထုဝိုင်းအုံ တိုးဝှေ့ကြည့်ရှုလေ့ ရှိသည့်အတွက် စိတ်ပျက်စရာကောင်းလောက်အောင် ဖြစ်ရသည်။ အရပ်ဆိုးဆုံး ဗိုလ်ချုပ် အိမ်သာသွားသည်ကိုပင် ဝိုင်းလိုက်၍ ကြည့်သဖြင့် 'သိပ်ဒုက္ခတာပဲ'ဟုပင် ဗိုလ်ချုပ် ညည်းညူသေး၏။

"မြို့ပေါင်းများမှာပင် တရားဟော၍အပြီး တည်းခိုရာ အိမ်သို့ပြန်ရာ လူထုကြီးနောက်မှ လိုက်လာကြပြီးလျှင် ဗိုလ်ချုပ်ကိုပင် စောင့်၍ ကြည့်လေ့ရှိ၏။

ပျဉ်းမနားမြို့တွင် ကျောင်းတိုက်အတွင်း လူထုတရားပွဲကြီးပြီးသည့်နောက် ဆိုရှယ်လစ်ပါတီ လက်ဖက်ရည်ပွဲ ကျင်းပသည့် နေရာတိုက်သို့ ခေတ္တဝင်ရောက်ရာ လူထုကြီးနောက်မှ





လိုက်လံ ဝိုင်းအုံလာကြပြီးလျှင် 'ဗိုလ်ချုပ်ကို ကြည့်ပါရစေ'ဟု အပြင်မှ ဟစ်အော်နေကြ၏။ တောင်းပန်သော်လည်း မရသဖြင့် ဗိုလ်ချုပ် တိုက် အပြင်ဘက်သို့ သုံးမိနစ်မျှထွက်ပြီး ရပ်ပြပြီးလျှင် 'ကိုင်း တော်ရောပေါ့'ဆို၍ ကားပေါ်သို့ တက်လိုက်သောအခါ 'ဗိုလ်ချုပ်အောင်ဆန်း အောင်ပါစေ'ဟု ဟစ်အော်ကြွေးကြော်ကြပြီး ဩဘာကြီး ပေးကြ၏။

"ထူးခြားပုံတစ်ရပ်မှာလည်း ဗိုလ်ချုပ်ကို တွေ့လိုမြင်လို အားကြီးနှင့် သူ့ထက်ငါ တိုးကာကြည့်၍ မြင်ကြရသော်လည်း ဤနေရာ၌ ကြည့်ရ၍ မကျေနပ်သေးဘဲ အခြားတစ်နေရာသို့လည်း လိုက်၍ ကြည့်ကြသေး၏။

ခေတ္တမျှ ကြည့်၍လည်း အားမရ မင်တက်မိနေသည့်ပမာ စိမ့်၍ ကြည့်နေကြသူမှာလည်း ဒုနဲ့ဒေး၊ အချို့လည်း ဗိုလ်ချုပ်၏ ကိုယ်ကို စမ်းသပ်ကြည့်လိုသည့်ပမာ အနားကို အတင်းတိုးကပ်သည်ကို အကြိမ်ကြိမ် ကာကွယ်ရသေး၏"

(မှူရင်းသတ်ပုံအတိုင်း)

ဟူ၍ ပါရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဘုန်းကံပါရမီထူးခြားပုံကို သတင်းထောက် ဦးပုကလေးက သူ့အမြင် သူ့အသိဖြင့် ထိမိစွာရေးသားတင်ပြခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဤမျှအထိ ပြည်သူ့အချစ်တော်ဖြစ်ခဲ့ရပေသည်။ နယ်သို့ တရားဟောထွက်တိုင်း နယ်ခံလူထုကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ဗိုလ်ချုပ်အောင်ဆန်း၏ အပြောအဟောကို နားထောင်ချင်ကြသည်။ ပြတ်ပြတ်သားသား ဟောသည့်စကားကို သဘောကျသည်။ နှစ်ခြိုက်လှသဖြင့် လက်ခုပ်သြဘာ တဖြောင်းဖြောင်း ဖြစ်နေကြသည်။

တရားပွဲပြီးလျှင်လည်း မပြန်နိုင်ကြသေး။

ထိုသို့ရှိသည်မှာ လူကြီး၊ လူလတ်၊ လူငယ်မျှသာ မဟုတ်။ အရွယ်လွန်၍ ကိုယ့်လက် ကိုယ့်ခြေပင် အနိုင်နိုင် သယ်နေကြရသည့် အဘိုးကြီး အဘွားကြီးများကလည်း တုန်တုန်ရီရီဖြင့် လာကြသည်ဟု ဆိုသည်။ အချို့အဘွားကြီးဆိုလျှင် မြေးငယ်သားငယ်တို့ကို တွဲတွဲ ပိုးပိုးနှင့်ပင် အရောက် လာတတ်ကြသည်။ တချို့ အဘွားအိုများကမူ တောင်ဝှေးကို အမှီပြု၍ လာကြသည်။

တစ်ခါက နယ်တရားပွဲတစ်ခုပြီးတွင် အဘွားအိုကြီးက 'ဗိုလ်ချုပ်ကိုတွေ့ချင်လို့ပါ။ ဗိုလ်ချုပ်ကို မြင်ပါရစေ'ဟု တောင်းဆိုနေသည် ဆို၏။ ထိုအခါ ဗိုလ်ချုပ်က ထိုအမယ်အို့အနီးသို့ သွားပြီး 'ကျွန်တော် ဗိုလ်ချုပ်ပါပဲ'ဟု ဆိုသည်။

အမယ်အိုသည် ဗိုလ်ချုပ်၏ လက်ကိုကိုင်လျက် မှုန်တီမှုန်မွှားကြည့်ရင်း 'သြော်… ဗိုလ်ချုပ်ဆိုလို့ ကြီးလှမှတ်တယ်။ ငယ်ငယ်ပဲ ရှိသေးသကို'ဟု ဆိုကာ ဝမ်းသာမျက်ရည်များပင် ကျရှာသည်ဟု သိရပေသည်။

မင်းလက်ရာစာပေ



ဤအဖြစ်သနစ်များကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူလူထုကို လေးစားသည်၊ ပြည်သူလူထုနှင့် တစ်သားတည်း ရှိသည်၊ ငယ်ပင်ငယ်ငြားသော်လည်း ပြည်သူလူထု ကြည်ညိုအောင် နေတတ်သည် မဟုတ်ပါလော။

ပြည်သူချစ်သော ဗိုလ်ချုပ်ကလည်း ပြည်သူကို ချစ်ခဲ့သဖြင့် လွတ်လပ်ရေးလက်ဆောင်ကို အရယူဆောင်ပေးခဲ့ခြင်းပင်တည်း။

❐

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## ပြည်သူယုံကြည်သော၊ ပြည်သူချစ်သော ဒေါ်အောင်ဆန်းစုကြည်

ဒီကနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းကို လေ့လာကြည့်မည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ပြည်သူများက အားကိုးတကြီး အားထားနေကြသည်။

ထိုကဲ့သို့ အားထားရသည်မှာလည်း တိုင်းပြည်မှာ ခါးစည်းခံစားခဲ့ရသော လူမှုဒုက္ခအပေါင်းကြောင့် ဖြစ်သည်။ ခြေလှုပ်လက်လှုပ်၍ မရအောင်ပင် ဖိနှိပ်ခံခဲ့ကြရသည်။ လေသံမျှပင် ကျယ်ကျယ်မပြောဝံ့အောင် ကြောက်ခဲ့ကြရသည်။

ပြောမိဆိုမိလျှင်ပင် ညအချိန်မတော် လာခေါ်သွားမည့်အရေးကို တထိတ်ထိတ် တလန့်လန့်ရှိခဲ့ရပေသည်။ ခဏဟု ဆိုကာ ဘယ်ရောက်လို့ ရောက်သွားမှန်း မသိ။ ဘယ်ခေါ်လို့ ခေါ်သွားမှန်း



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။ ဘယ်ထောင့်မှာ ထားလို့ထားမှန်း မဆိုနိုင်အောင် ခံခဲ့ကြရသည်။

အကြောက်တရားဖြင့် ထိန်းထားခဲ့ရာမှ ထိုအဆိုးရက်များကို တွန်းလှန်တော်လှန်ခဲ့သူမှာ ဒေါ်အောင်ဆန်းစုကြည်၊ သွေးတွေ ချွေးတွေ ပေးဆပ်နေခဲ့ကြသည့် ပြည်သူများရှေ့တွင် ဒေါ်အောင်ဆန်း စုကြည်က မားမားမတ်မတ် ရပ်ပြလိုက်သောအခါ၌ ပြည်သူလူထု ကြီးသည် နား၊ မျက်စိ အလင်းရသွားဘိသကဲ့သို့ ဖြစ်လာကြသည်။

အကြောက်တရား ကင်းလာသည်နှင့်အမျှ ဒေါ်အောင်ဆန်း စုကြည်အပေါ်၌ ယုံကြည်လာသည်။ ကြည်ညိုလာသည်။ ချစ်ခင် လာသည်။ မိခင်တစ်ဦးပမာ အားကိုးလာရခြင်းပင် ဖြစ်ပါသည်။

မှန်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြောသလိုလုပ်၊ လုပ်သလို ပြောခဲ့သည့် အာဇာနည်ရဲ့မေဟု ဆိုရမည် ဖြစ်သည်။ အာဇာနည် ဟူသော စကားမှာမူ အမျိုးသား အမျိုးသမီး ပုဂ္ဂိုလ်တို့၏ ရှိအပ် သော အရည်အသွေးကို ဆိုလိုခြင်း ဖြစ်မည် ထင်သည်။

ကျမ်းများ၏ အဆို၌ '**အာဇာနည် = သင့်မသင့်ကို ခထာချင်း သိ၍ ရဲရင့်စွာ ဆောင်ရွက်နိုင်သူ**'ဟု ဝိဂြိုဟ်ကျင်းပြုထားသည်ကို တွေ့ရသည်။

'အာဇာနည်စိတ်၊ မထိတ်မရွံ့၊ ဤသို့ကြံလျက်၊ မြဲမြဲရည်ရော်၊ လျှောက်သည်သော်ကား' ဟူ၍ ဝန်ကြီးပဒေသရာဇာ၏၊ သူဇာပျို့၌



တွေးမှတ်ဖူးပါသည်။ ထို့ပြင်လည်း 'သို့စင်ကလောက် ဗိုလ်တုကို မရွံ့မကြောက် တိုက်ဘောက်၍ ခုနစ်ယောက်သောမင်းတို့ကို အရှင် ရအောင် ဘမ်းယူခြင်းငှာ စွမ်းနိုင်သည်ကား အာဇာနည်ဖြစ်၍သာ စွမ်းနိုင်လေသတည်း' ဟုလည်း သံဝေဂဝတ္ထုဒီပနီ၌ တွေ့နိုင်၏။

ဒေါ်အောင်ဆန်းစုကြည်သည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ဖြောင့်မတ်သားခြင်း၊ မြဲမြံခြင်းတို့ဖြင့် ပါတီကို ဦးဆောင်နေသည်မှာ အထင်အရှားဖြစ်သည်။

စောင့်ခြင်းမြဲမြံ၊ ကာယကံနှင့်၊ နှုတ်သံဝစီ၊ မနသီဖြင့် ဆိုရ လောက်အောင်ပင် အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံ မိန့်ကြားခဲ့သည့် မိန့်ခွန်းကို ကြည့်၍ သိနိုင်လေသည်။

ရွေးကောက်ပွဲဝင်ကြည့် ကိုယ်စားလှယ်လောင်းများ တွေ့ဆုံပွဲ တွင် အင်တိုက်အားတိုက် အလုပ်လုပ်ဖို့ နှိုးဆော်လိုက်သည်မှာ-

**"ဒီလို၊ ဒီအချိန်၊ ဒီအခါမှာ တကယ်အရေးကြီးတဲ့အချိန်မှာ ဘယ်လောက် ကိုယ့်ရဲ့ပုဂ္ဂိုလ်စွဲတွေ ဘေးဖယ်ပြီးတော့ ဘယ် လောက်မူဝါဒ သဘောထားတွေကို ရှေ့တန်းတင်ပြီးတော့ ပြည်သူအတွက် ဘယ်သူတွေ လုပ်နိုင်မလဲဆိုတာ အဲဒီအဖြေ ဟာ အခုကာလအတွင်းမှာ ပေါ်လာမယ်ဆိုတာ အားလုံး မှတ်ထားကြပါ။"**

ဟူ၍ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဒီမိုကရေစီအခွင့်အရေးမှာ ပြည်သူတွေက အသည်းကြားက မဲတစ်ပြားကို တန်ဖိုးမဲ့ပေးလိုက်တာ မဟုတ်ပါ။ မိမိ၏ ကိုယ်စား ဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်လောင်းကို ယုံကြည်စိတ်ချ အားကိုးစွာ ရွေးချယ်ပေးလိုက်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိတို့ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်လောင်းသည် လွှတ်တော်အတွင်း၌ ပြည်သူ့ရှေ့က မားမားမတ်မတ် ရပိုင်ခွင့်ရှိသမျှကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးဖို့ တင်မြှောက်ပေးလိုက်တာ ဖြစ်သည်။

တွေ့ကြုံဖူးပါသည်။ ဖဆပလ ခေတ်တုန်းက အမတ်တစ်ဦးသည် လွှတ်တော်ထဲ၌ အိပ်ပျော်နေသည်ကို သတင်းထောက်တစ်ဦးက ဓာတ်ပုံရိုက်၍ သတင်းစာထဲတွင် ဖော်ပြခဲ့ဖူးသည်။ ဆိုလိုသည်မှာ ပြည်သူ့ကိုယ်စားလှယ်လောင်းသည် အစဉ် နိုးနိုးကြားကြား ရှိရမည့်အစား လွှတ်တော်ထဲမှာ အိပ်ပျော်နေဖို့၊ ဖိမ်ခံဖို့၊ စည်းစိမ်ယစ်ဖို့ ရွေးချယ်ပေးလိုက်တာ မဟုတ်ကြောင်းကိုတော့ သတိရှိအပ်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က-

"ကျွန်မတို့ စည်းရုံးရေးခရီးစဉ်ဟာ အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ အောင်မြင်ရတဲ့အကြောင်းရင်းကတော့ ပြည်သူကြောင့်ပါ။ အဲဒါကိုတော့ စွဲစွဲမြဲမြဲ မှတ်ထားပါ။ ဒါကြောင့် ကျွန်မ ထပ်ပြီး ပြောပါရစေ။





ပြည်သူကို ကျေးဇူးဆပ်သောအားဖြင့် အဖွဲ့ချုပ်ကနေပြီးတော့ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်လောင်းတွေ အားလုံးဟာ တတ်နိုင်သမျှ ဘယ်လောက်ပဲ ပင်ပန်းပါစေ ပြည်သူတွေအတွက် လုပ်ကျွေးနိုင်ဖို့အတွက် ရွေးကောက်ပွဲမှာ မှန်မှန်ကန်ကန် ကြိုးစားကြပါလို့ ကျွန်မ ပြောချင်ပါတယ်"

ဟု ထပ်ဆင့် ဆော်ဩထားတာကိုလည်း တွေ့ရပေသည်။ လမ်းမချော်၊ လမ်းလွဲမသွားအောင်လည်း သတိရစေဖို့ တိုက်တွန်းထားသည်လို့ ယူဆရပါသည်။

လောက၌ ရွှေတစ်ပဲသား ဆင်ရရုံမျှနှင့် စိတ်ကြီးဝင်တတ်သည့် ပုတ်သင်တို့ ရှိတတ်သည်ကို ဝိဓူရ ဇာတ်တော်တွင် ဖွင့်ဆိုခဲ့ဖူးလေသည်။ ပြည်သူထဲကနေ စင်ပေါ်ရောက်သွားသည်နှင့် ဘဝမေ့တတ်သူ ရှိနိုင်သည်ကို ဒေါ်အောင်ဆန်းစုကြည် ကြိုမြင်ထားပုံရသည်။

"ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောမယ်နော်။

ကျွန်မတို့ ဒီရွေးကောက်ပွဲမှာ ဝင်တာ အပျော်ဝင်တာ မဟုတ်ဘူး။ နိုင်အောင်လို့ ဝင်တာ။ နိုင်ဖို့ဝင်တာ။ အစကတည်းက နိုင်ချင်တဲ့ စိတ်ဓာတ်မရှိရင် ဝင်စရာအကြောင်း ဘာမှမရှိဘူး။ အဲဒီတော့ ကျွန်မတို့က နိုင်တယ်ဆိုတာနဲ့ ကျွန်မ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် ဘာလိုချင်လို့၊ ဒီဟာ လိုချင်လို့ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေပုံ



အဖွဲ့ချုပ်ဥက္ကဋ္ဌမှ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီစည်းရုံးရေးခရီးစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အနေနဲ့ ပြည်သူတွေရဲ့ ကျေးဇူးတွေကို ပြန်ဆပ်နိုင်ခွင့်ရချင်လို့ ကျွန်မတို့ ဒီရွေးကောက်ပွဲကို ဝင်တာ ဖြစ်ပါတယ်။

အဲဒီတော့ ပြည်သူတွေကို တန်ဖိုးထားသောအားဖြင့်၊ ကျေးဇူးတရားကို သိသောအားဖြင့် အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်းများ အားလုံးနဲ့ အောင်နိုင်ရေးအဖွဲ့အားလုံးဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အောင်နိုင်ရေးအတွက် အင်တိုက်အားတိုက် လုပ်ကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ဟူ၍ နိဂုံးချုပ်ထားပါသည်။

ဤစကားပိုဒ်ထဲတွင် 'ပြည်သူတွေကို တန်ဖိုးထားသောအားဖြင့် ကျေးဇူးတရားကို သိသောအားဖြင့်' ဟူ၍ အတိအလင်း ပြောဆိုထားသည်။

ပြည်သူလူထုကြီးက ထောက်ခံပေးသည် ဆိုကတည်းက ပြည်သူကို တန်ဖိုးထားရမည်၊ ကျေးဇူးတင်ရမည်ကို မမေ့ကြဖို့ အလွန်ပဲ အရေးကြီးပါသည်။ ပြည်သူတွေ၏ ကျေးဇူးတရားကို မမေ့ဖို့ လိုသည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က အလေးအနက် ပြောဆိုခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကပင် ဤသစ္စာတရားကို အလေးအနက် စောင့်ရှောက်ခဲ့သည်ကို မှတ်မိနေသေးသည်။





အင်္ဂလိပ်နယ်ချဲ့အစိုးရခေတ်က ဗိုလ်ချုပ်သည် ဝန်ကြီးချုပ် အာဏာ အပြည့်အဝ ရရှိထားခဲ့ဖူးသည်။ ထိုသို့ ကိုင်တွယ် ကွပ်ကဲလိုက်သောအခါ၌ ဗိုလ်ချုပ်သည် ရှေ့၌ ဖြစ်ပေါ်လာသည့် အရေးများကို ကြိုတွက်မိထားသည်။

ထို့ကြောင့် ဗိုလ်ထွန်းလှကို ခေါ်ပြီး ပြောခဲ့သည်မှာ-

"ဟေ့ကောင်၊ ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ ခေါင်းဆောင်ဝန်ကြီး ဖြစ်လာပြီ။

မင်းကလည်း ငါ့ရဲ့ပီအေ (အပါးတော်မြဲ အတွင်းဝန်) အဖြစ် တစ်ရက်နှစ်ရက်အတွင်း ပြန်တမ်းထွက်လာလိမ့်မယ်။ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အဆောင်အယောင် အခွင့်အရေးတွေလည်း ရလာလိမ့်မယ်။ ငါအခုပြောနေတာကို မင်း မြဲမြဲမှတ်ထားစမ်း။

အာဏာရတယ် ဆိုရင်ပဲ ငါတို့ကို ချဉ်းကပ် အကူအညီတောင်းတာတွေလည်း လာလိမ့်မယ်။

ဒီတော့ ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမဘက်က အမျိုးတွေ၊ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေ အားလုံး ဘယ်သူ့ကိုမှ မတရားအခွင့်အရေး မပေးရဘူး။ သူတို့ အကူအညီတောင်းတာကို လုပ်မပေးရဘူး။

မင်းတို့ ငါတို့ကလည်း ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး။ အဲဒါ အိမ်မှာ အားလုံးကို ပြောထားလိုက်။

ငါအခုပြောတဲ့အတိုင်း မလိုက်နာရင် မင်းနဲ့ငါနဲ့ အသိပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသိပေးခဲ့ဖူးလေသည်။

ဒေါ်အောင်ဆန်းစုကြည်လည်း မိမိ၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း စိတ်ဓာတ်ကို စွဲကိုင်ကာ မိမိပါတီ၊ မိမိအဖွဲ့ဝင်ကိုယ်စားလှယ်လောင်းများကို ရှင်းရှင်းလင်းလင်း မိန့်မှာလိုက်သည်ထင်ပါသည်။

ပြတ်သားစွာ ဦးဆောင် ကြိုးကိုင်နိုင်ခြင်းကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူလူထုက ယုံကြည်ခြင်း၊ ချစ်ခြင်းဖြင့် လက်ကမ်းကြိုဆိုလိုက်ကြသည်ဟု ဆိုရမည်တည်း။

❐







www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းပြောသော
## လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ နောက်ဆုံးမိန့်ခွန်း ပြောကြားခဲ့သေး၏။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းထဲတွင် မိန့်ခွန်း၏အဆုံးတွင် သတိပေးနှိုးဆော်ထားခဲ့သေးသည်။ လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေဖို့၊ လွတ်လပ်ရေးကို မြတ်နိုးတတ်စေဖို့၊ လွတ်လပ်ရေးအရသာကို ခံစား၊ စံစားတတ်စေဖို့ မိန့်ကြားခဲ့ခြင်း ဖြစ်၏။

လွတ်လပ်ရေး၊ လွတ်လပ်ရေးဟူ၍ တကျော်ကျော် အော်ဟောင်းနေရုံနှင့်မပြီးချေ။ လွတ်လပ်ရေးရရှိအောင်၊ လွတ်လပ်ရေးရရှိလာရင် ထိုလွတ်လပ်ရေးကို ထိန်းသိမ်းထားတတ်အောင်ပါ တပ်လှန့်နှိုးခဲ့ရှာသည်။





တစ်ဆက်တည်းမှာပင် အကျင့်ဆိုး၊ အကျင့်ဟောင်းတွေကိုပါ ပြုပြင်ကြဖို့ လိုပြီဟု သတိပေးခဲ့သည်။

ထို့အပြင် မိမိတစ်ဦးတည်း ဦးဆောင်သည့် လွတ်လပ်ရေးကြိုးပမ်းမှုကိုသာ ဖောင်းပေးပြီး ဂုဏ်ယူမသွားပေ။

"…ခင်ဗျားတို့ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစား၊ စံစားရမှာ မဟုတ်ဘူး ဆိုတာ ဘယ်လိုအစိုးရပဲတက်တက်၊ ကွန်မြူနစ်အစိုးရပဲတက်တက်၊ ဆိုရှယ်လစ်အစိုးရပဲတက်တက်၊ ဘာအစိုးရပဲတက်တက် အဲဒီလို မလုပ်တဲ့နဲ့တော့ ခင်ဗျားတို့ မဖြစ်ဘူးဆိုတာကို ကျွန်တော် တထစ်ချ ရဲရဲကြီး ပြောရဲတယ်"

ဟု တိတိပပ ထောက်ပြခဲ့ပေသည်။

လွတ်လပ်ရေးရဖို့ဆိုလျှင် စည်းကမ်းရှိဖို့ကိုလည်း-

"ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။

အဲဒီလိုလုပ်တဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစား၊ စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ကို အကျင့်ဆိုးတွေ၊ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေ၊ ဓောက်ကျင့်တွေကို ဖြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်''

(မှုရင်းသတ်ပုံအတိုင်း)

ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ဘွင်းဘွင်းရှင်းရှင်း ပြောချသွားခဲ့၏။ တစ်လွဲဆံပင်ကောင်းနေတတ်သည့် စိတ်ထားမျိုးရှိနေရင် မကောင်းဟုလည်း ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့ရာ၌-

''မြန်မာတွေ စိတ်မှတ်က မဟုတ်တဲ့နေရာမှာ သွားပြီး ကောင်းနေတယ်။

တကယ့်နေရာတွေကျတော့ အသုံးမကျဘူး။ မြန်မာပြည် လွတ်လပ်ရေးရအောင် ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ မြန်မာပြည် ပြန်လည်ထူထောင်ရေး လုပ်တဲ့နေရာမျိုးမှာ အသုံး မချတတ်ဘူး။

မြန်မာ မြန်မာချင်းချဖို့မှာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။

လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး''

ဟု အတိအလင်း ကြေညာခဲ့သည်။

မှန်ပေသည်။





မြန်မာ-မြန်မာအချင်းချင်း ချနေလို့ မတိုးတက်နိုင်ဘူးဆိုသည့် စကားမှာ သွေးထွက်အောင် မှန်နေပါသည်။ လွတ်လပ်ရေးရခဲ့သည်မှာ အဘယ်မျှကြာခဲ့ပြီကို တိုင်းပြည်က အသိပင်ဖြစ်ပါသည်။

အချင်းချင်း ဖိနှိပ်ချုပ်ချယ်မှု၊ တိုင်းပြည် မဖွံ့ဖြိုး၊ မတိုးတက်အောင် ဟန့်တားပိတ်ပင်မှု၊ အာဏာငို ငမ်းငမ်းတက် မက်မောမှုကြောင့် နစ်နာဆုံးရှုံးခဲ့ရသည်မှာ မနည်းတော့ပြီ။

အများတကာ နိုင်ငံများနှင့် နှိုင်းစာလျှင်လည်း ခေတ်နောက်ကျကျန်ရစ်ခဲ့သည်သာ ဖြစ်သည်။ အမိဝမ်း၌ ကိန်းအောင်းနေသည့် ကလေးငယ်ပင်လျှင် ကြွေးနှင့်မကင်း ဖြစ်နေခဲ့ရလေပြီ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ပုသိမ်ဘက်သို့ရောက်စဉ်က မြင်တွေ့ခဲ့ရသော မြင်ကွင်းတစ်ခုဖြင့် ဥပမာတင်ပြခဲ့သည်မှာ လွန်စွာ မှတ်သားဖွယ်၊ နည်းယူဖွယ် ကောင်းလှပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတွင်-

''...ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကိုသွားတဲ့ အခါ လှေပြိုင်ပွဲတစ်ခု ရှိတယ်။ လှေပြိုင်ပွဲ လုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေ ပြိုင်လိုက်တာ ၂ စင်းပြိုင်တဲ့အခါ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်။ ကြွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ရှုံးတဲ့နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင် မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး။

ရှုံးတော့မှာပါပဲကွာ ဆိုပြီး ခြေပစ်လက်ပစ်နဲ့ ဟက်မခတ်ချင်တော့ဘူး"

ဟူ၍ ပါရှိသည်။

မှန်ပါပေ၏။ ထိုအခြေအနေ၊ ထိုသဘောတရားကို ကြည့်ခြင်းအားဖြင့် စိတ်ဓာတ်ခွန်အား နည်း၍ အရှုံးပေးချင်သောစိတ်၊ ပန်းတိုင်မှ မရောက်ရသေးဘဲ ကြားချင်မော်ချင်သောစိတ်ကြောင့် တက်မထောင်သည်ကို ဗိုလ်ချုပ်အောင်ဆန်းက လက်မခံခဲ့ပေ။

နိုင်လျှင်လည်း အနိုင်ရလို့ မမော်ကြွားနှင့်၊ ရှုံးနိမ့်၍လည်း အားမငယ်နှင့်ဟု သတိပေးခဲ့ပေသည်။ ထို့ပြင် ဗိုလ်ချုပ်က-

"အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ရဲ့စိတ်ဓာတ်မျိုး။ အဲဒီ စိတ်ဓာတ်မျိုး ရှိနေသမျှ ကာလပတ်လုံး ကျုပ်တို့ မြန်မာတွေ ကျွန်ဖြစ်နေမှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန်ပြန်ကျွန်ဖြစ်မှာပဲ။ နောက်ဆုံးတစ်နေ့ မရှုံးတဲ့တိုင်အောင် ကျွန်မဖြစ်တဲ့တိုင်အောင် ခုနကလို ဖာသည်လွတ်လပ်ရေး ဖြစ်နေမှာပဲ"

ဟု ခပ်ပြင်းပြင်းကလေး မိန့်ခဲ့ဖူး၏။

တက်ထောင်သည့် ကိစ္စနှင့်လည်း ပတ်သက်၍-





"ဘယ်လိုလဲဆိုရင် အကျင့်က အဲဒီလို နည်းနည်းလေး နိုင်လာတယ်။ ရှေ့ကသာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲသည်လို ရှေ့သာလာလို့ တက်ထောင်မိတာနဲ့ ပွဲတစ်ပွဲရှုံးကို သွားတယ်။ အဲဒီလို ဖြစ်တယ်"

ဟုလည်း ဗိုလ်ချုပ်အောင်ဆန်းက ပွင့်လင်းစွာ မိန့်ကြားခဲ့ပါသေးသည်။ နိုင်ချေရှိလို့လည်း လက်သီးလက်မောင်းတန်း၍ တက်ထောင်၍ မော်ကြွားတာမျိုးလည်း ဗိုလ်ချုပ်အားမပေး။ မမြှောက်စား။ အရှုံးနှင့် ကြုံတွေ့ရပါကလည်း စိတ်ဓာတ်ကျနေစရာ အကြောင်းမရှိပေ။ ကိုယ်လိုချင်သော ပန်းတိုင်ခရီးကို ရောက်အောင်သွားတတ်ဖို့၊ သွားဖို့၊ ရောက်ဖို့သာ အဓိက ဖြစ်ကြောင်းကိုသာ ဗိုလ်ချုပ်အောင်ဆန်း လက်ခံပေသည်တကား။

❐



www.burmeseclassic.com

www.burmeseclassic.com





## ဘေးမသီ ရန်မခ သယ်ဆောင်သွားခွင့်ရလိုသည့် ဒေါ်အောင်ဆန်းစုကြည် စေတနာ

"ဒီမိုကရေစီလှိုင်းဆိုတာကတော့ ပြည်သူတွေရဲ့ အင်အားနဲ့ ပြည်သူတွေရဲ့အာဏာဟာ အတွင်းအထိပ် ဖြစ်ရမယ်ဆိုတာကို ပြလိုက်တဲ့ လှုပ်ရှားမှုတွေကို ရည်ညွှန်းတာဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီလှိုင်းဆိုတာ ပြည်သူတွေဘဝ အခြေအနေပိုမို ကောင်းမွန်လာဖို့ သယ်ပိုတဲ့လှိုင်း ဖြစ်ရမှာပါ။ အငယ်၊ အလတ်၊ အကြီး ဖြစ်နိုင်ပါတယ်။ ကြောက်မက်ဖွယ် အပျက်အစီးတွေဖြစ်စေတဲ့ ဆူနာမီမျိုး မဟုတ်ပါဘူး။ အဲဒီလို ဒီလှိုင်းမျိုးက ကမ္ဘာကြီးတစ်ခုလုံး အနေအထားကို ပြောင်းသွားစေတဲ့ စစ်ပွဲကြီးတွေ၊ ကပ်ဘေးကြီးတွေပါ"

ဟု ဒေါ်အောင်ဆန်းစုကြည်၏ ဇီစကားမှာ တွေ့ရသည့်အချက်တစ်ချက်ပါ။ သရုပ်ခွဲသည့်နေရာမှာ ဒေါ်အောင်ဆန်းစုကြည် ဗီပီပြင်ပြင် မြင်ကြည့်တတ်ကြဖို့ ဆော်ဩထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်သည့် ဒီမိုကရေစီဆိုသည်မှာ ပြည်သူတွေ ဘဝအခြေအနေ ပိုမိုကောင်းမွန်လာဖို့ သယ်ပိုသောလှိုင်းမျိုး ဖြစ်ရမည်ဟု ဆိုသည်။ ဒုက္ခပေးသည့်လှိုင်း၊ ဖိနှိပ်သည့်လှိုင်း၊ သွေးခွဲသည့်လှိုင်း၊ သာယာစီးသည့်လှိုင်း စသည့် လှိုင်းသည် ပြည်သူတို့အတွက် အန္တရာယ်လှိုင်းကြီးဟု ဆိုရမည် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ဆက်၍ ရေးသည်မှာ–

"ဘယ်အရွယ်ပဲဖြစ်ဖြစ်၊ ဒီလှိုင်းတွေကို စီးတတ်မှ အကျိုးဖြစ်မှာပါ။ ဒီလှိုင်းတွေပေါ်က လှေတွေဟာ ချောချောမောမော မြန်မြန်ဆန်ဆန် လိုရာပန်းတိုင်ကို ရောက်အောင် လှေသားတွေက ကျွမ်းကျင်ပိုင်နိုင်ဖို့ လိုပါတယ်။

လှိုင်းရဲ့အရွယ်အစား၊ လှေရဲ့အနေအထားတွေကို တွက်ပြီး လှေကို ဘယ်လို ထိန်းသွားမယ်ဆိုတာ ဆုံးဖြတ်ရမှာပါ။ ဒီမိုကရေစီ လှိုင်းစီးပြီး ပြည်သူများလိုလားတဲ့ ချမ်းမြေ့ဆိပ်ကမ်းကို ရောက်ဖို့ရာလည်း ဆင်ခြင် ပိုင်းဖြတ်မှု မှန်ကန်ဖို့ လိုပါတယ်"

ဟု ဒီစကားပြောထား၏။

မှန်၏။ လှိုင်းကြီးလှေအောက် ဆိုသော စကားပုံရှိပါသည်။ လှိုင်းလုံးဘယ်လောက်ကြီးကြီး၊ အရွယ်အစား ဘယ်လောက်ရှိရှိ၊ နှုန်းက ဘယ်လောက်ပြင်းပြင်း၊ အတိုက်အခိုက် ဘယ်လောက် ထန်ထန် ဤမုန်တိုင်း၏ဒဏ်ကို ကြံ့ကြံ့ခံရည် ရှိထားရမည်။ ထို





အမြင်ပဲကို နိုင်နိုင်နင်းနင်း၊ ကျွမ်းကျွမ်းကျင်ကျင်ကိုင်ပြီး ဖြတ်သန်းရမည် ဖြစ်သည်။ သို့မှသာ လိုရာပန်းတိုင် (သို့မဟုတ်) ဒီမိုကရေစီပန်းတိုင်သစ်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် အားလုံးကိုလည်း မိမိကဲ့သို့ တာဝန်ကျေ၊ တာဝန်ယူနိုင်ဖို့ အတွက် အသိပေး နှိုးဆော်ထားသည်မှာလည်း–

"အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပြည်သူတွေကို ဘောမသီ၊ ရန်မခ သယ်ဆောင်သွားရမယ့် လှေကြီးလို ဖြစ်စေချင်ပါတယ်။

ဒါကြောင့် ကျွန်မတို့ဟာ တစိုက်မတ်မတ် အကြမ်းမဖက်တဲ့ နည်း (ဝါ) တတ်အားသမျှ ပြည်သူကို မနာစေမယ့်နည်းတွေနဲ့သာ ဒီမိုကရေစီကို ရယူရမယ်ဆိုတဲ့မူကို ဆုပ်ကိုင်ခဲ့တာပါ။ ပင်လယ်ပြင်ကြီးမှာ လှိုင်းစီးတဲ့အခါမှာ အန္တရာယ်ဆိုတာတော့ ရှိတာပေါ့။

ကျွန်မတို့ ဒီလှိုင်းစီးခရီးကလည်း အခက်အခဲအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ လှေမမှောက်အောင်၊ မမြုပ်အောင် ထိန်းလာနိုင်ခဲ့ပါတယ်၊ ဆိပ်ကမ်းကိုတော့ မရောက်သေးပါဘူး"

"ခရီးက မဆုံးသေးပါဘူး။ ဆက်ပြီး သတိနဲ့ ဖွဲ့နဲ့ လှိုင်းစီးရဦးမှာပါ။ မကြာမီ ရေငြိမ်ပိုင်းကိုတော့ ရောက်မယ်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြည်သူတွေသာမက ကမ္ဘာ့နိုင်ငံအသီးသီးက စောင့်မျှော်နေကြပါတယ်''

ဟုလည်း ဆိုလိုက်ပါသေးသည်။

ယခုကဲ့သို့ ကြမ်းတမ်းသော၊ ရက်စက်သော၊ အညှာအတာကင်းမဲ့သော လှိုင်းဆိုးကြီးကို ဖြတ်သန်းသည့်အခါ၌ သတိဝီရိယရှိဖို့လိုသည်ဟု မှာကြားသည်။

လေ့မမှောက်အောင်၊ မနစ်အောင် အထူးသတိထားရမည်မှာ တစ်ဦးတစ်ယောက်တည်း၏ တာဝန် မဟုတ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များအားလုံး၌ တာဝန်ကိုယ်စီရှိသည်ဟု ဆိုပါသည်။ သည်သန္နိဋ္ဌာန်ကို စွဲမြဲစွာ နှလုံးသွင်းထားရမည်မှာ အမှန်ပင် ဖြစ်လေသည်။

အောင်မြင်ချောမွေ့သည့် ကမ်းခြေသို့ လှေဦးဆိုက်မည့်နေ့ကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေသည်ကို ဒေါ်အောင်ဆန်းစုကြည်က မျက်ခြည်မပြတ် သတိထားခဲ့သည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က-

''မြန်မာ့ဒီမိုကရေစီလှိုင်းစီးပွဲကြီးကို ဘာကြောင့် ဝိုင်းပြီး စိတ်ဝင်တစားနဲ့ ကြည့်နေကြတယ်ဆိုတာ စဉ်းစားစရာပါပဲ။ ကျွန်မတို့ ကမ္ဘာကြီးမှာ ဝမ်းနည်းစရာ၊ ကြေကွဲစရာတွေက များလွန်းလို့၊ လူသားတွေဟာ ဝမ်းသာစရာ၊ ကြည်နူးစရာကို တမ်းတကြတာ သဘာဝကျပါတယ်။

မင်းလက်ရာစာပေ



ဒီလိုတမ်းတတာဟာ လူသားတို့ရဲ့ အပေါင်းလက္ခဏာဆောင်တဲ့ စိတ်ဓာတ်အပိုင်းကို သက်သေထူတာပဲ။

ကျွန်မတို့နိုင်ငံ ဒီမိုကရေစီရေး အောင်မြင်မှုဟာ လူသားတွေရဲ့ အောင်မြင်မှုလို့တောင် အချို့က မြင်နေသလားလို့ တွေးရပါတယ်။ ဆုမွန်ကောင်းတွေ တောင်းပေးလိုက်ကြတာ၊ ဒီဆုတွေ ပြည့်ဖို့အတွက် တကယ်လုပ်ရမှာဟာ ကျွန်မတို့ပါပဲ။

ဒီနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားရေးကို တကယ် လိုလားသူ အားလုံးဟာ ဒီမိုကရေစီမူတွေအပေါ် အခြေခံပြီး ဒီမိုကရေစီ အမြန်ဆုံးရအောင် ကြိုးစားရမှာပါ''

ဟူ၍ နိဂုံးချုပ်ဆိုထားပါသည်။

မှန်ပေသည်။

မြန်မာနိုင်ငံသည် စစ်အေးစစ်ဒဏ် သင့်ခဲ့သည်မှာ မနည်းလှပါ။ ဗိုလ်ချုပ်အောင်ဆန်း ပြောသလို ခပ်ရှိုင်းရှိုင်း ဆိုရပါမူ ''မိအေးနှစ်ခါနာ'' ဆိုဘိသကဲ့သို့ ရှိသည်။

နယ်ချဲ့ မျက်နှာဖြူများကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်စဉ်ကလည်း နိုင်ငံသည် ဆိုးဆိုးဝါးဝါး တွေ့ဆုံခံစားခဲ့ရသည်။ အိမ်ပစ်ယာပစ်၊ သားကွဲမယားကွဲ ဆင်းရဲမွဲတေ ပြာပုံတမျှ ဖြစ်ခဲ့ရသည်။

ဖက်ဆစ်များ ရောက်လာသောအခါ၌လည်း ပါးရိုက်နားရိုက်၊ ရေနွေးပူလောင်း၊ လက်သည်းခွံခွာ၊ ချွေးတပ်ဆွဲဖြင့် ဒုက္ခဘုံကြီး ဆိုက်ခဲ့ရသည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုဖက်ဆစ်ငပုများကို အမျိုးသားရေး ဦးတည်၍ တိုက်ထုတ်ခဲ့ရာတွင်လည်း အသက်၊ သွေး၊ ချွေးဖြင့် ရင်း၍ တိုက်ပွဲဝင်ခဲ့ရပြန်သည်။ သည်တော့လည်း လူ့အသက်ပေါင်း၊ လူ့စည်းစိမ်အပေါင်းဖြင့် ရင်းခဲ့ရသော အရင်းအနှီးများ မဟုတ်ပါလော။

လွတ်လပ်ရေး၊ လွတ်လပ်ရေးဟု တစ်မျိုးသားလုံး တပ်လှန့်ကာ တောင်းဆိုခဲ့ကြသည်။ ရပြီ လွတ်လပ်ရေး။ ဒါတို့ပြေ(ပြည်) ဒါတို့မြေ လွတ်လပ်ပြီဟု ဝမ်းသာ၍ပင် မဆုံးသေး။ အချင်းချင်း စိတ်ဝမ်းကွဲကြပြီ။

တောခိုသည့်သူက တောခို၊ ပါတီထောင်သည့် သူက ထောင်၊ မြေအောက်ဝင်သည့်သူကဝင်ဖြင့် လုကြ၊ ကိုက်ကြ၊ ခဲကြနှင့် အုပ်မရထိန်းမနိုင်။

အစိုးရဆို ရန်ကုန်ကွက်ကွက်ကလေးသာ ကျန်သည်။ အင်းစိန်ပင် သောင်းကျန်းသူများ လက်ထဲမှာ။ ခဝဲခြံအထိ သူပုန်လက်ထဲမှာ။ ဘာမှ မကျန်။ ရန်ကုန်အစိုးရသာ ရှိတော့သည်။

လူတွေ ပြေးလိုက်ရတာ ဖတ်ဖတ်မော။

ဗိုလ်တထောင်က မီးရထားကုန်ရုံထဲမှာ စစ်ပြေးတွေ စခန်းချထားရသည်။ ဘုန်းကြီးကျောင်းတွေမှာ ကယ်ဆယ်ရေးစခန်းဖွင့်ထားရသည်။ နီးစပ်ရာ ဆွေမျိုး၊ မိတ်သင်္ဂဟ အိမ်တွေတောင်မှ အမြို့မြို့ဆိုင်ရာ ကယ်ဆယ်ရေးစခန်းလား အောက်မေ့ရသည်။

မင်းလက်ရာစာပေ



ဘယ်မှာလဲ လွတ်လပ်ရေးအရသာ။ ဗိုလ်ချုပ် စေတနာထားခဲ့သော၊ မေတ္တာထားခဲ့သော၊ မျှော်မှန်းခဲ့သော လွတ်လပ်ရေးမလိုင်တုံးကြီးကို မည်သူတွေက အရသာခံနေသည်ကို ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများအား ခေါ်ပြလိုက်ချင်ပါ၏။

ယနေ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း စစ်မှန်သော ဒီမိုကရေစီအတွက် ရည်မှန်းချက်ကြီးကြီးဖြင့် တိုက်ပွဲဝင်လျက်ရှိသည်။

ဒီမိုကရေစီကို ပျပျကလေး မြင်နေရပြီဟု တွေးရပါသည်။ သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်ကလည်း အကောင်းဘက်ကို ဦးတည်လာနေပြီမို့ အားလုံးက ဝမ်းပန်းတသာ ကြိုဆိုနေပြီ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကပင်-

"အေးချမ်းမှုပေးနိုင်မယ့် ဒီမိုကရေစီ ပြည်ထောင်စုကြီး တစ်ခု ထူထောင်နိုင်မယ်ဆိုတာ ကျွန်မ တကယ့်ကို ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်က ဘယ်တော့ အကောင်အထည်ဖော်နိုင်မှာလဲဆိုတာ ဒါတော့ ကျွန်မတို့ ပြောလို့ မရပါဘူး။ ကျွန်မတို့ရဲ့ ကြိုးပမ်းချက်တွေပေါ်မှာ မူတည်မယ်လို့ ထင်ပါတယ်"

ဟု ၆၅ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ မိန့်ခွန်းပြောသွားတာ ဖြစ်ပါသည်။ ကျွန်မတို့ရဲ့ ကြိုးပမ်းချက်တွေပေါ်မှာ

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မူတည်တယ်လို့ ထင်ပါတယ် ဆိုသည့်စကား မှန်သည်။ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနှင့် ကြိုးပမ်းသွားလျှင် ယုံကြည်ချက်ပန်းတိုင်ကြီးကို မလွဲမသွေ ရောက်ရမည်ဟု ထင်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား-

ကြိုးစားခြင်းဟာ အောင်မြင်ခြင်း၏ လမ်းစ မဟုတ်ပါလား။

❒





မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါတီခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူများနှင့်
ရင်းရင်းနှီးနှီး နှုတ်ဆက်နေစဉ်



မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်
ကားပေါ်မှပင် နှုတ်ခွန်းဆက်

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ မြန်မာပြည် ပြန်လည်ထူထောင်ရေး

လူကြီးမင်းတို့ ရေးဆွဲပြုလုပ်မည့်အစီအစဉ်သည် လွန်မင်းစွာ ကြပ်တည်းခြင်းသော်လည်းကောင်း၊ လျော့နံ့မားထစ်သော်လည်းကောင်း မဖြစ်စေရ၊ ဖြစ်ပေါ်လာသော အကြောင်းတရားအားလျော်စွာ ပြုပြင်ပြောင်းလဲ၍ရနိုင်သော အစီအစဉ် ဖြစ်ရပါမည်။

လျော့နံ့မားထစ် အစီအစဉ်မျိုးမှာ များသောအားဖြင့် ကောင်းသော အစီအစဉ်မျိုး မဟုတ်။ တိုင်းပြည်၏ ပေါ်ပေါက်ဆဲ ပေါ်ပေါက်လတ္တံ့သော အကြောင်းတရားအမျိုးမျိုးနှင့် သင့်လျော်ပြေပြစ်အောင် ရေးဆွဲသော အစီအစဉ်မျိုးသာလျှင် ကျေနပ်လောက်သော အစီအစဉ်ဖြစ်ပါသည်။

လူကြီးမင်းတို့ ရှေ့မှောက်သို့ ရောက်လတ္တံ့သော ပြဿနာအရပ်ရပ်တို့ကို ကျွမ်းကျင်သူအနေမျိုးမဟုတ်ဘဲ သာမန်လူစားအနေ





မျိုးဖြင့် စစ်ဆေးစောကြောစေလိုပါသည်။ ကျွမ်းကျင်သူ၏ ထင်မြင်ချက်ဆိုလျှင် လူအများမှာ မလွန်ဆန်ဝံ့ဖြစ်နေတတ်ကြပါသည်။ လုပ်ငန်းအမျိုးမျိုး ဆိုင်ရာဘက်က ကျွမ်းကျင်သူများစွာကို ကျွန်တော်တွေ့ဖူးပါသည်။

ထိုပုဂ္ဂိုလ်များဟာ များစွာပင် အသုံးကျပါသည်။ တိုင်ပင်လည်း တိုင်ပင်ထိုက်သည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါသည်။

သို့သော်လည်း လူကြီးမင်းတို့ကို သတိပေးလိုသည်မှာ ထိုပုဂ္ဂိုလ်တွေရဲ့ ထင်မြင်ယူဆချက်ဟာ အမှားမရှိနိုင်ဘူးဟု မထင်ကြစေရန် ဖြစ်ပါသည်။

လူထုကို စကားပြောတိုင်းပြောတိုင်း ကျွန်တော် ဤကဲ့သို့ သတိပေးဖူးပါသည်။ ယခုလည်း ထပ်မံသတိပေးရန် လိုပါသည်။

ထိုပုဂ္ဂိုလ်များဟာလည်း သာမန်လူပုဂ္ဂိုလ်တွေပါပဲ၊ ထို့ကြောင့် သူတို့ ထင်မြင်ယူဆချက်တွေဟာ အမှားဖြစ်ချင်ဖြစ်မှာပဲ၊ အမှန်ကတော့ အဆိုးအကောင်း ဝေခွဲတတ်သော သာမန်လူတန်းစားတို့၏ အတွေ့အကြုံ အကြံဉာဏ် ဗဟုသုတများလည်း ကျွန်တော်တို့ လုပ်ရမည့် အမှုကိစ္စအတွက် အရေးကြီးပါသည်။

ကျွန်တော်တို့ သတိထားရမည့်အချက်မှာ ကျွန်တော်တို့ဟာ အကြောင်းတစ်ခုကို စာရင်းအင်းနှင့် အမြင်အားဖြင့် အခိုင်အမာ သဘောသက်ရောက်အောင် ပြောလာပြီဆိုရင် ယုံလွယ်တတ်ကြသည့် အန္တရာယ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းအင်းများကို ကျွန်တော် လေ့လာခဲ့ဖူးသည်။ ကိုယ်တွေ့ ဗဟုသုတအရ ပြောရမည်ဆိုလျှင် ၎င်းတို့ကိုကြည့်၍ များစွာ နားလည် အကူအညီရသော်လည်း ပထမက ထင်မြင်စိတ်ကူးထား ချက်တွေ အခိုင်အမာဖြစ်အောင် စုဆောင်း ပြုလုပ်ထားသည့် စာရင်း အင်းမျိုးနှင့် တွေ့ကြုံနေကြရမည့်အချက်ကို သတိပြုထားကြဖို့ လို ပါသည်။

ကျွန်တော်ပြောခဲ့သည့်အတိုင်း စာရင်းအင်းအထောက်အထား နှင့် ပြောဆိုခြင်းဟာ အကျိုးရှိသည့် အလေ့အထမျိုးဖြစ်သော်လည်း ထိုစာရင်းအင်းနှင့် အထောက်အထားပြုလုပ်ထားသည့် ရည်ရွယ်ချက် သဘောလက္ခဏာများကို စောကြောစစ်ဆေးဖို့ရန် အလွန်အရေးကြီး ပါသည်။

သို့သော်လည်း အရေးအကြီးဆုံးမှာကား ကျွန်တော်တို့သည် ၎င်းတို့ကို အထောက်အထားပြု၍ လမ်းမှန်အတိုင်း ထင်မြင် ယူဆ နိုင်ဖို့ရန် အရေးကြီးပါသည်။

ရှေးဦးစွာ လုပ်သင့်သည့်လုပ်ငန်းများကို ရှေးဦးစွာ လုပ်ကိုင် သွားသော နည်းစနစ်ကို လိုက်နာရန် အကြောင်းပင် ဖြစ်ပါသည်။ ကိစ္စ အမြောက်အမြားကို တစ်ကြိမ်တည်း စဉ်းစားဆွေးနွေးသည့် အလုပ်ကို မပြုလုပ်ရန် သတိထားရပါလိမ့်မည်။

အရေးမကြီးလှသော ကိစ္စများကို အရေးကြီးသောကိစ္စများ အလျင်တင်ကူး၍ ဆောင်ရွက်ခြင်း မပြုအပ်ပါ။ မိမိကိုယ်တိုင်







ဆိုရှယ်လစ်ဗီလာ အမည်ပြောင်းလိုက်သော
ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၃၆၁ ရှိ စာပေဗိမာန်အဆောက်အအုံ
ယခု ဆက်သွယ်ရေးနှင့်စာတိုက် ကြေးနန်းဝန်ကြီးဌာန

တင်ကူးနှစ်ခြိုက်လျက်ရှိသော အကြောင်းခြင်းရာများကို ပထမဦးစွာ အရေးယူလိုသော စိတ်ဆန္ဒများ ပေါ်ပေါက်လာတတ်ပါသည်။ သို့ရာ တွင် ဤသို့ မဖြစ်စေရန် သတိမူရန် လိုပါသည်။ မည်သည့်ကိစ္စ သည် ပထမဦးဆုံး ဆောင်ရွက်အပ်သည့်ကိစ္စ စသည်ကို သဘော တူညီချက် ရယူပြီးလျှင် ထိုကိစ္စများကို ဆောင်ရွက်သွားရပေ လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးအစဉ်လုပ်ငန်းကိုင်နည်း၊ အရိုးအစဉ်ယူနည်းဆနည်း တို့ကို လိုက်နာလိုသောစိတ်များလည်း ပယ်ဖျောက်ပစ်ကြစေလိုပါသည်။ တစ်နေရာတွင်သုံးရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းကမ်းချက်မျိုးမှာ လုံးဝခေတ်နောက်ကျနေသေးသော လုပ်ထုံးလုပ်နည်းဖြစ်နေတတ်ပါသည်။

လုပ်ရိုးလုပ်စဉ် သတ်မှတ်ရခြင်းမှာ အလုပ်ကို လျင်မြန်တွင်ကျယ်စေရန် ဖြစ်ပါသည်။ သို့ဖြစ်ငြားသော်လည်း လုပ်ထုံးလုပ်နည်းသည် အကျိုးကျေးဇူး မဖြစ်ရုံတင်မက အလုပ်မတွင်ကျယ်ဘဲ အလုပ်ကို လေးလံနှေးကွေးစေမည်ဖြစ်လျှင် ထိုလုပ်ထုံးလုပ်နည်းကို ဖျက်ပယ်ပစ်ရန်သာ သင့်တော့သည်။

အချို့သော အစိုးရဌာနရုံးများနှင့် ပတ်သက်၍လည်း ဤနည်းပင် ပြောရပေလိမ့်မည်။

ယခုလုပ်ဆောင်ရမည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ပြောကြားလိုသော အခြားအကြောင်းတစ်ရပ်မှာ တစ်ကြိမ်လျှင် ကိစ္စတစ်ခုကိုသာ ဆောင်ရွက်၍ ဆောင်ရွက်ရာ၌လည်း မကြောက်မရွံ့ ရဲဝံ့စွာဖြင့် လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ရေးဆွဲရာ၌ အရှုပ်အထွေးမရှိ၊ လုပ်ကိုင်၍ ဖြစ်နိုင်သော စီမံချက်တို့ကို ပြုလုပ်ရန် လိုပေသည်။ သို့ရာတွင် တကယ် ဖြစ်ထွန်းမည်ကို ရှေ့ရှုမျှော်မြင်နိုင်သော စိတ်ကူးဉာဏ် ရှိရပေလိမ့်မည်။





အရေးကြီးသောကိစ္စများတွင် တတ်စွမ်းနိုင်သမျှ တစ်ခုပြီးတစ်ခု လုပ်ရပေလိမ့်မည်။ တစ်ပြိုင်နက် အကြံအစည်များလွန်းကဘေးဥပါဒ် အန္တရာယ်များ ဆိုက်ရောက်တတ်ပေသည်။

မိမိတို့ တိုင်းပြည်အတွင်း အစွမ်းကုန်ဆောင်ရွက်လိုသော စိတ်ဆန္ဒ ထက်သန်ခြင်းကြောင့် စီမံချက်များပြုလုပ်ရာတွင် လိုဘကြီးလွန်းသော စီမံကိန်းများ မပြုလုပ်မိစေရန်အတွက် ဂရုပြုရပေလိမ့်မည်။

အစီအမံကောင်းသူမှန်လျှင် တစ်စခန်းပြီးမှ တစ်စခန်းသို့ တက်လှမ်းကြမြဲ ဖြစ်သည်။ ဆိုလိုသောအချက်မှာ တစ်ကြိမ်တစ်ခါတည်းတွင် တစ်လှမ်းတည်းသာ လှမ်းရမည် မဟုတ်ပေ။

လိုအပ်၍ ဖြစ်နိုင်လျှင် တစ်ကြိမ်တည်း တစ်လှမ်းတွင်မက နှစ်လှမ်းသုံးလှမ်း တက်လှမ်းရန် အသင့်ရှိရမည့်အပြင် ထိုသို့ပြုလုပ်ရန် အရည်အချင်းလည်း ရှိရပေလိမ့်မည်။

ပထမဦးဆုံး လိုအပ်သည့်အချက်က စီးပွားရေးဘက်မှ အခြေခံကောင်းကောင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းစဉ်ရေးဆွဲထားဖို့ ဖြစ်ပါသည်။

အချို့က စီးပွားရေးအခြေခံကောင်းကောင်း ပြန်လည်ထူထောင်သလို နိုင်ငံရေးဘက်ကလည်း အခြေခံကောင်းကောင်းနှင့် ပြန်လည်ထူထောင်ရန် လိုသည်။

စီးပွားရေးနှင့် နိုင်ငံရေးမှာ အချင်းချင်း အညမည ဆက်သွယ်နေသည့်အတွက် တစ်ခုနှင့်တစ်ခု သီးခြား ခွဲခြားထား၍ မရနိုင်ပါ။

❒



www.burmeseclassic.com

www.burmeseclassic.com





## ငြိမ်းချမ်းရေးသာလိုချင်တဲ့ ဒေါ်အောင်ဆန်းစုကြည်

အခုချိန်မှာ အထူးသဖြင့် အရေးကြီးတာကတော့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အခု ကျွန်မတို့ နိုင်ငံမှာဆိုလို့ရှိရင် စစ်မီးစတာဟာ ပြန်ပြီးတော့ ပွားနေတဲ့သဘောမျိုး ရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်မရဲ့မွေးနေ့မှာ ငြိမ်းချမ်းရေးကိစ္စကို ကျွန်မ အရေးထားပြီး ပြောချင်ပါတယ်။

ကျွန်မကို မွေးနေ့ဆုတောင်း ဘာလိုချင်လဲ ဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံမှာ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့၊ အေးအေးဆေးဆေးနဲ့၊ သာသာယာယာနဲ့၊ ဝဝဖြိုးဖြိုးနဲ့ နေထိုင်ဖို့ကို အဲဒီတော့ နိုင်ငံတစ်နိုင်ငံဟာ တိုးတက်ဖို့၊ သာယာဖို့ဆိုတာ ပထမဦးဆုံးတော့ ငြိမ်းချမ်းဖို့ လိုပါတယ်။

အဲဒီတော့ ကျွန်မရဲ့ မွေးနေ့ဆုတောင်းကတော့ ကျွန်မတို့ အားလုံး ငြိမ်းချမ်းကြပါစေဆိုတဲ့ ဆုတောင်းပါပဲ။ အဲဒီတော့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းဖို့ဆိုတာဟာ ကျွန်မ တစ်ယောက်တည်းလုပ်လို့လည်း မဖြစ်ဘူး။ ကျွန်မတို့ အဖွဲ့တစ်ဖွဲ့တည်းလုပ်လို့လည်း မဖြစ်ပါဘူး။ အားလုံးက ဝိုင်းပြီးတော့ လုပ်ပေးမှ ဖြစ်မှာပါ။

အဲဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ ငြိမ်းချမ်းရေးရဖို့အတွက် အားလုံးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းတဲ့အခါကျမှ တခြားကိစ္စတွေကို ကျွန်မတို့ တစ်ဆင့်ပြီးတစ်ဆင့် အားလုံးသိတဲ့အတိုင်းပဲ အခု အနှစ်၂၀ ကျော်လာပြီ။ ကျွန်မတို့ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ကျွန်မတို့နိုင်ငံမှာ တိုးတက်ရေး၊ သာယာရေးအတွက် ကျွန်မတို့ ကြိုးစားခဲ့ပါတယ်။

တကယ်တော့ အမျိုးသားရင်ကြားစေ့ရေး ဆိုတာဟာလည်း ငြိမ်းချမ်းရေး မရှိလို့ မဖြစ်ဘူး။

ငြိမ်းချမ်းရေးဟာ ပထမခြေလှမ်းပါ။ ဒီတော့ ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့ အားလုံးက ကူညီကြပါ။

တခြားမွေးနေ့လက်ဆောင်တွေ ဘာတွေက ဒီလောက် အရေးမကြီးပါဘူး။ တကယ့်အရေးကြီးတဲ့ လက်ဆောင်က ဘာလဲဆိုတော့ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးရစေမယ့် စိတ်ထားတွေ တစ်ဦးချင်း တစ်ဦးချင်းက ပွားပေးကြပါလို့။

မင်းလက်ရာစာပေ



ဘာဖြစ်လို့လဲဆိုတော့ တချို့က ပြောမယ်ပေါ့နော်။ ကျွန်မကနေပြီးတော့ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းဖို့ ကူညီပေးပါဆိုရင် ကျွန်တော်တို့က ဘယ်လိုကူညီပေးနိုင်မှာလဲ။

ကျွန်မတို့က ဘာအကူအညီပေးနိုင်မှာလဲ ဆိုပြီးတော့ မေးကြတယ်။ အဲ မေးကြလေ့ ရှိတယ်။

အဲဒီတော့ ကိုယ့်စိတ်ထဲက ဒီကမ္ဘာကြီးမှာ ဖြစ်သမျှ၊ ကိစ္စမှန်သမျှဟာ စိတ်ထဲကနေပြီးတော့ စရမှာပဲ။

အဲဒီတော့ ကမ္ဘာကြီးမှာ တကယ်ဖြစ်ခဲ့တဲ့ အပြောင်းအလဲတွေဟာ ဘယ်ကစခဲ့လဲဆိုတော့ လူသားတွေ အတွေးအခေါ်က စခဲ့တာပဲ။ ဒီအတွေးအခေါ်တွေ ပြောင်းလဲမှ ကမ္ဘာကြီး ပြောင်းလဲမှာ ဖြစ်ပါတယ်။

အဲဒီတော့ လူတစ်ယောက်ချင်း တစ်ယောက်ချင်းကနေပြီးတော့ ငြိမ်းချမ်းရေးဘက်ကို ဦးတည်မယ့် အတွေးအခေါ်တွေကို ပြုစုပျိုးထောင်မယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှာ ငြိမ်းချမ်းရေးရနိုင်မှာ ဖြစ်ပါတယ်။

မှတ်ချက်- လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက် ၆၆ နှစ်ပြည့် မွေးနေ့အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ဖြစ်သည်။

❒

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com






## သူများကို အားကိုးတဲ့ပြည်သူ မဖြစ်စေချင်လို့ ဒေါ်အောင်ဆန်းစုကြည်ပြော

၂၀၁၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ်ဒေသကြီးသို့ စည်းရုံးရေးခရီးတစ်ထောက် ရောက်ခဲ့ပါသည်။

ထိုသို့ ရောက်ခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် လူထုကြီးတစ်ရပ်လုံးကို သူ့အမြင်၊ သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောကြား၍ တပ်လှန့်ခဲ့၏။

မြန်မာနိုင်ငံတော်သားများအနေဖြင့် နိုင်ငံတော်အပေါ်၌ ဖွံ့ဖြိုးရေး အကူအညီပေးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို စောင့်နေစောင့်စား မရှိကြစေဖို့ သတိပေး နှိုးဆော်ခဲ့ပြီ။

မှန်ပါသည်။ သိုးဆောင်းစကားပုံ တစ်ခုရှိခဲ့ဖူးသည်။

'သူများအိမ်ခေါင်မိုး တံစက်မြိတ်ပေါ်က ဒိန်ခဲကို စောင့်မျှော်ရင်း ကိုယ့်လက်ထဲက ပေါင်မုန့်ကို အခြောက်မခံပါနဲ့' ဆိုသည့် စကားပုံပါ။ သူများက ပေးနိုးပေးနိုးဖြင့် စောင့်မျှော်ရင်း အချိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



အလဟဿ ကုန်ဆုံးသွားမှာ သေချာသည်။ ဒါထက်ဆိုးသည်ကား တိုင်းပြည်မွဲလို့၊ ဆင်းရဲလို့၊ နိမ့်ကျလို့ ရိုးရိုးသားသား စေတနာထားပြီး ကူညီပံ့ပိုးတာက တစ်မျိုး။

ပွဲလန့်တုန်း ဖျာခင်းတာတို့၊ သနားလို့ တစ်ရွှန်းကူသောက်သွားတာတို့ ဆိုရင် နာပြီ။ ဘာထူးဦးမည်နည်း။

ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်နိုင်ငံကိုယ် ပြန်လည်ထူထောင်နိုင်အောင် ကြိုးစားကြတာက ဟုတ်တုတ်တုတ် ရှိဦးမည် ဖြစ်သည်။

ဒီလို ထူထောင်နိုင်ဖို့ဆိုတာ တစ်တိုင်းပြည်လုံး အနေအထားနှင့် စည်းရုံးရမည်၊ ညီညွတ်ရမည်၊ ကြိုးစားရမည်၊ ချွေတာရမည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းထဲမှာလည်း–

"ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံး ပြန်အုတ်မြစ်ချပြီး လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်း တစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း လေးငါးဆယ် လှမ်း လှမ်းနိုင်မှ..."

ဟု မိန့်မှာထားတာ ရှိပါသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့က လုံး၀ လွတ်လပ်ရေးအဆိုကို တင်သွင်းစဉ်ကလည်း ဗိုလ်ချုပ်အောင်ဆန်း ဤကဲ့သို့ မိန့်ကြားခဲ့လေသည်။

"ဆိုဗီယက်ယူနီယံဆိုတဲ့ တိုင်းပြည်ကြီးဟာ တော်လှန်ရေးတွေ ဖြစ်ပြီးတဲ့နောက် ပထမရှေးဦးစွာ စစ်အတော အတွင်း





မှာတော့ ဝါးကွန်မြူနစ်ဇင် (War Communisn) ဆိုတာ ဒီအတောအတွင်းမှာလုပ်တဲ့ ကွန်မြူနစ်ဆိုပြီးတော့ လုပ်တယ်။ အဲဒီပြီးတဲ့နောက် စစ်ပြီးတဲ့အခါမှာလည်း (New Economic Policy) ခေါ်တဲ့ စီးပွားရေးစနစ် သဘောမျိုးပဲ လုပ်နေတယ်။ အဲဒီလို လုပ်ပြီးတဲ့နောက်မှ တစ်ခါ ၅–နှစ် စီမံကိန်းတွေ ဆိုပြီးတော့ ဆိုဗီယက်ယူနီယံမှာ လုပ်ခဲ့တယ်။

အဲဒီလို ၅–နှစ် စီမံကိန်းတွေ၊ ပထမစီမံကိန်းတွေ လုပ်စဉ် အခါတုန်းက ဒီတစ်နိုင်ငံလုံးရဲ့အခြေအနေ အားလုံးကို ရှေးရှု ပြီးတော့ လုပ်ရတဲ့အခါဖြစ်တဲ့အတွက် လူတွေဟာ စားချင်တိုင်း ပထမ မစားရဘူး။ ဝတ်ချင်တိုင်း မဝတ်ရဘူး၊ နေချင်တိုင်း မနေရဘူး။ အဲဒီလို ဖြစ်ရတယ်။

ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည် ထူထောင်ကြမယ်ဆိုလို့ရှိရင်လည်း (National Planning)ခေါ်တဲ့ စီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး။ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်တယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေကပေါက်လာမှာ မဟုတ်ပါဘူး။

ပဒေသာပင် ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲ ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်...”

(မှုရင်းသတ်ပုံအတိုင်း)

ဟု မိန့်ခဲ့ပါသည်။

လွတ်လပ်ရေးနှင့်ပတ်သက်ပြီး ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ကို ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံတကာဖြင့် နှိုင်း၍ ပြောဟောခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံတကာ၏ ဖေးမကူညီမည့် အနေအထားကို သတိရှိရန် တိုက်တွန်းစကား ပြောခဲ့ပေသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်က လူထုကြီးအား ပြောကြားရာ၌-

“အခု သတင်းတွေ နားထောင်တဲ့သူတွေ၊ သတင်းတွေ ဖတ်တဲ့သူတွေ သိပါလိမ့်မယ်။ နိုင်ငံ တော်တော်များများဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့၊ မြန်မာနိုင်ငံကို ဖွံ့ဖြိုးရေး အကူအညီပေးဖို့ စောင့်နေကြတယ် ဆိုတာဟာ ဘာကြောင့်လဲ ဆိုတာ စဉ်းစားတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ ဆိုတာ ကတော့ သူတို့အကျိုးအမြတ် မရှိဘဲနဲ့တော့ မလုပ်ပါဘူး” ဟူ၍ ဖြစ်သည်။

ဒီစကား မှန်ပါသည်။ စီးပွားရေးသမား ဆိုသည်မှာ မိမိအကျိုးအမြတ် မရှိဘဲ အလုပ်လုပ်မည် မဟုတ်။ စီးပွားရေး အမြတ်ထုတ်ဖို့၊

မင်းလက်ရာစာပေ



ကုတ်သွေးစုပ်ဖို့နှင့် ၄င်းတို့၏ ပစ္စည်းရောင်းကုန်များ တွင်တွင်ကျယ်ကျယ် ဖြန့်ချိဖို့က အဓိကပင် မဟုတ်ပါလော။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က တာဝန်သိသည့်၊ တာဝန်ယူရဲသည့် ပြည်သူလူထုကြီး ဖြစ်ဖို့ကိုလည်း ဤသို့ ပြောကြားခဲ့၏။

“ဒါပေမဲ့ တခြားအဖွဲ့အစည်းတွေ၊ နိုင်ငံတွေက ကျွန်မတို့နိုင်ငံကို ကူညီချင်တဲ့အကြောင်းတစ်ခုက ဘာလဲဆိုတော့ ဒီနိုင်ငံဟာ အခုခေတ် အနိဋ္ဌာရုံတွေ အင်မတန်များတဲ့ခေတ်ကြီးမှာ မျှော်လင့်ချက်ရှိတဲ့နိုင်ငံဆိုပြီး သူတို့ မြင်နေလို့ပဲ။ လူသားတိုင်းဟာ မျှော်လင့်ချက်ဆိုတာကို သဘောကျတယ်။ လူသားတိုင်းဟာ အကောင်းဖြစ်စေချင်ကြတယ်။

အခြေခံအားဖြင့်တော့ လူတွေက ကောင်းတာ မြင်ချင်ကြတော့ မြန်မာနိုင်ငံမှာ မျှော်လင့်ချက် ရောင်ခြည်သန်းလာပြီဆိုပြီးတော့ သိပ်ပြီးတော့ ကူညီချင်တဲ့စိတ်တွေ ရှိတယ်။

ဒါပေမဲ့ တကယ်ရောင်ခြည်သန်းအောင်လုပ်ဖို့ဟာ ကျွန်မတို့အားလုံးရဲ့တာဝန် ဖြစ်တယ်။

ကျွန်မတို့ ပြည်သူတွေကို တာဝန်သိတဲ့၊ တာဝန်ယူရဲတဲ့ ပြည်သူတွေ ဖြစ်စေချင်တယ်။ သူများကို အားကိုးတဲ့ ပြည်သူမျိုး မဖြစ်စေချင်ဘူး။

ကိုယ့်အား ကိုယ်ကိုးပြီးတော့ ကိုယ့်နိုင်ငံကို တိုးတက်အောင် လုပ်မယ်ဆိုတဲ့ ပြည်သူတွေ ဖြစ်စေချင်တယ်”

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်က ကိုယ့်တိုင်းပြည်ကို ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ့်နိုင်ငံ ကိုယ်တူထောင်၊ ကိုယ့်ပြည်ထောင်စုသား များကို လှအောင်ဆင်စေလိုသော စေတနာအပြည့်ဖြင့် နှိုးဆော်လိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်က ဥပဒေစိုးမိုးရေးကိုလည်း အရေးကြီးကြောင်း ထောက်ပြရာတွင်-

"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်လို့ နိုင်ငံတကာက လာကြည့်နေကြတယ်။ လေ့လာနေကြတယ်။

ဒါပေမဲ့ ဒီလို ရင်းနှီးမြှုပ်နှံဖို့ တိုင်းပြည်မှာ ဥပဒေစိုးမိုးရေး မရှိဘဲနဲ့ တကယ့်ကို ကြီးကျယ်ပြီးတော့၊ သိက္ခာရှိပြီးတော့ ကျွန်မတို့ နိုင်ငံကို အကျိုးပြုနိုင်မယ့် လုပ်ငန်းကြီးတွေက လာမှာတော့ မဟုတ်ဘူး"

ဟုလည်း သတိပေးစကား ပြောကြားသည်။

မှန်၏။ တိုင်းပြည်၌ တရားဥပဒေစိုးမိုးရေးသည် မျက်စိနှင့် ခြေမျက်စေ့ နေရာလွဲမှားနေပါက အာမခံချက် ရှိနိုင်ဦးမလားဟု ထင်စရာ မြင်စရာ ရောက်သည်မဟုတ်လော။

ဥပဒေစိုးမိုးမှု အခိုင်အမာ တည်တံ့ပါမှ နိုင်ငံတကာလုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးသမားကြီးများက ယုံကြည်စိတ်ချစွာ ဆက်ဆံဆက်သွယ်လာမည်မှာ မုချပေတည်း။

❐







www.burmeseclassic.com

www.burmeseclassic.com

## သိက္ခာရှိသော အောင်နိုင်မှုဖြစ်စေဖို့ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းခဲ့တဲ့ မှဒီတာစကား

၂၀၁၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့က ထိုနေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ မှဒီတာစကားကလေးသည် အလွန်ပဲ မှတ်သားနာယူဖွယ် ကောင်းလှပါသည်။

လွှတ်လပ်ရေးရပြီ ဖ•ဆ•ပ•လ အစိုးရတစ်ခေတ်လုံးကို ပြန်ပြောင်းကြည့်မိသည်။ မဲရွေးပွဲတွေ၊ မဲပေးပွဲတွေ တော်တော်ကလေး ကြုံတွေ့ခဲ့ရသည်။

ဖ•ဆ•ပ•လ အဖွဲ့၊ ပ•မ•ည •တ အဖွဲ့၊ တစ်သီးပုဂ္ဂလတွေဆိုပြီး အဖွဲ့အစည်းတွေ မှိုလိုပေါက်ခဲ့သည်။ အတိုက်အခံပါတီတွေဆိုရင် ဖ•ဆ•ပ•လက အလွန်မျက်မုန်းကျိုးတာ။ မဲဆွယ်စည်းရုံးလုပ်သည့်အခါတိုင်း ခဲနှင့်ပစ်၊ တုတ်နှင့်ရိုက်၊ ဟောပြောစည်းရုံးပွဲပျက်အောင်လုပ်၊ လူတွေ အသတ်ခံရ၊ ထောင်ထဲထည့်လိုထည့်။





မသမာမှုတွေ ပြောမကုန်၊ တောသုံးတောင်လောက်ရှိရဲ့။ လယ်ဝေးမှာဆို အဆိုးဆုံး။ သေသူတွေ သေခဲ့ကြရသော်လည်း လုပ်ရက်သူတွေ ဘာမှုမဖြစ်။ ခေါင်းပေါင်းစ တလူလူ၊ ကားတဝီဝီနှင့် နေခဲ့ကြလေသည်။

အာဏာရှိသူတွေက သူ့လူတွေကို အကာအကွယ်ပေးထားသည်။ ကာကွယ်ထားခဲ့သည်။

အာဏာရှိသူက အာဏာမဲ့ပြည်သူများအပေါ်၌ အနိုင်ကျင့်စိုးမိုးသည့်အချိန်ပါ။ ဥပဒေဆိုတာ သူတို့၏ ခါးပိုက်ထဲထည့်ထားသည့်ခေတ်။ တစ်ခေတ်နှင့်တစ်ခေတ် ဖြတ်သန်းလာခဲ့ရသည့်ခေတ်များကို ပြန်လှည့်စောင်းကြည့်တော့လည်း ဒီပုတ်ထဲက ဒီပဲမျိုးသာထွက်လာသည်။

အေးချမ်းမှုသည် မရှိ၊ ဥပဒေစိုးမိုးရေး မရှိ။ နိုင်ရာစားသည့်ခေတ်လို ဖြစ်နေသည်။ မဲပေးတာတောင် ကြောက်နေသည်။ ကန့်ကွက်မဲထဲဝင်သွားသည့် မဲများသည် မဲပုန်းဖင်ဖွင့်၍ ထောက်ခံမဲပုန်းအတွင်းသို့ ခုန်ဆင်းကြကုန်လေ၏။


မဲပုန်းထဲသို့ မှင်စက်ချမိသူရှိလျှင်လည်း ထိုလူကို မရမကရှာ၍တွေ့သည်နှင့် ပြဿနာအမျိုးမျိုး ရှာတော့သည်။ ပြည်သူ့ဆန္ဒဆိုတာ စာထဲမှာ နေရစ်ခဲ့သလို ဖြစ်သည်။

ယနေ့ယခုအခါ၌ ဒါတွေ လွန်မြောက်သင့်ပြီ။ အတိတ်သမိုင်းမှာ ထားခဲ့တာ အကောင်းဆုံး။ တရားဥပဒေ၏အထက်မှာ မည်သူ့




www.burmeseclassic.com

www.burmeseclassic.com



ကရင်တိုင်းရင်းသူဝတ်စုံဖြင့် စည်းရုံးရေး ခရီးတလျှောက်၌ တွေ့မြင်ရပုံ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်
ဖျာပုံ မြို့နယ် နိုင်ငံရေးခရီးစဉ်

www.burmeseclassic.com

www.burmeseclassic.com



မရှိရဆိုသည့်မှုကို ဘယ်အတိုင်းအတာအထိ ပြည်သူတွေ စောင့်ကြည့်ရမည်ဟု ထင်ပါသည်။

အစိုးရသစ်၏ အနေအထားကတော့ အတော်ကလေး ပျော့ပြောင်းလာသည့်အသွင် ရှိသည်။ ပြည်သူ့ဆန္ဒအမှန်ကို လက်ခံနိုင်ဖို့ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်က ဤသို့ နှီးဆော်ခဲ့သည်မှာ-

"တရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်လာရန် ရွေးကောက်ပွဲ ကော်မရှင်တစ်ခုတည်းဖြင့် မလုံလောက်ပါဘူး။ သက်ဆိုင်ရာ နိုင်ငံရေးပါတီများအပြင် မိမိတို့ အစိုးရ၊ မီဒီယာများ၊ မိဘပြည်သူများ အားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ နိုင်ငံသားအားလုံးနှင့် ပတ်သက်သည့် အရေးကိစ္စဖြစ်တဲ့အတွက် နိုင်ငံသားအားလုံးက ပံ့ပိုးကူညီဆောင်ရွက်ကြရမှာ ဖြစ်တယ်"

ဟူ၍ မိန့်ကြား၏။

ထို့နောက် တစ်ဆက်တည်းပင် နိုင်ငံတော်သမ္မတကြီးက-

"ရွေးကောက်ပွဲများ၏ ထုံးစံအရ ရှုံးသူနဲ့နိုင်သူ ထွက်ပေါ်လာမှာ ဖြစ်သော်လည်း ထွက်ပေါ်လာသည့်ရလဒ်ကို အားလုံးက ကျေနပ်လက်ခံလာအောင် နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ မိဘပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူကြရာတွင် အရှုံးကို တွေ့ကြုံရသော်လည်း ရှုံးနိမ့်မှုကို ခံယူတတ်ရန်၊ နားလည်တတ်

မင်းလက်ရာစာပေ



ရန် အရေးကြီးကြောင်း၊ မိဘပြည်သူများ၏ ဆုံးဖြတ်ချက်သည် အဓိကဖြစ်ကြောင်းကို နိုင်ငံရေးပါတီများအနေဖြင့် နားလည်ယုံကြည်ထားရန် လိုအပ်ကြောင်း..."

များကိုပါ တိတိပပ ထည့်သွင်းပြောကြားခဲ့လေသည်။

မတ်လ၊ ၂၅ ရက်နေ့က ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ မိန့်ကြားခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ မိန့်ခွန်းမှ ကောက်နုတ်ချက် ဖြစ်ပါသည်။

ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း ထိုအရေး၊ ထိုကိစ္စများကို ကြိုတင်မြင်ပြီး ဖြစ်သည်။ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ထောက်ခံမှုများနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အောင်ပွဲခံနိုင်ခဲ့ပြီ ဖြစ်သည်။ ထိုအောင်မြင်အပေါ်တွင် မည်သို့သဘောထားရမည်၊ မည်သို့ ထိန်းသိမ်းရမည်၊ မည်သို့ သိက္ခာရှိရမည်ကို မိမိ၏အဖွဲ့ဝင်များအား အချိန်မီ နှိုးဆော်ခဲ့သည်မှာ-

"ယနေ့ ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ ပြည်သူလူထု၏ ထောက်ခံမှုကြောင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ကိုယ်စားလှယ်များ အောင်နိုင်မှုရကြောင်း သတင်းများ တက်နေပါသည်။ ယခုလိုအချိန်မှာ ထောက်ခံသော ပြည်သူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ ပျော်ရွှင်ကြမည်မှာ သဘာဝကျပါသည်။ သို့သော်လည်း တစ်ဖက်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား စိတ်ထိခိုက်၊ စိတ်မကောင်းဖြစ်စေနိုင်သည့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြောအဆို၊ အမူအရာ၊ အလုပ်အကိုင်များ၊ လုံးဝရှောင်ရှား ကြရမည် ဖြစ်ပါသည်။

ပြည်သူ၏ အောင်နိုင်မှုသည် သိက္ခာရှိသော အောင်နိုင်မှု ဖြစ်စေရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အားလုံး အထူး သတိပြုစေလိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဟူ၍ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီနှင့်ပတ်သက်လာလျှင် အထူးသတိပြုတတ်သည်ကို တွေ့ရသည်။ တစ်ဖက်သော ပြိုင်ဘက် အပေါ်တွင်လည်း နားလည်စာနာမှုထားတတ်ပါပေသည်။

ရှင်းပါ၏။ သမ္မတသည်လည်းကောင်း၊ အမတ်လောင်းများ သည် လည်းကောင်း၊ တပ်မတော်သည်လည်းကောင်း၊ ယှဉ်ပြိုင် ဘက်သည်လည်းကောင်း၊ အလုပ်သမားသည်လည်းကောင်း၊ လယ် သမားသည်လည်းကောင်း၊ ခေါင်းရွက်ဗျတ်ထိုး ဈေးသည်များသည် လည်းကောင်း အားလုံးသောသူတို့သည်လည်း ပြည်သူထဲက ပြည်သူ များပင် မဟုတ်ပါလော။

ထိုသဘောကို ဒေါ်အောင်ဆန်းစုကြည်သည် ကောင်းစွာ ခံယူ ထားပြီး ဖြစ်သည်မို့ မုဒိတာပွားနိုင်ခြင်း ဖြစ်ပါပေသည်။

□







www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြစ်စဉ်အကျဉ်း
## (၁၉၁၅-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ ရက် (၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း၊ ၁ ရက်) စနေနေ့တွင် ဖွားမြင်သည်။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ နတ်မောက်မြို့နေ၊ ရှေ့နေကြီး ဦးဖာ၊ အမိ ဒေါ်စုတို့၏ သားထွေး ဖြစ်သည်။

ငယ်နာမည်မှာ မောင်ထိန်လင်း ဖြစ်၏။

အစ်ကို 'အောင်သန်း' နှင့် အမည်လိုက်ဖက်ဖို့အတွက် 'အောင်ဆန်း' ဟု ခေါ်တွင် အမည်ပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ်မျိုးဆက်မှာ ထင်ရှားသော တော်လှန်ရေးမျိုးဆက် ဖြစ်သည်။ နယ်ချဲ့သမားများ လက်အောက်၌





သူ့ကျွန်မခံ တော်လှန်ခဲ့သော အာဇာနည်ပုဂ္ဂိုလ်ကြီး ဗိုလ်မင်းရောင်၏ မြေးဖြစ်သည်။ မိဘနှစ်ပါးမှာလည်း ကုံလုံပြည့်စုံသော မြေပိုင်ရှင်များ ဖြစ်ကြသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်မှာမူ မျိုးရိုးစိတ်ဓာတ် ရှိသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်လိုသည်။ ဤစိတ်ဓာတ်မှာ မိမိ တစ်ဦးတည်း၊ တစ်ယောက်တည်း လွတ်မြောက်လိုသည့် စိတ်ဓာတ်မျိုး မဟုတ်။

တစ်မျိုးသားလုံး လွတ်မြောက်ရေး၊ တစ်နိုင်ငံလုံး လွတ်မြောက်ရေးပင် ဖြစ်လေသည်။ အမျိုးသားရေးစိတ်ဓာတ်များသည် အဘိုး၏ အမွေကို ဆက်ခံလာသည့်ဗီဇ ဖြစ်နိုင်သည်။

အသက် ခုနစ်နှစ်အရွယ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတကျောင်းတွင် ပညာသင်သည်။ ၁၉၂၂ ခုနှစ်တွင် ဖြစ်သည်။ ၁၉၂၈ ခုနှစ်တွင် ရေနံချောင်းမြို့ နေရှင်နယ် အထက်တန်းကျောင်းသို့ ပြောင်းသည်၊ ပညာဆက်သင်သည်။ ၁၉၃၂ ခုနှစ်တွင် ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူ၏။

ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာပေ၊ ရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံ ပညာရပ်ကို အထူးလေ့လာခဲ့သည်။ ထိုပညာရပ်နှင့်ပင် ဝိဇ္ဇာ (ဘီအေ) ဘွဲ့ထူးကို အောင်မြင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီအေ အောင်မြင်ပြီးနောက် ဘီအယ်လ် (ခေါ်) ဥပဒေဝိဇ္ဇာတန်းသို့ တက်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကပင် ပညာထူးချွန်သူတစ်ဦး ဖြစ်သည်။ ကျောင်းကပေးသော ဆုများ ရရှိခဲ့ဖူး၏။ စကောလားရှစ် ရရှိခဲ့သည်။ ထူးချွန်တိုးတက်လာမည့် အရာရှိကြီးတစ်ဦး ဖြစ်နိုင်ဖွယ်ရှိလေသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ လှုပ်ရှားမှုအရေးတော်ပုံတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ထိုမှစ၍ ဗိုလ်ချုပ်အောင်ဆန်းအား ကျောင်းသားများက တစ်စတစ်စ သိလာခဲ့၏။ ဘဝသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလွဲလာခဲ့တော့သည်။

စစ်ကြိုခေတ် တက္ကသိုလ်သမဂ္ဂတွင် ထိရောက်စွာ ခေါင်းဆောင်ပါဝင်သဖြင့် တက္ကသိုလ်အာဏာပိုင်တို့က ကျောင်းမှ ထုတ်ပစ်ဖို့ ကြံရွယ်ခဲ့ဖူးသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်သမဂ္ဂအမှုဆောင်အဖွဲ့နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

ယင်းကဲ့သို့ ဆောင်ရွက်နေစဉ် မဂ္ဂဇင်း၌ ပါဝင်ခဲ့သော 'Hell Hound At Large' (ခွေးသရမ်းကြီး လွတ်နေသည်) ဟူသော ဆောင်းပါးကြောင့် ပြဿနာ ဖြစ်ရသည်။ ဆောင်းပါးရေးသူအား ထုတ်ဖော်မပြောဘဲ နေသောကြောင့် တက္ကသိုလ်ကျောင်းမှ ထုတ်ပယ်ခံခဲ့ရသည်။





၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအား ကျောင်းထုတ်ပစ်သဖြင့် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးပေါ်ပေါက်ခဲ့သည်။ ထို့နောက် မြန်မာပြည် ကျောင်းသားသပိတ် အရေးတော်ပုံကြီး ဖြစ်ခဲ့ရပေသည်။

၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်သည်။ ထိုနှစ်မှာပင် တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၃၈ ခုနှစ်မှာ သမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ထို့နောက် တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။

ထို့နောက် ကိုအောင်ဆန်းခေါင်းဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ သွားခဲ့ကြရသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်လိုက်သည်။

ပထမဆုံး ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခံရသည်။ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခွင့်ရ၏။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ကူညီအားပေးခဲ့သည်။

၁၉၃၉ ခုနှစ်တွင် မော်လမြိုင်တွင် ကျင်းပသော တို့ဗမာအစည်းအရုံးညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှအစိုးရအား မကူညီရစတမ်း အဆိုကို တင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ ပြည့်နှစ်တွင် ဟင်္သာတခရိုင်ဝန်က သခင်အောင်ဆန်းအား ဖမ်းဝရမ်း ထုတ်သည်။ ဆုငွေ ငါးကျပ်ဖြင့် ဝရမ်းထုတ်ခြင်းဖြစ်သည်။ လူထုက မကျေနပ်၍ ကန့်ကွက်သည်။ လူထုခေါင်းဆောင်တစ်ဦးကို စော်ကားခြင်း ဖြစ်သည်ဟုဆိုကာ တစ်ပြည်လုံးက ရှုတ်ချကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဝရမ်းပြေးဘဝနှင့်ပင် တက္ကသိုလ်ကောင်စီဝင် လူကြီးရာထူးမှ နုတ်ထွက်သည်။ ပြီးလျှင် ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် သခင်မြနှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့သည်။

ပြည်ပ တော်လှန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်သည်။ ထို့နောက် ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် ဂျပန်သို့ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းကို ကိုယ်တိုင်ရေးဆွဲသည်။ မတ်လ (၃) ရက်နေ့တွင် သွားတုတပ်ကာ ဂျပန်မှ မြန်မာပြည်ထဲသို့ ခေတ္တပြန်လာသည်။ မျိုးချစ်လူငယ်များကို စည်းရုံးစုဆောင်းပြီး ဂျပန်ပြည်သို့ ခေါ်ထုတ်လာသည်။

ထိုမျိုးချစ်လူငယ်များမှာ နောင်အခါ၌ ရဲဘော်သုံးကျိပ်ဝင်များဟူ၍ ဖြစ်လာသည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ပင်ပန်းကြီးစွာ သင်ကြားခဲ့ကြရသည်။

ထို့နောက် ယိုးဒယား (ယခု-ထိုင်း) ပြည် ဘန်ကောက်မြို့၌ပင် ရဲဘော်သုံးကျိပ်တို့နှင့်အတူ လက်မောင်းသွေးဖောက်ကာ သွေး





သောက်ခဲ့ကြသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီ၊ အိုင်၊ အေကို ဖွဲ့သည်။ ဖွဲ့စည်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇ အမည်ကို ခံယူလိုက်သည်။

၁၉၄၂-ခုနှစ်တွင် ဗိုလ်တေဇ ဦးဆောင်သော ဘီ၊ အိုင်၊ အေ တပ်မတော်ကြီးသည် တော်လှန်ရေးအလံတော်ကို လွှင့်ထူကာ ရန်ကုန်မြို့ကို သိမ်းယူခဲ့သည်။ ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးကို ခံယူပြီး စစ်သေနာပတိ ဖြစ်လာသည်။

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက် နေ့လယ် နှစ်နာရီအချိန်တွင် ဂျပန်ခေတ် ဆေးရုံကြီး၏ အရှေ့ဘက် အစွန်ဆုံးခန်းမဆောင်ကြီးအတွင်း၌ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည် (မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်)နှင့် လက်ထပ်ခဲ့သည်။

၁၉၄၃ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြတို့နှင့်အတူ လွတ်လပ်ရေးဆွေးနွေးရန် ဂျပန်ပြည်သို့ သွားသည်။ မတ်လ ၂၂ ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ်ရသည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် စစ်ဝန်ကြီး ဖြစ်လာသည်။

၁၉၄၄ ခုနှစ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာ ဖွဲ့လိုက်သည်။ စက်တင်ဘာလ ၄ ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံ ချီးမြှင့်ခြင်းကို ရန်ကုန်မြို့၌ပင် ရရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခုနှစ်၊ မတ်လ (၁၇) နေ့တွင် ရန်သူကို တိုက်ခိုက်ရန် စစ်မြေပြင်သို့ ထွက်ခဲ့သည်။ မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည်။

ဩဂုတ်လ (၁၉) ရက်နေ့တွင် နေသူရိန် အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်သည်။ ၄င်းနေ့မှာပင် ဗမာ့လွတ်လပ်ရေး တောင်းဆိုသည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံတွင် ကျင်းပသော ပြည်လုံးကျွတ် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး၏ ညီလာခံမှ ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဒုတိယသဘာပတိဖြစ်လာသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ အင်္ဂလန်ပြည်သို့ သွားသည်။ လန်ဒန်တွင် အောင်ဆန်း၊ အက်တလီစာချုပ် ချုပ်ဆိုကြသည်။

ဖေဖော်ဝါရီလ (၁၂)နေ့တွင် တိုင်းရင်းသား သွေးစည်းရေးဖြစ်သည့် ပင်လုံညီလာခံကြီးကို ဦးစီးကျင်းပလိုက်သည်။

မတ်လ (၁၉) ရက်နေ့တွင် ဂျူပလီဟောကြီး၌ ကျင်းပသော ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး၏ ညီလာခံတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဇွန်လ (၁၆) ရက်နေ့တွင် ပထမတိုင်းပြည်ပြုလွှတ်တော်တွင် အချုပ်အခြာ အာဏာပိုင် သမ္မတ မြန်မာနိုင်ငံဖွဲ့စည်းဖို့ အဆို





တင်သွင်း၏။ ဇူလိုင်လ (၁၃) ရက်နေ့ မြို့တော်ခန်းမ၌ အရေးကြီးဆုံးသော မိန့်ခွန်းကို ပြောခဲ့သည်။

ဇူလိုင်လ (၁၉) ရက်၊ စနေနေ့ နံနက် ၁၀ နာရီ၊ ၃၇ မိနစ်အချိန်တွင် နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံခြင်းကို ခံလိုက်ရသဖြင့် အာဇာနည်ပုဂ္ဂိုလ်များနှင့်အတူ ကျဆုံးခဲ့ရရှာသည်။

❐

www.burmeseclassic.com

www.burmeseclassic.com





## နှစ်တစ်ရာပြည့်
## စေတနာမိခင် (သို့မဟုတ်) မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏
## ကိုယ်ရေးမှတ်တမ်းအကျဉ်း

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် မြောင်းမြမြို့၊ ကွင်းကုန်းရပ်နေ လမ်းဗိုလ် ဦးဘိုးညင်းနှင့် ဒေါ်ဖွားစုတို့မှ မြန်မာသက္ကရာဇ် (၁၂၇၄) ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်နေ့ (ခရစ်နှစ် ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့) တွင် မွေးဖွားသည်။

ဒေါ်ခင်ကြည်တွင် ညီအစ်ကိုမောင်နှမ ၁၀ ယောက် ရှိသည်။ မိန်းမလေး ၆ ယောက်ရှိပြီး ယောက်ျားလေး ၄ ယောက် ဖြစ်သည်။ မွေးချင်း ၁၀ ယောက်အနက် ဒေါ်ခင်ကြည်ကား အဋ္ဌမမြောက် သမီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကို မောင်နှမ ၁၀ ယောက်ရှိသည့်အနက် အစဉ်အတိုင်း မှာ ဦးဖမောင်၊ ဦးဘကျော်၊ ဒေါ်ခင်သောင်း၊ ဦးဘလွင်၊ ဒေါ်သိန်းရီ၊ ဒေါ်ခင်ကြီး (သခင်သန်းထွန်း၏ဇနီး)၊ ဒေါ်ခင်တင့်၊ ဒေါ်ခင်ကြည်၊ ဦးသိန်းနှင့် ဒေါ်မမကြီး တို့ ဖြစ်သည်။

ငယ်စဉ်ကပင် မြောင်းမြမြို့၊ အေ-ဘီ-အမ် ကျောင်းတွင် ပညာသင်ကြားသည်။ (၇)တန်းအထိ ပညာဆည်းပူးသည်။ ထို့နောက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် အေ-ဘီ-အမ် မိန်းကလေး အထက်တန်းကျောင်းတွင် သတ္တမတန်း စာမေးပွဲအောင်သည်။

ဟိုက်စကူးအထိ ပညာဆက်သင်သည်။ ထို့နောက် မော်လမြိုင် အေ ဘီ အမ်ကျောင်း (မော်တင်လိန်း ဆရာဖြစ်သင်ကျောင်း)မှ ကျောင်းဆရာမ စာမေးပွဲအောင်သည်။ မူလတန်းပြ ဆရာဖြစ် အောင် လက်မှတ်ရပြီး မြောင်းမြ အမျိုးသားအထက်တန်းကျောင်း၌ စေတနာ့ ဝန်ထမ်း ဆရာမအဖြစ် နှစ်အတန်ကြာ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဝါသနာအလျောက် သားဖွားနှင့် သူနာပြုသင်တန်း များကို ဒပ်ဖရင် အမျိုးသမီးဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီးတွင် သင်ယူသည်။ ဒပ်ဖရင်ဆေးရုံမှ ဝမ်းဆွဲဆရာမအတတ် စာမေးပွဲ အောင်မြင်သည်။

စစ်ကြီးမဖြစ်မီ ရန်ကုန်ဆေးရုံကြီးတွင် သူနာပြုဆရာမအဖြစ် အမှုထမ်းသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မြို့ကို ဗုံးကြဲသဖြင့် ဒဏ်ရာရလူနာများအား ကာလကတ္တားသို့ သူနာပြုဆရာမအဖြစ် စေတနာ့ဝန်ထမ်းအဖြစ် ပို့ပေးရသည်။ စစ်မီး





ပြန့်ပွားလာသဖြင့် အိန္ဒိယမှ မြန်မာနိုင်ငံသို့ နောက်ဆုံးအခေါက် သင်္ဘောဖြင့် ပြန်လာ၏။

ထို့နောက် သူနာပြုဆရာမအဖြစ်မှ စစ္စတာဆရာမကြီးအဖြစ် တိုးမြှင့်ခံခဲ့ရသည်။ ဂျပန်ခေတ်တွင် တစ်ခုတည်းသာရှိသည့် ဆေးရုံ ကြီးတွင် အမှုထမ်းခဲ့သည်။ လေယာဉ်သံ၊ ဗုံးသံ၊ စက်သေနတ်သံ များကြား၌ပင် ကိုယ်ရေးကိုယ်တာကို မငဲ့ဘဲ စေတနာအပြည့်ဖြင့် ပြုစုသည်။ ဆေးဝါးပစ္စည်း ရှားပါးသည့်ကြားမှပင် စိတ်ပျက် ညည်း ညူခြင်း အလျဉ်းမရှိဘဲ လူနာဟူသမျှကို စေတနာ၊ ဝါသနာ၊ အနစ်နာ အပြည့်အဝဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ဆရာဝန်ကြီး ဦးဘသန်း၊ ဆရာဝန်ကြီး ဝဇ္ဇကျော်ထင် ဒေါက်တာမြင့်ဆွေ တို့ကပင် ဆရာမ ဒေါ်ခင်ကြည့်အပေါ်၌ အံ့သြ ချီးကျူးခဲ့ရသည်အထိ ရှိသည်။

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် လက်ထပ်သည်။ အိမ်ထောင်ကျပြီးနောက် အိမ်ရှင်မ ဘဝရောက်သည်နှင့် ဒေါ်ခင်ကြည် မြတ်နိုးသော သံယောဇဉ်ကြီး သော သူနာပြုအလုပ်တာဝန်များအား လုံးဝ ရပ်နားလိုက်ရတော့ သည်။ သားသမီး (၄)ယောက်အနက် (၂)ယောက် ထွန်းကားသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ၊ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်။ ငါးနှစ် မျှပေါင်းသင်းလိုက်ရသော လင်သားတစ်ဦး ဆုံးရှုံးသွားရသောအခါ၌



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြည်သည် များစွာ ပူဆွေးသောက ရောက်ခဲ့ရရှာသည်။ သို့သော် သားသမီးများသည် ငယ်ရွယ်သူများဖြစ်သည်မို့ ၎င်းတို့ရှေ့တွင် အပူရုပ်ကို မပြသမိအောင် စိတ်ထိန်းထားခဲ့ရသည်။

အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီနှင့် ဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး၊ ဗြိတိန်နိုင်ငံမှ အင်္ဂလန်မကြော်ဂျော့ဘုရင်၊ နန်းရင်းဝန် အက်တလီ၊ ပါကစ္စတန် ဘုရင်ခံချုပ်ဟောင်း မစ္စတာဂျင်းနား၊ အင်ဒိုနီးရှားနိုင်ငံ ခေါင်းဆောင် ဒေါက်တာရှရီယာ၊ ဘင်္ဂလားဘုရင်ခံ၊ အိန္ဒိယဘုရင်ခံချုပ် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ မြန်မာအမျိုးသားများနှင့် အသီးသီးသော ဝမ်းနည်းကြေကွဲ သဝဏ်လွှာများ ပို့သည်ကို ကြည့်ရင်း ကြိမ်မီးအုံးပမာ ပူဆွေးခဲ့ရပေသည်။

သို့သော် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် တရားလက်လွှတ် ငှက်တောင်ကျွတ်သလို မဖြစ်ခဲ့။ တရားနှင့်ဖြေသည်။ ထို့ကြောင့်ပင် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ၊ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကတော် ဒေါ်ခင်ကြည်က လူထုထံ ပန်ကြားလွှာ ထုတ်ပြန်ခဲ့သည်။

အဓိဋ္ဌာန်ပြုချက်နှင့်အတူ အဆိုပါ ပန်ကြားလွှာမှာ-

"ကျွန်မရဲ့ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။

အခု သူကွယ်လွန်သွားတော့ သူ့ကို လွမ်းဆွတ်နေမယ့်အစား သူချမှတ်ခဲ့တဲ့လမ်းစဉ်တွင် ပါဝင်နိုင်တဲ့တက်တွင် ဝါဝင်





ပြီး သူချန်ခဲ့တဲ့ သူ့သွေး၊ သူ့သား၊ မိမိရဲ့ရင်သွေးကလေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးမယ်လို့ ဆုံးဖြတ်ပါတယ်။

လူထုကို ကျွန်မ ပြောလိုတာကတော့ မိမိတို့ အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကို ရှောင်ကြဉ်ပြီး သူချမှတ်ခဲ့သော လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း၊ လိုက်နာကျင့်ဆောင်ကြပါ။ သူပျိုးထောင်ခဲ့သော ဖ·ဆ·ပ·လ အဖွဲ့ကြီးကို ဆထက်ထမ်းပိုး အားပေးထောက်ခံကြပါ။

သူ့ရည်မှန်းခဲ့သော လွတ်လပ်ရေးကို မနားမနေ ကြိုးပမ်းကြပါ"

ဟူ၍ တိုင်းပြည်သို့ တိုက်တွန်းဆော်ဩခဲ့သည်။

ထိုကဲ့သို့ တိုက်တွန်းခဲ့သည့်အတိုင်း ဒေါ်ခင်ကြည်သည် ဖဆပလအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အရ ဒေါ်ခင်ကြည်အား ဗိုလ်ချုပ်အောင်ဆန်း၏ ပါလီမန်အမတ်နေရာတွင် ဝင်ရောက်ရွေးချယ်ခံခဲ့သည်။

## အဖွဲ့ပေါင်းစုံမှာ ခေါင်းဆောင်ခဲ့

၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မိခင်နှင့်ကလေးများ စောင့်ရှောက်ရေး ဘုတ်အဖွဲ့ ညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း၊ ၁၉၅၃



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းကောင်စီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးနှင့် ပြည်ရေးပြည်ရာအဖွဲ့ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသမီးအသင်းများကောင်စီဥက္ကဋ္ဌ အဖြစ်လည်း ကောင်း၊ ဒီမိုကရေစီသဘောတရား တိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက် အသင်း၏ ကင်းထောက်ချုပ်၊ မြန်မာနိုင်ငံ လူနာတင်ကား တပ်ဖွဲ့ဝင် အမျိုးသမီးအုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ ရာမခရစ်ရှနာ သာသနာပြုဆေးရုံနှင့် စာကြည့်တိုက် ဒုတိယဥက္ကဋ္ဌအဖြစ် လည်း ကောင်း စသည့်တာဝန်များကို ထမ်းဆောင်ခဲ့၏။

**တက်ရောက်ခဲ့သည့် အစည်းအဝေးများ**

ဒေသဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့ချုပ် (WHO) ကွန်ဖရင့်ကို ၁၉၄၉ ခုနှစ်တွင် အိန္ဒိယပြည် နယူးဒေလီမြို့သို့ သွားခဲ့ ရသည်။

၁၉၅၀ ပြည့်နှစ်တွင် သီဟိုဠ်ကျွန်းတွင် ပြုလုပ်သော ကွန်ဖရင့်၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၂ ခုနှစ်များတွင် ကမ္ဘာ့ကျန်းမာရေး အစည်းအဝေးကြီးကို ဂျီနီဗာ မြို့တွင် ပြုလုပ်ခဲ့ရာ ဦးဆောင်တက်ရောက်သည်။

မင်းလက်ရာစာပေ



**အထွေထွေဗဟုသုတအတွက် ကမ္ဘာလှည့်**

ဒိန်းမတ်၊ နော်ဝေနှင့် နယ်သာလန်နိုင်ငံများ၊ ပြင်သစ်အနောက် ဂျာမနီ၊ ဗြိတိန်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ အထွေထွေဗဟုသုတ ရှာမှီးရန် သွားရောက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်သည်။ ၁၉၅၆-၅၇ ခုနှစ်များတွင် အိန္ဒိယ နှင့် ယိုးဒယား (ယခု ထိုင်း) နိုင်ငံများသို့ သွား၍ ဗုဒ္ဓဇယန္တီ ကျင်းပပွဲများအတွက် သွားရောက်သည်။

၁၉၆၀ ပြည့်နှစ်မှာ ဗီယက်နမ်နိုင်ငံသို့ သွားရောက်၏။

**ဝုဏ်ထူးဘွဲ့ထူးများ**

ဒေါ်ခင်ကြည်သည် တိုင်းကျိုးပြည်ကျိုး၊ နိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများကြောင့်လည်းကောင်း၊ ပရဟိတ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကြောင့်လည်းကောင်း နိုင်ငံတော်အစိုးရက ၁၉၅၁ ခုနှစ် လွတ်လပ်ရေးအောင်ပွဲနေ့တွင် 'မဟာသီရိသုဓမ္မဘွဲ့' ကို အပ်နှင်းချီးမြှင့်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ယူဂိုစလပ်နိုင်ငံ သမ္မတကြီး မာရှယ်တီးတိုးက Yugoslav Star Class II 1955 ကို ချီးမြှင့်၍ ၁၉၅၅ ခုနှစ်မှာပင် Noble Order of The Crown of Thailand Class II 1955 ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

**မလွဲသာ မရှောင်သာ နိုင်ငံရေးမှာပါခဲ့ရ**

၁၉၅၈ ခုနှစ်တွင် ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်းကွဲသည်။ သန့်ရှင်း ဖဆပလ၊ တည်မြဲဖဆပလ ဟူ၍ အကွဲအပြဲ ဖြစ်ခဲ့ကြသည်။ သန့်ရှင်း

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖဆပလအဖွဲ့တွင် နုတင် ဦးဆောင်သည်။ တည်မြဲ ဖ-ဆ-ပ-လ အဖွဲ့တွင် ဆွေငြိမ်းက ဦးဆောင်သည်။ ဦးနုနှင့် သခင်တင်တို့က တစ်အုပ်စု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းက တစ်အုပ်စု ဖြစ်သည်။

ရွေးကောက်ပွဲကာလတွင် ဒေါ်ခင်ကြည်မှာ မလွဲသာ မရှောင်သာပင် သန့်ရှင်း (နောင်တွင် ပြည်ထောင်စုပါတီ)ဘက်မှ ဝင်ရောက်၍ စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခြင်း မပြုခဲ့ပေ။

ဦးနုနှင့် သခင်တင်တို့ ဦးဆောင်ခဲ့သော သန့်ရှင်းဖဆပလ အဖွဲ့က တစ်ပြည်လုံးမဲအများဆုံးဖြင့် နိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် မေလ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

ထို့နောက် ဖွန်လတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ်ပါ ပူးတွဲတာဝန်ပေးအပ်ခဲ့သည်။

မြန်မာအမျိုးသမီးလောကတွင် ပထမဦးဆုံးနှင့် ယနေ့အထိ တစ်ဦးတည်းသော မြန်မာအမျိုးသမီး သံအမတ်ကြီးအဖြစ် မော်ကွန်းတင်ထားဆဲ ဖြစ်ပါသည်။

## အငြိမ်းစားယူ

၁၉၆၇ ခုနှစ်၊ တော်လှန်ရေးအစိုးရလက်ထက်၌ မြန်မာအမျိုးသမီး သံအမတ်ကြီး ဒေါ်ခင်ကြည်သည် သံအမတ်ရာထူးမှ အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် ၁၉၆၇ ခုနှစ်မှစ၍ ရန်ကုန်မြို့၊





တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၅၄-၅၆) နေအိမ်တွင် ခပ်ရိုးရိုး ကုပ်ကုပ်ပင် နေထိုင်လျက် ရှိခဲ့သည်။

ထိုသို့ နေထိုင်စဉ်ကာလအတွင်းတွင် ခံစားခွင့်အနေဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးဝန် လုပ်သက် သံအမတ်ကြီး ပင်စင်များကို မယူဘဲ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဖနီး ထောက်ပံ့ငွေ တစ်ထောင်ကျပ်ကိုသာ ခံစားခဲ့သည်။

## မြေးများကို ရှင်ပြု၊ သာစုခေါ်

၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဒေါ်ခင်ကြည်သည် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမိုက်ကယ်အဲရစ် 'Dr Micheal Aris' တို့မှ မွေးဖွားသော မြေးနှစ်ဦးဖြစ်ကြသော 'မောင်မြင့်ဆန်းအောင်' Alexander နှင့် 'မောင်ထိန်လင်း' Kin တို့ကို ဗုဒ္ဓဘာသာ သာသနာ၏ အစဉ်အလာအတိုင်း သာမဏေရ ပဗ္ဗဇ္ဇရှင်ပြုခြင်း မင်္ဂလာပွဲကို နေအိမ်၌ပင် အကျဉ်းဖြင့် ပြည့်စုံစွာ စီမံဆောင်ရွက်ခဲ့၏။

မြေးနှစ်ယောက် ရှင်ပြုမင်္ဂလာ အခမ်းအနားကို ကမ္ဘာ့ဗုဒ္ဓသာသနာပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သေဋ္ဌိလထံမှ အင်္ဂလိပ်ဘာသာဖြင့် တရားတော်များ ချီးမြှင့် ဟောကြားကာ သာမဏေပြုတော်မူပေးသည်။ သာမဏေနှစ်ပါးအားလည်း တာဝါလိန်းလမ်း၊ ရွှေကြက်ယက်ကျောင်း၌ပင် သီတင်းသုံးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မျက်စိကု

ဒေါ်ခင်ကြည်သည် ထိုနှစ် ဧပြီလတွင် မျက်စိရောဂါကြောင့် နိုင်ငံတော်၏ အထောက်အပံ့ပြုမှုဖြင့် အင်္ဂလန်နိုင်ငံသို့ သွားရောက်သည်။ မျက်စိကို ခွဲစိတ်ကုသမှု ခံယူခဲ့သည်။



ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနား





## ကွယ်လွန်

မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် အသက် ၇၆ နှစ်၊ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်၊ အင်္ဂါနေ့၊ နံနက် (၇) နာရီ၊ (၁၇) မိနစ်အချိန်တွင် ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၅၄-၅၆) နေအိမ်၌ပင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်အထိ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပေါ်တွင် အနီးစွရောက်ခဲ့ခြင်း ဖြစ်ပါသည်။

## ဂူဗိမာန်ဖြင့် သင်္ဂြိုဟ်ထား

၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးဖခင် အာဇာနည်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ချစ်မြတ်နိုးလှစွာသော ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ ဈာပနကို ရွှေတိဂုံဘုရားလမ်းရှိ ငြိမ်းချမ်းရေးဖခင်ကြီး သခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်နှင့် သီပေါမင်း၏ ကြင်ယာတော်မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ဂူဗိမာန်တော်အကြားရှိ မြေကွက်လပ်တွင် ဂူဗိမာန်သစ် တည်ဆောက်ကာ သင်္ဂြိုဟ်ခဲ့လေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲဖြစ်မြောက်အောင် လုပ်ဆောင်ပေးခဲ့တဲ့
နိုင်ငံတော် သမ္မတကြီးကို ကျေးဇူးတင်စကား

"ကျွန်မကနေပြီးတော့ အရေးပေါ်ရန်ပုံငွေတစ်ခု
ထူထောင်နိုင်ဖို့ စဉ်းစားပါမယ်။
စဉ်းစားပြီးတော့ တိုက်ဆိုင်မှုကတော့
၁၆ ရက်နေ့က ဆိုလို့ရှိရင် မေမေ့ရဲ့
နှစ်တစ်ရာပြည့် မွေးနေ့ ဖြစ်တယ်။
အဲဒီတော့ အဲဒီနေ့မှာ မေမေ့နာမည်နဲ့
ရန်ပုံငွေတစ်ခု ထူထောင်ပြီးတော့
အဲဒါမှာ အရေးပေါ် ပြည်သူလူထုကို
ကူညီထောက်ပံ့ဖို့ဆိုပြီးတော့
ရန်ပုံငွေ စလိုက်တာပါ။
အဲဒီလိုစပြီးတော့ လုပ်တဲ့အခါမှာ
အခု ဒီလိုစပြီးတော့ လုပ်တဲ့အခါမှာ
အခု အဲဒီလိုလုပ်တဲ့နေရာမှာ အခုဆိုရင်
မတည်ငွေကလည်း သိန်းတစ်ရာဝကာန်းနဲ့တော့
စပြီးတော့ ရနေပါပြီပေါ့နော်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အဖွဲ့ချုပ်ဥက္ကဋ္ဌ
ဒေါ်အောင်ဆန်းစုကြည်၏
အမှာစကားမှ ကောက်နုတ်ချက်







www.burmeseclassic.com

www.burmeseclassic.com

## လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သံအမတ်ကြီးဟောင်း သီရိသုဓမ္မဒေါ်ခင်ကြည်တို့မှ ၁၉၄၅ ခုနှစ်၊ ဇွန်လ၊ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။

ငယ်စဉ်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများကို ရန်ကုန်မြို့ စိန့်ဖရန်စစ်ကွန်ဗင့် (St Francis Convent) ကျောင်း (တာမွေ)နှင့် Methodist English High School (ဒဂုံ)တို့တွင် တက်ရောက်ပညာသင်ယူခဲ့သည်။

အဆင့်မြင့်ပညာရပ်များကို အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ် စိန့်ဟျူးချ်ကောလိပ် (St. Hugh's College) တွင် သင်ကြားခဲ့ပြီး အမ်အေ (M.A) မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

မင်းလက်ရာစာပေ



၁၉၆၉ မှ ၁၉၇၁-ခုနှစ်တွင် ဘူတန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးအရာရှိအဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်၌ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၊ အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်ဌာန အကြံပေးကော်မတီတွင် လက်ထောက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုနှစ်တွင် ဒေါက်တာမိုက်ကယ်အဲရစ် 'Dr Micheal Aris' နှင့် အိမ်ထောင်ပြုသည်။ သားနှစ်ဦး ဖွားမြင်ခဲ့သည်။ သားကြီးမှာ မောင်မြင့်ဆန်းအောင် 'Alexander' ဖြစ်ပြီး သားငယ်မှာ မောင်ထိန်လင်း 'Kim' တို့ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ဧည့်ပညာရှင်အဖြစ်နှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်၊ အရှေ့တောင်အာရှသုတေသနဌာနသို့ သွားရောက်ခဲ့သည်။ ၁၉၈၇-၁၉၈၈ ခုနှစ်အထိ Simla ရှိ အိန္ဒိယအဆင့်မြင့် ပညာဆည်းပူးရာဌာန၌ သုတေသနပြုလုပ်ခဲ့၏။

၁၉၈၈-ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးတွင် လူထုခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးဆောင်ဖွဲ့စည်းထူထောင်ခဲ့ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၉၁-ခုနှစ်တွင် နိုဗယ်(လ်)ငြိမ်းချမ်းရေးဆုရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း ဂုဏ်ထူးဆောင် ဆုတံဆိပ်မြောက်များစွာ

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရရှိခဲ့သည်။ ယခုနောက်ဆုံး ပြင်သစ်နိုင်ငံမှ ချီးမြှင့်သော 'Commandeurde Legion d'Honour' ဆုကို ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းပြီး မှတ်ပုံ တင်သောအခါ၌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန် အပ်နှင်းခြင်း ခံရသည်။

❒





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့် အစုံမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလို ကျွန်မရဲ့နိုင်ငံရေးပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒသဘောတရားတွေကို ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီ တင်ပြခြင်းဟာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါတယ်။

မဲဆန္ဒရှင်များသာမက၊ နိုင်ငံသူ နိုင်ငံသားအားလုံးအနေနဲ့ မိမိတို့ကို ကိုယ်စားပြုလိုကြတဲ့ ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို လေ့လာသုံးသပ်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကို ထောက်ခံရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်။

ဒီမိုကရေစီအခြေခံမူအရ ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ကို လက်ခံမှာဖြစ်တဲ့ ကျွန်မတို့ပါတီရဲ့ နိုင်ငံနဲ့ ပြည်သူတွေအတွက်ထားတဲ့ ရည်မှန်းချက်တွေကို အနှစ် နှစ်ဆယ်ကျော် ကိုင်စွဲခဲ့တဲ့မူတွေနဲ့တွဲပြီး ရှင်းပြချင်ပါတယ်။





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဓိကရည်ရွယ်ချက်တွေ အနက် ထိပ်တန်းတင်ထားတဲ့ကိစ္စ (၃)ရပ်ကတော့ တရားဥပဒေ စိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ ဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်ကို အစိုးရယန္တရားအောက် သွတ်သွင်းခဲ့ပြီး မီဒီယာတွေကို အစိုးရပိုင်အဖြစ် ပြောင်းကာ ချုပ်ကိုင်လာခြင်း၊ တင်းကျပ်တဲ့မီဒီယာနဲ့ ဆင်ဆာ စည်းကမ်းတွေကို ပြဋ္ဌာန်းပြီး ပြည်သူတွေရဲ့ လွတ်လပ်စွာ ပြောပိုင်ခွင့်၊ ရေးပိုင်ခွင့်၊ ကြားပိုင်ခွင့်၊ ဆန္ဒဖော်ထုတ်ပိုင်ခွင့်တွေကို ရုပ်သိမ်းပစ်ခဲ့ခြင်း စတဲ့နည်းလမ်းစုံနဲ့ တရားဥပဒေစိုးမိုးမှုကို ချေဖျက်ပစ်ခဲ့တာ ပြည်သူလူထုဘဝမှာ အကြောက်တရားကသာ လွှမ်းမိုးခဲ့ပါတော့တယ်။

ပြည်သူလူထုဘဝ အကြောက်တရားက လွတ်မြောက်ပြီး လူ့အခွင့်အရေး မရသေးတဲ့အထိတော့ ဒီမိုကရေစီစနစ် ထွန်းကားနိုင်မြဲနိုင်မှာ မဟုတ်ပါဘူး။ ဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူတွေဟာ ဥပဒေရဲ့အကာအကွယ်ကို အမှန်တကယ် ရနိုင်ပြီး လွတ်လပ်မှုရဲ့အရသာကို အမှန်တကယ် ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ ဥပဒေစိုးမိုးရေးရှိခြင်းသည် သာမန်ပြည်သူများ၊ နိုင်ငံ့တော်ဝန်ထမ်းများနဲ့ နိုင်ငံရေးသမား အားလုံးတို့ မိမိတို့ ရသင့်ရထိုက်တဲ့ အကာအကွယ်၊ အစောင့်အရှောက်ပေးမှု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ အာဏာရှိတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အကြီးအကဲတွေက တစ်ချက်လွှတ်အမိန့်နဲ့ ဘယ်သူ့ကိုမှ အရေးယူ၊ အနိုင်ကျင့်နိုင်မှာ မဟုတ်ပါ။ ဒါမှ ဒီမိုကရေစီလည်း ခိုင်မာထွန်းကားတယ်လို့ ဆိုနိုင်ပါမယ်။

ဥပဒေစိုးမိုးရေးအတွက် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ။

* ပြည်သူတွေကို ဖိနှိပ်ထားတဲ့ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေအချို့ကို မဆိုင်းမတွ ဖျက်သိမ်း ပစ်ကြရပါမယ်။
* ပြည်သူတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲကြရပါမယ်။
* တရားစီရင်ရေးစနစ်ကို လွတ်လပ်အောင်ထားပြီး သမာသမတ်ဖြစ်အောင် ပြုပြင်ရပါမယ်။
* စာနယ်ဇင်းလွတ်လပ်ခွင့် အပြည့်အဝပေးရပါမယ်။
* ပြည်သူလူထုကို ကူညီပေးမယ့်ဥပဒေ အထောက်အကူပြု ကွန်ရက်တွေ တိုးချဲ့ရပါမယ်။

တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီသဘောထားနဲ့ ကိုက်ညီတဲ့ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ လွတ်လပ်စွာ ရပ်တည်နေစေရပါမယ်။ တရားစီရင်ရေးမဏ္ဍိုင်ဟာ အုပ်ချုပ်ရေးရဲ့အပေါ်မှာပဲ အမြဲရှိနေမှာဖြစ်ပြီး ဥပဒေနဲ့ ငြိစွန်းတဲ့ အုပ်ချုပ်သူလူပုဂ္ဂိုလ်အဖွဲ့အစည်း မှန်သမျှကို တရားစီရင်ပိုင်ခွင့်ရှိစေရပါမယ်။ ဥပဒေအရ ပြစ်မှုထင်ရှားပြီး စီရင်ခြင်း မရှိသေး





ရင် ဘယ်သူ့ကိုမဆို အပြစ်ကင်းတယ်လို့ မှတ်ယူရမှာပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးနဲ့ ဖွားဖက်အဖြစ်ပါလာတဲ့ ပြည်တွင်းစစ်ဟာ ကျွန်မတို့နိုင်ငံမှာ ဒီနေ့အထိ လောင်မြိုက်ဆဲ ဖြစ်နေပါတယ်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသားခေါင်းဆောင်ကြီးများ ရုတ်တရက် လုပ်ကြံခံရပြီးကတည်းက စတင်ခဲ့တဲ့ တိုင်းရင်းသားမျိုးနွယ်များအကြား သံသယပွားခြင်း၊ နိုင်ငံရေးအယူအဆ မတူသူများအကြား သဘောထားကွဲပြားခြင်း စတာတွေကို စားပွဲဝိုင်းမှာ တွေ့ဆုံညှိနှိုင်း ဖြေရှင်းမှုမပြုနိုင်ကြသေးဘဲ လက်နက်အားကိုးအင်အားသုံး ဖြေရှင်းဖို့ ကြိုးစားနေကြခြင်းဟာ ကနေ့အထိပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေစိုးမိုးမှု မရှိတာကလည်း ပြည်တွင်းစစ်မီးကို အရှိန်မြှင့်စေခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ လုံခြုံမှုနဲ့ အခွင့်အရေးတွေကို အကာအကွယ် မပေးနိုင်ခဲ့ဘဲ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးတစ်ခုအဖြစ် စစ်အာဏာရှင်စနစ်ကိုသာ ပေါ်ပေါက်စေခဲ့ပါတယ်။

ပြည်တွင်းစစ်မီးတောက်ကို အမြန်ဆုံး ငြိမ်းသတ်ပြီး ငြိမ်းချမ်းအောင် လုပ်နိုင်မှသာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်ဆိုင်းပြီး ငြိမ်းချမ်းစေရေးအတွက် အဆင့် (၃)ဆင့် ဆောင်ရွက်ရပါမယ်။

ပထမအဆင့်အနေနဲ့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး — အတိုင်းအတာနဲ့ အပစ်



www.burmeseclassic.com

www.burmeseclassic.com



အခက်ရုပ်စဲရပါမယ်။ ဒုတိယအဆင့်အနေနဲ့ နိုင်ငံရေးအရ ဆွေးနွေးပွဲတွေ ကျင်းပပြီး ညှိနှိုင်းအဖြေရှာကြရပါမယ်။ တတိယ အဆင့်အနေနဲ့ တိုင်းရင်းသားတွေ လိုလားနေတဲ့အတိုင်း ပင်လုံရဲ့ အခြေခံမူဖြစ်တဲ့ တန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဋ္ဌာန်း ခွင့်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် စတာတွေကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံစစ်စစ် တည်ထောင် နိုင်ဖို့ ဘုံဦးတည်ချက်ထားပြီး ကြိုးပမ်းရပါမယ်။ ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ ခွဲထွက်ရေးကို လုံးဝမလိုလားဘဲ စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီး ကိုသာ လိုလားတယ်လို့ ကျွန်မ တထစ်ချ ယုံကြည်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထွက်ခဲ့ပြီးကတည်း က ဒီဥပဒေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘော မတူတာ ကြေညာခဲ့ပြီး ပြုပြင်ရမယ့်အချက်တွေကို ထောက်ပြ ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပါတီစွဲ၊ အဖွဲ့စွဲ၊ ပုဂ္ဂိုလ်စွဲတွေ မထားဘဲ နိုင်ငံအကျိုးကိုသာ ရှေးရှုတဲ့စိတ်ဓာတ်နဲ့ ညီညွတ်တဲ့ တပ်မတော်အင်အားစု အပါ အဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ညှိညှိနှိုင်းနှိုင်း လုပ်သွားကြရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စစ်တပ်နဲ့ နိုင်ငံတကာမှာရှိတဲ့ နိုင်ငံအသီးသီး ရဲ့ စစ်တပ်များဟာ နိုင်ငံကာကွယ်ရေးအတွက် အဓိက





အင်အားစု ဖြစ်တယ်ဆိုတာကို အငြင်းပွားဖို့ မရှိပါဘူး။ မြန်မာ နိုင်ငံရဲ့ နိုင်ငံရေး အတွေ့အကြုံနဲ့ တွေ့ကြုံခဲ့ရတဲ့ဖြစ်စဉ်များအရ လက်ရှိမြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ကြရာမှာ တပ်မတော်ဟာ မပါမဖြစ်၊ ပါရန်လိုအပ်တယ်လို့ ကျွန်မယုံကြည်ပါတယ်။

ကျွန်မရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ဖို့ အစဉ်အမြဲ အဆင်သင့်ရှိမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူနဲ့အုပ်စိုးသူတို့ကြားမှာ ထားရှိတဲ့ ပဋိညာဉ်ဖြစ်တယ် ဆိုတဲ့အတိုင်း လိုအပ်တဲ့အခါ တွေမှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ဟာ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတာကို တွေ့မြင်နေရပါတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခုပေးရမယ်ဆိုရင် ပြည်သူတွေကို ပြည်သူက တင်မြှောက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေက အုပ်စိုးခြင်းကသာ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ရွေးကောက်ခံမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် (၂၅%)ပါဝင်နေတာကို ပြည်သူတွေ အသိ ဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိလွှတ်တော် အသီးသီး မှာ ပြည်သူတွေ ရွေးကောက်ထားခြင်း မဟုတ်တဲ့ လွှတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ်တွေ ပါဝင်နေတဲ့အတွက် ဒီမိုကရေစီမူများနှင့် မကိုက်ညီပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ပုဒ်မများကို ပြည်သူတွေကို အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး ပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ရတာ၊ နှစ်ပေါင်း နှစ်ဆယ်ကျော် အဖိနှိပ်ခံဘဝနဲ့ ကြိုးပမ်းရုန်းကန်ခဲ့ရတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ အဖွဲ့ချုပ်ရဲ့ သစ္စာရှိ အဖွဲ့ဝင်တွေ အလုပ်ထုတ်ခံရတာ၊ ရှေ့နေတွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ ဆရာဝန်တွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ မတရားဖမ်းဆီးခံရပြီး အမြင့်ဆုံး ပြစ်ဒဏ်များ ချမှတ်ခံရတာတွေကြောင့် မိမိတို့ လူမှုဘဝတွေ ပျက်စီး၊ မိသားစု စီးပွားရေးတွေ ပျက်စီးခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ မိမိတို့ရဲ့ ယုံကြည်ချက်ကို ဆက်လက် ထိန်းသိမ်းပြီး ပြည်သူတွေအတွက်၊ အဖွဲ့ချုပ်အတွက် ရပ်တည်ခဲ့ကြပါတယ်။

အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာနဲ့ ဆက်ဆံမှု ချောမွေ့ပြေပြစ်ပြီး ပြည်သူများအတွက် အကျိုးရှိစေမယ့် ဆက်ဆံပေါင်းသင်းမှုကို တိုးမြှင့် ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ် ထွန်းကားနေတဲ့ နိုင်ငံများနဲ့သာမက၊ အိမ်နီးချင်းနိုင်ငံ





များနဲ့လည်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါတယ်။ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရဲ့ လိုအပ်တဲ့ ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ လွတ်လပ်မှု၊ တည်ငြိမ်မှုနဲ့ လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီပြီး ဥပဒေစိုးမိုးမှုကို အခြေခံတဲ့ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖို့ လုပ်ရပါမယ်။

ဆင်းရဲနွမ်းပါးမှုပပျောက်ပြီး ဒေသအလိုက် လူမျိုးများအကြား လူတစ်ဦးချင်းရဲ့ လူနေမှုအဆင့်အတန်း၊ လူမှုဘဝသိက္ခာ မြင့်မားစေဖို့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူမျိုးစုအားလုံး တန်းတူညီမျှ အလုပ်လုပ်ကိုင်နိုင်ခွင့်ရဖို့အတွက် အလုပ်အကိုင်ဖော်ထုတ်ရေး အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေးကို ဦးတည်ဆောင်ရွက်ရပါမယ်။

စီးပွားရေးမှာ နိုင်ငံတော်ရဲ့ရငွေ၊ သုံးငွေ ဘတ်ဂျက်လိုငွေပြနေတာကို ငွေစက္ကူအသစ်တွေ ရိုက်ထုတ်ပြီး ဖြေရှင်းတာမျိုး မဟုတ်ဘဲ အခြားနည်းလမ်းတွေနဲ့ ဖြေရှင်းရပါမယ်။ လက်ရှိ ငွေရေးကြေးရေးစနစ်၊ ဘဏ်စနစ်မှာ အနှောင်အဖွဲ့၊ အဟန့်အတား ဖြစ်နေတဲ့အချက်တွေကို ဖယ်ရှားရမှာ ဖြစ်ပါတယ်။

နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေအားလုံး ဖွံ့ဖြိုးဖို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ နိုင်ငံတကာဘဏ္ဍာရေးကော်မရှင်၊ ကမ္ဘာဘဏ်တို့နဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ လိုပါတယ်။ NLD က ယခုကစပြီး ဒီလိုပူးပေါင်းမှုများကို စတင် လမ်းစဖော်နေပါတယ်။

ပညာရေးပိုင်းမှာလည်း နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝတဲ့ ပညာသင်ယူခွင့် ရရှိဖို့၊ မသင်မနေရ မူလတန်းပညာရေးကို ကလေးတိုင်း အခမဲ့ သင်ယူခွင့်ရှိဖို့၊ အလယ်တန်း၊ အထက်တန်းအဆင့်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွင့်လှစ်နိုင်ဖို့တို့ကို ဆောင်ရွက်ရပါမယ်။

မြန်မာဘာသာစကား အခက်အခဲရှိတဲ့ တိုင်းရင်းသားမျိုးနွယ်တွေရဲ့ ကလေးများအတွက် အထောက်အကူဖြစ်စေမယ့် ပညာရေး လုပ်ငန်းအစီအစဉ်များကို ထည့်သွင်းရေးဆွဲရပါမယ်။ ပုံမှန်ကျောင်း ပညာသင်ယူရန် အခက်အခဲရှိတဲ့ အရွယ်ရောက်ပြီး ကလေးများ၊ လူငယ်လူရွယ်များ ကျောင်းပြင်ပ ပညာရေးအတွက် အထူးအစီအစဉ်များ ဆောင်ရွက်ပေးရပါမယ်။

ကျွန်မတို့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာ အဆင့်အတန်းကို လိုက်မီဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါမှ အခုပြောနေကြတဲ့ လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်တွေ ပေါ်ထွက်လာမှာပဲ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ အရည်အချင်း ပြည့်ဝဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒီအတွက် ပြုပြင် ဆောင်ရွက်သွားရမှာဖြစ်သလို သူတို့ အရည်





အချင်းနဲ့ ထိုက်တန်တဲ့ လစာငွေကြေး ရရှိဖို့ကိုလည်း စဉ်းစားပေးရပါမယ်။

ပညာရေး ပြုပြင်ပြောင်းလဲရာမှာလည်း လက်ရှိပညာရေးစနစ်မှာ တွေ့ကြုံနေကြရတဲ့ အတားအဆီးအဟန့်အတားများကို ဖယ်ရှားပစ်ရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးပိုင်းအနေနဲ့ နိုင်ငံတော်မှာ အရည်အသွေးပြည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ရှိရပါမယ်။

အများပြည်သူ၊ အထူးသဖြင့် ချို့တဲ့တဲ့ နိုင်ငံသားတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုရဖို့ ကျန်းမာရေးအာမခံ စီမံကိန်းတွေကို သီးသန့်အားဖြင့် ထူထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်သွားရပါမယ်။

ဆေးပညာသင်ကြားရေးစနစ်၊ ဆေးပညာရပ်၊ ဆေးကုထုံးနည်း၊ ဆေးဝါးထုတ်လုပ်ရေးနည်းတွေကို ခေတ်မီတိုးတက်လာအောင်လို့ နိုင်ငံတကာက ပညာရှင်တွေ၊ ဆေးပညာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။

တောင်သူလယ်သမားများကို ဥပဒေနဲ့အညီ လယ်ယာလုပ်ပိုင်ခွင့်၊ လယ်ယာပိုင်ဆိုင်ခွင့်ရဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး ဆန်စပါးအပါအဝင်၊ လယ်ယာထွက်ကုန်ပစ္စည်းများဈေးကွက် စီးပွားရေးစနစ်နဲ့အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲရောင်းဝယ်ခွင့်ရဖို့နဲ့ သင့်တော်တဲ့ဈေးနှုန်းများရဖို့ကို ဦးစားပေးဆောင်ရွက်သွားရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတစ်ဝန်း လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးတက်နေခြင်းကို သတိပြုပြီး အနာဂတ်ကို ရှေးရှုတဲ့ လယ်ယာထွက်ကုန် စီးပွားရေးစနစ်ကို ထူထောင်ဖို့ လိုပါတယ်။

တောင်သူလယ်သမားများရဲ့ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စရပ်များကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့ ညီညွတ်သော တောင်သူလယ်သမား အဖွဲ့အစည်းများအား ဖွဲ့စည်းခွင့်ပေးသွားရပါမယ်။

အလုပ်သမားများရဲ့ရပိုင်ခွင့်များ အပြည့်အဝရရှိရေးအတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး၊ အလုပ်သမားအခွင့်အရေးကို ဥပဒေနဲ့အညီ အကာအကွယ် ရရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရပါမယ်။

အလုပ်သမားတိုင်း တရားမျှတမှု၊ တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှု၊ လုပ်ပျော်သော အလုပ်ခွင်အခြေအနေ၊ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေရရှိခွင့်၊ လုပ်ခလစာ ရရှိခွင့်၊ အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရရှိခွင့် ရစေရပါမယ်။

အဓမ္မအလုပ်စေခိုင်းခြင်းကို တားဆီးပိတ်ပင်ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ရဲ့ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စေရန် အတတ်နိုင်ဆုံး ဆောင်ရွက်သွားရပါမယ်။





လူငယ်တွေဟာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ အဖိုးအတန်ဆုံး အင်အားတွေဖြစ်လို့ လူငယ်တွေအတွက် ပညာသင်ကြားရေး အဆင့်အတန်းမြင့်စေဖို့၊ ပွင့်လင်းလွယ်ကူစေဖို့နဲ့ ပညာအဆင့်အတန်းနဲ့ ကိုက်ညီတဲ့လုပ်ငန်းတွေမှာ အလုပ်အကိုင်ရရှိစေဖို့ အားဖေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးရင်းနဲ့ လူငယ်တွေရဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဆောင်ရွက်ပေးရပါမယ်။

နိုင်ငံရဲ့ အနာဂတ်ဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေရဲ့ စွမ်းရည်တွေကို ဖော်ထုတ်ပြီး နိုင်ငံတည်ဆောက်ရေးမှာ ခိုင်မာတဲ့စွမ်းအားစုအဖြစ် အသုံးပြုသွားပါမယ်။ ကျောင်းသားများကိုယ်တိုင် ဖွဲ့စည်းတဲ့ လွတ်လပ်တဲ့ ကျောင်းသား သမဂ္ဂများကိုလည်း ဥပဒေနဲ့အညီ ခွင့်ပြုသွားရပါမယ်။

နိုင်ငံရဲ့ (၅၀) ရာခိုင်နှုန်းမက အင်အားဖြစ်တဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးများ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တိုးချဲ့ရေးတို့ကိုလည်း အလေးပေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယခု ကျွန်မတင်ပြသွားခဲ့တဲ့ မူဝါဒသဘောတရားတွေ အများအပြားကို ကျွန်မရဲ့ စည်းရုံးရေးခရီးစဉ်များတစ်လျှောက်မှာ ပြောပြီးဖြစ်ပါတယ်။ ဒါတွေက နားထောင်လို့တော့ ကောင်းပါရဲ့၊ တကယ်ပဲ အကောင်အထည်ဖော်နိုင်ပါ့မလားလို့



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူများက တွေးနေကြမယ် ထင်ပါတယ်။ လွယ်လွယ်နဲ့တော့ ကျွန်မတို့ လိုလားတောင့်တနေတဲ့ ပြည်ထောင်စုကြီး ထူထောင်ဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်နဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဆိုတဲ့ အောင်မြင်ခြင်းတရားလေးပါးတွေကို ဆုပ်ကိုင်ပြီး ကြိုးစားသွားကြရင်တော့ ဖြစ်နိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ခက်ခဲတဲ့ အလုပ်တာဝန်တွေကို ဖွဲ့၊ လုံ့လနဲ့ လုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေ ဆယ်စုနှစ်နဲ့ချီပြီး ရှိလာခဲ့တာပါ။ နိုင်ငံအတွက် နောက်တစ်ဆင့်တိုးပြီး ခက်ခဲတဲ့အလုပ်တွေ အောင်မြင်စွာ ထမ်းဆောင်ပေးနိုင်ဖို့ တာဝန်ပေးတဲ့အနေနဲ့ ကျွန်မတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များကို ထောက်ခံရွေးချယ်ကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ရဲ့ တံဆိပ်ကတော့ အနီရောင်အောက်ခံပေါ်မှာ ရွှေရောင်ခွပ်ဒေါင်းနဲ့ ဝဲဘက်ထိပ်စွန်းနားမှာ ထောင့်ငါးထောင့်ရှိတဲ့ ကြယ်ဖြူကြီးပါပဲ။ ''အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်''ဆိုတဲ့ စာတန်းလည်း ပါပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူတွေ မဲပေးကြပါ။

ကျေးဇူးတင်ပါတယ်။

❒







www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုခဲ့သော မြန်မာ့လွတ်လပ်ရေး တပ်ပေါင်းစုကြီးရဲ့ သမိုင်း

### ဖ·ဆ·ပ·လ ဟူသည်မှာ

ဖ·ဆ·ပ·လသည် စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး တပ်ဦးကြီးပမာ ထင်ရှားခဲ့၏။ နိုင်ငံတွင်း၌သာ မဟုတ်။ ကမ္ဘာ၌ပင် ထင်ရှားခဲ့သော အဖွဲ့ချုပ်ကြီး ဖြစ်သည်။

အဖွဲ့ချုပ်ကြီးကား ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး ဖြစ်သည်။ အတိုကောက်မှာ ဖ·ဆ·ပ·လ ဟူ၍ ခေါ်တွင်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို သိမ်းပိုက်ထားခဲ့သော ဖက်ဆစ်ဂျပန်တို့၏ ဖိနှိပ်ရက်စက်မှုမှ တွန်းလှန်လိုသောသူတစ်စုသည် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးကို ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ၊ သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ကြသည်။





### ဖ·ဆ·ပ·လ နှင့် အဓိက ရည်ရွယ်ချက်

အဖွဲ့ချုပ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ ဖက်ဆစ်ဝါဒကြီးကို မြန်မာနိုင်ငံ၌သာမက ဖက်ဆစ်၏မူရင်းဒေသများ၌ပါ အမြစ်ပြုတ်အောင် တိုက်ဖျက်ရန်နှင့် ပြည်သူလူထုများ မျှော်မှန်းတမ်းတနေခဲ့သည့် လွတ်လပ်ရေးကိုပါ အရတိုက်ယူကြဖို့ မနားမနေ ကြိုးပမ်းကြဖို့ ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

ယင်းကို အကြောင်းပြုလျက် ပထမတွင် အဖွဲ့ချုပ်ကြီးကို **'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်'** ဟု ခေါ်တွင်ပါ။ အတိုကောက်အားဖြင့် 'ဖ·တ·ပ·လ' ဟူ၍ ဖြစ်သည်။

စစ်ပြီး နောက်ပိုင်း၌ တိုက်ဖျက်ရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီမို့ ဆန့်ကျင်ရေးလုပ်ငန်းကိုသာ ရှေးရှုလုပ်ကိုင်ရ၍ ဆုံးဖြတ်လျက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (သို့မဟုတ်) ဖ·ဆ·ပ·လ အဖွဲ့ချုပ်ဟု ပြောင်းလဲ မှည့်ခေါ်လိုက်သည်။

### ဖက်ဆစ်တိုက်ဖျက်ရေးမှာ စနစ်တကျပင်

ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးကို စတင်ဖွဲ့စည်းရာ၌ ဗမာ့တပ်မတော် (မြန်မာ့တပ်မတော်)၊ ပြည်သူ့အရေးတော်ပုံပါတီ (နောင် ဆိုရှယ်လစ်ပါတီ)၊ ကွန်မြူနစ်ပါတီတို့က ဦးဆောင်ခဲ့သည်။

မကြာမီ ရခိုင်အမျိုးသားအစည်းအရုံး၊ ကရင်ဗဟိုအဖွဲ့ချုပ်၊ အရှေ့အာရှလူငယ်များ အစည်းအရုံး၊ မျိုးချစ်အဖွဲ့နှင့် မဟာဗမာ



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့တို့မှ ခေါင်းဆောင်အချို့ ပါဝင်လာကြသည်။ ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးကို ဤသို့ ဖွဲ့စည်းပြီးသည်နှင့် ဂျပန်တို့၏ ရေလမ်း၊ ကြည်းလမ်း အဆက်အသွယ်များကို ဖြတ်တောက်သည်။ ဖျက်ဆီးသည်။ မီးရှို့သည်။ ဂျပန်တို့၏ ချွေးတပ်သွေးတပ်ဆွဲသည်ကို လူထုက ရှောင်ရှားနေကာ လူစု၍ တော်လှန်ကြခြင်းများ လုပ်စေသည်။

လှေ၊ လှည်း၊ နွား စသည်တို့ကို သိုဝှက်၍ အကူအညီမပေးဘဲ နေကြစေသည်။ ဂျပန်ကိုယ်စားလှယ်များနှင့် နိုင်ငံ၏ သစ္စာဖောက်များအား သုတ်သင်ပစ်စေသည်။

ဗမာ့တပ်မတော်က ပျောက်ကျားစနစ်သုံး၍ ဂျပန်ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ကြစေသည်။

## သတင်းများဖြင့် လှည့်စား

ဤသို့ တော်လှန်တိုက်ခိုက်ရာ၌လည်း အခြေအနေအရ သတင်းမှန်များကိုမူ ဖ·ဆ·ပ·လ အဖွဲ့သို့ လာရောက်ပေးပို့သည်။ သတင်းမှားများကိုမူ ရန်သူနား၊ ရန်သူတပ်များသို့ ရောက်အောင် ပေးပို့ကြသည်။

ထို့ပြင် မြို့နယ်၊ ကျေးရွာများတွင်လည်း ဖ·ဆ·ပ·လ အဖွဲ့ခွဲများ၊ ပျောက်ကြားတပ်များနှင့် အလုပ်သမားသမဂ္ဂများအဖွဲ့ကို ဖွဲ့စည်းဖို့ အဖွဲ့ချုပ်ကြီးက ညွှန်ကြားခဲ့သည်။ ညွှန်ကြားသည့်အတိုင်း တော်လှန်ရေးလမ်းစဉ်အရ ဆောင်ရွက်ကြလေသည်။

မင်းလက်ရာစာပေ



အဆက်အသွယ်လုပ်ခဲ့ကြ

ထို့နောက် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးသည် တစ်ချိန်တည်းမှာပင် တော်လှန်ရေးအောင်မြင်ရန် အလို့ငှာ အိန္ဒိယနိုင်ငံဖက်သို့ တိတ်တဆိတ် စေလွှတ်ထားပြီး ဖြစ်သည်။ ထိုကဲ့သို့ စေလွှတ်ထားပြီးသော တော်လှန်ရေးရဲဘော် (၇၀) ကျော်တို့သည် မဟာမိတ်စစ်ဘက်ဆိုင်ရာ အာဏာပိုင်များဖြင့် အဆက်အသွယ်ပြုလုပ်ကြလေသည်။

မဟာမိတ်တို့ကလည်း လက်နက်ခဲယမ်း မီးကျောက်၊ အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းများဖြင့် အကူအညီပေးခဲ့သည်။ ထို့ကြောင့် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးသည် မူလမျှော်လင့်ထားသည့် ဖက်ဆစ်တိုက်ဖျက်ရေး လုပ်ငန်းကြီးသည် စောစီးစွာ၊ ထူးကဲစွာ အောင်မြင်ခဲ့ရလေသည်။

## ဖ·ဆ·ပ·လ ဂုဏ်သတင်း ကျော်စောခဲ့

ဤကဲ့သို့ ဖက်ဆစ်ဂျပန်ကို လျင်လျင်မြန်မြန်ကြီး တော်လှန်အောင်မြင်ခဲ့သောကြောင့် မဟာမိတ်တို့၏ စစ်သေနာပတိ ဗိုလ်ချုပ်လော့မောင့်ဗက်တန်ကပင် ချီးကျူးခဲ့ရသည်။

ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးသည် ဂျပန်ကို တော်လှန်နေသော အင်အားစုမျှသာ မဟုတ်၊ အမျိုးသားတပ်ဦးကြီးတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ ယင်းအဖွဲ့၏ ခေါင်းဆောင်များသည် မျိုးချစ်စိတ်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ထက်သန်၍ ထထကြွကြွ ဆောင်ရွက်နိုင်သူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ် ဖွဲ့စည်းသည့်အခါ ဖ.ဆ.ပ.လမှ ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းသင့်ကြောင်းဖြင့် လန်ဒန်မြို့ရှိ မဟာမိတ်စစ်ဦးစီးအဖွဲ့သို့ပင် အကြံပေးခဲ့ရသည်အထိ ဖြစ်၏။ ထို့အတွက် ဖ.ဆ.ပ.လ အဖွဲ့ကြီး၏ နိုင်ငံရေး ဂုဏ်သတင်းသည် ကျော်စောသဝ်းပျံ့ခဲ့ရခြင်း ဖြစ်ပေသည်။

## တော်လှန်ရေးဌာနခွဲများ

ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၄ ခုနှစ်အတွင်း၌ပင် ရခိုင်ပြည်တွင် ဖ.ဆ.ပ.လ အဖွဲ့ချုပ်က စတင်ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် မိတ္ထီလာနှင့် မန္တလေးခရိုင်တွင်လည်းကောင်း၊ မတ်လတွင် မြစ်ဝကျွန်းပေါ်ဒေသ၊ သာယာဝတီ၊ ပြည်၊ သရက်၊ ပဲခူး၊ သထုံ၊ ပျဉ်းမနား (ယခု နေပြည်တော် ပျဉ်းမနား)၊ တောင်ငူ၊ တနင်္သာရီ စသည်ဖြင့် နယ်များခွဲကာ မြန်မာနိုင်ငံ အနှံ့အပြားတွင်လည်းကောင်း ဂျပန်ကို တော်လှန်ခဲ့ကြသည်။

သို့ရာတွင် ဖ.ဆ.ပ.လ အဖွဲ့ချုပ်က ဦးစီးပြီး ပြည်လုံးကျွတ် တညီတညွတ်တည်း စနစ်တကျ ဖက်ဆစ်တော်လှန်ရေး အစပြုသည့်နေ့ကား ၁၉၄၅ ခုနှစ်၊ မတ်လ၊ ၂၇ ရက်နေ့ ဖြစ်ပါသည်။

တော်လှန်ရေးအင်အားစုများ၏ လက်ချက်ဖြင့် ဖက်ဆစ်ဂျပန်များ နှစ်သောင်းခန့် ကျဆုံးခဲ့ကြောင်း သိရသည်။

မင်းလက်ရာစာပေ



## ပြည်သူ့လွတ်မြောက်ရေးမှခဦးဆီသို့

ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ပွဲဆင်နွှဲနေစဉ်ကပင် ဖ.ဆ.ပ.လ အဖွဲ့ချုပ်သည် ရည်မှန်းချက်ပန်းတိုင်ရှိပြီး ဖြစ်သည်။

ထိုပန်းတိုင်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ အမျိုးသားအစိုးရဖွဲ့ရေးနှင့် မြန်မာနိုင်ငံအုပ်ချုပ်ရေး ရေးဆွဲဖို့ ဖြစ်သည်။ အရှယ်ရောက်သူကျား/မတိုင်းက ရွေးကောက်တင်မြှောက်မည့် တိုင်းပြည်ပြုလွှတ်တော် တည်ထောင်ရန် ဖြစ်သည်။

ထိုစဉ်မှာပင် ဂျပန်တို့ လုံးဝ လက်နက်ချသွားကြပြီ။

ဖ.ဆ.ပ.လ အဖွဲ့ချုပ်သည် ဂျပန်တို့ လက်နက်ချသွားသော်လည်း တာဝန်တစ်ရပ်ကား မပြီးဆုံးသေး။ မြန်မာနိုင်ငံအတွင်း၌ ဂျပန်စစ်သားအမြောက်အမြား ကျန်နေသည်။

ထိုကိစ္စကို ရှင်းလင်း နေရသေး၏။ နိုင်ငံတွင်းမှ ရန်သူ အကြွင်းအကျန်များကို ရှင်းလင်းပြီးနောက် ဖ.ဆ.ပ.လ သည် မျိုးချစ်ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များကို အမြဲတမ်းစစ်တပ်အဖြစ်သို့ ရောက်ရန် ဆောင်ရွက်ခဲ့ရပြန်သည်။

## နိုင်ငံရေး ခေါင်းဆောင်များကို ဖိတ်ခေါ်ခဲ့ရ

ပထမ၌ ဗြိတိသျှစစ်ဖက်ဆိုင်ရာတို့နှင့် ဆွေးနွေးသည်။ တိကျသော ကတိမရခဲ့။ အဖြေမပေးကြ။

ထို့ကြောင့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်သည် ထိုမျိုးချစ်ဗမာ့တပ်မတော်ကိစ္စနှင့် အခြားအရေးကြီးသော ကိစ္စများအတွက် ၁၉၄၅

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ ဩဂုတ်လ၊ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ နိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ခေါ်စည်းဝေးခဲ့ရလေသည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖ·ဆ·ပ·လ အဖွဲ့ချုပ်က ကြီးမှူးလျက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီး နေသူရိန်ရုံတွင် လူထုညီလာခံ ကျင်းပသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်၊ စစ်အုပ်ချုပ်ရေး အမြန်ရုပ်သိမ်းပြီး မြို့ပြအုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန်၊ လွတ်တော်ရွေးကောက်ပွဲကို ဦးစီးကျင်းပပေးရန်နှင့် ကြားကာလတွင် အမျိုးသားအစိုးရဖွဲ့စည်းပေးရန် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့သည်။

မျိုးချစ်မြန်မာတပ်ဖွဲ့များ၏ နောင်ရေး၊ ပြဿနာ အပါအဝင်နှင့် နိုင်ငံတော်အရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

## ကန္ဒီစာချုပ် ချုပ်ဆိုကြပြီ

ဖ·ဆ·ပ·လ အဖွဲ့ချုပ်၏ ခေါင်းဆောင်မှုဖြင့် မြန်မာနိုင်ငံလူထု၏ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်နေပုံကို ဗြိတိသျှအာဏာပိုင်တို့သည် ရိပ်မိလာကြသည်။

ထို့ကြောင့် မဟာမိတ် စစ်ဌာနချုပ်တည်ရာ သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ ဗမာ့တပ်မကိစ္စနှင့် စပ်လျဉ်း၍ လော့မောင့်ဗက်တန်ဖြင့် ဆွေးနွေး၍ မြန်မာနိုင်ငံခေါင်းဆောင်များကို ဖိတ်ခေါ်ခဲ့၏။

ဖ·ဆ·ပ·လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် ၁၁ ဦးသည် ကန္ဒီမြို့သို့ သွားရောက်ခဲ့ကြ၏။ စက်တင်ဘာလ ၆/၇ ရက်နေ့များတွင် ဆွေးနွေးသည်။





လော့မောင့်ဗက်တန်နှင့် မြန်မာကိုယ်စားလှယ်များ အပြန်အလှန် ဆွေးနွေးပြီးနောက် ကန္ဒီစာချုပ်ကို ချုပ်ဆိုကြသည်။

## ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးရဲ့ ပထမ မဟာအောင်ပွဲ

ထိုစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်း၍ တပ်သားတစ်ဦးချင်း စစ်တပ်အတွင်းသို့ သိမ်းသွင်းခြင်းမပြုတော့ဘဲ ဗမာ့တပ်မတော်တစ်ခုလုံးကို မြန်မာနိုင်ငံ စစ်တပ်အတွင်းသို့ ပူးပေါင်းကာ ကျန်းမာရေးနှင့်ပြည့်စုံ၍ ဆက်လက်အမှုထမ်းလိုသူ တပ်သား ၅,၂၀၀ နှင့် အရံ ၃,၀၀၀ ကိုလည်းကောင်း၊ တပ်မတော် ဗိုလ် ၂၀၀ နှင့် အရံဗိုလ် ၂၀၀ ကိုလည်းကောင်း ခန့်အပ်ရန် တပ်မတော်သားများအတွက် ရထိုက်သော အခွင့်အရေးများကို ပေးရန်အပြင်၊ တပ်မတော်သားများနှင့် သက်ဆိုင်သောကိစ္စအဝဝကို စုံစမ်းရန်အတွက် မဟာမိတ်ကိုယ်စားလှယ်နှင့် တပ်မတော် ကိုယ်စားလှယ်တို့ ပူးတွဲကာ အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရန်တို့ ဖြစ်သည်။ ဤကား ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး၏ ပထမ အရေးကြီးဆုံးသော အောင်ပန်းကြီး ဖြစ်လေသည်။

## ဒုတိယမဟာအောင်ပွဲ

ယင်းသို့ တပ်မတော်အား ပြန်လည် ဖွဲ့စည်းသည့်အခါ၊ တပ်မတော်သည် နိုင်ငံရေးနှင့် သက်ဆိုင်ရန် မလိုတော့ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နိုင်ငံရေး တပ်ပေါင်းစုကြီးဖြစ်သော ဖ·ဆ·ပ·လ အဖွဲ့ချုပ်မှ နုတ်ထွက်လိုက်ရသည်။ ထို့ပြင် ကျန်းမာရေးမပြည့်စုံသဖြင့် တပ်တွင်း ဝင်ခွင့်မရ၍ ဖြစ်စေ၊ ဆက်လက် စစ်မှုမထမ်းလိုတော့၍ဖြစ်စေ ကျန်ခဲ့သော ရဲဘော်ဟောင်းများကို စနစ်တကျ နေရာချထားရေး အတွက် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကပင် စီစဉ် ဆောင်ရွက်ရလေသည်။ ထိုရဲဘော်ဟောင်းများအား ဖ·ဆ·ပ·လ အဖွဲ့ချုပ် လုပ်ငန်းများသာ စောက်ချ လုပ်ကိုင်ရန် စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ် သော ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဦးစီး၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဖွဲ့စည်းလေသည်။

ဖ·ဆ·ပ·လ အဖွဲ့ကြီး၏ ယင်းသို့ မနားမနေ ဆောင်ရွက်မှု ကြောင့် ဗြိတိသျှအစိုးရသည် စစ်အုပ်ချုပ်ရေးကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရပ်စဲလိုက်၍ ဘုရင်ခံဟောင်း ဆာဒေါမန်စမစ်၏ မြို့ပြအုပ်ချုပ်ရေး ရောက်လာလေသည်။ ဤကား ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး၏ ဒုတိယအောင်ပန်း ဖြစ်သည်။

ဖ·ဆ·ပ·လ အဖွဲ့ကြီး၏ အင်အားကို ရိပ်မိပြီဖြစ်သော ဗြိတိသျှ ဘုရင်ခံ ဆာဒေါမန်စမစ်သည် အစိုးရအမှုဆောင်ဝန်ကြီးအဖွဲ့အတွက် ရွေးချယ်ရန်၊ ဖ·ဆ·ပ·လ အဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၁ ဦး၏ အမည်စာရင်းကို ပေးရန် အောက်တိုဘာလ ၁၉ ရက်နေ့တွင် စကား ကမ်းလေသည်။

ဖ·ဆ·ပ·လ အဖွဲ့က ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ပုဂ္ဂိုလ် ၁၁ ဦး စာရင်းတင်သွင်းသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနကို





လည်းကောင်း ဖ·ဆ·ပ·လ အဖွဲ့ဝင်ဝန်ကြီးများအတွက် ဖ·ဆ·ပ·လ ၏ ညွှန်ကြားချက် နာယူခွင့်ကိုလည်းကောင်း ထည့်၍ တောင်းဆိုခြင်း ကိုလည်းကောင်း ပြုလေသည်။

ဤအချက်တွင် ဘုရင်ခံနှင့် သဘောကွဲလွဲကြသဖြင့် နောက်ဆုံး ၌ ဖ·ဆ·ပ·လသည် အစိုးရအဖွဲ့၌ မပါဝင်ဘဲ နေလိုက်လေသည်။ ဤသို့ဖြင့် ဘုရင်ခံသည် လူထုကိုယ်စားလှယ် မဟုတ်သူ ပုဂ္ဂိုလ် များဖြင့် အမှုဆောင်ဝန်ကြီးအဖွဲ့ ဖွဲ့လိုက်ရသည်။

ယင်းသို့ဖြင့် လူထုဆန္ဒ မပြည့်မဝဖြစ်ကာ လူထုနှင့် အစိုးရ အပြင်းအထန် အားပြိုင်သော လှုပ်ရှားမှုကြီးများ ပေါ်ပေါက် လာရသည်။ လူထုမှုကား ဖ·ဆ·ပ·လ အလံတော်အောက်သို့ တစုတဝေးကြီး စုရုံးမိလာကြသည်။ နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် တစ်ခါမျှ မကြုံဖူးသော ပြည်သူ့ညီညွတ် သွေးစည်းမှုကြီးသည် ဖ·ဆ·ပ·လ အဖွဲ့၏ အလံတော်အောက်တွင် ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်၌ ဖ·ဆ·ပ·လ အဖွဲ့ချုပ်တွင် ပြည်နယ် လူနည်းစုများ အပါအဝင် အဖွဲ့အစည်း အားလုံးလိုလိုပါ၍ အလုပ်အမှုဆောင်အဖွဲ့တွင် တစ်ခါက တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များ ပါကြသည်။

ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်၍ ကွန်မြူနစ်များကို ဖ·ဆ·ပ·လ မှ ထုတ်ပစ်ပြီးကတည်းက သခင်သန်းထွန်းနေရာတွင် ဦးကျော်ငြိမ်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## လုံးဝလွတ်လပ်ရေးပေး

၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖ·ဆ·ပ·လ ပြည်လုံးကျွတ်ညီလာခံကြီးကို ရွှေတိဂုံဘုရားခြေရင်း၌ ကျင်းပ၍ လူထုဆန္ဒကို တညီတညွတ်တည်း ပြကြသည်။ ၁၉၄၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဖ·ဆ·ပ·လ အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ဗြိတိသျှစစ္စကူဖြူ အုပ်ချုပ်ရေး ကန့်ကွက်ပွဲကြီးသို့ ပရိသတ် တစ်သိန်းကျော် တက်ရောက်လေသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလအတွင်း၌ ဘုရင်ခံ၏ ခေတ်နောက်ပြန်ဆွဲသော အုပ်ချုပ်ရေးကို မကျေနပ်သဖြင့် ပြည်လုံးကျွတ် သပိတ်အရေးတော်ပုံကြီး ပေါ်ပေါက်လာသည်။ လခစား စာရေးစာချီများသာမက တစ်ခါမျှ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်း မရှိခဲ့ဖူးသော ပုလိပ်အဖွဲ့ကြီး တစ်ဖွဲ့လုံးပါ သပိတ်လက်နက် စွဲကိုင်၍ ချုပ်ချယ်မှု အမျိုးမျိုးကို တွန်းလှန်ပြီးလျှင် မြန်မာနိုင်ငံအား လုံးဝလွတ်လပ်ရေးပေးရန် ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး၏ အရေးဆိုချက်ကို တညီတညွတ်တည်း ထောက်ခံကြသည်။

## သပိတ်အရေးတော်ပုံကြီး ငြိမ်းငြိ

ဗြိတိသျှအစိုးရသည် ဖ·ဆ·ပ·လ အဖွဲ့ကြီးနှင့် လူထုအင်အားကို အကဲခတ်မိရကား ဘုရင်ခံ ဆာဒေါ်မန်စမစ်အား ပြန်ခေါ်၍ မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့်ကို မြန်မာနိုင်ငံ ဘုရင်ခံသစ်အဖြစ် စေလွှတ်လိုက်ရသည်။





ဆာဟူးဘတ်ရန့်သည် ဖ·ဆ·ပ·လ အင်အားကို လေးစားစွာဖြင့် ဖ·ဆ·ပ·လ ကိုယ်စားလှယ်များ ပါဝင်သော အမှုဆောင်ဝန်ကြီးအဖွဲ့ကို ၁၉၄၆·ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာ ဖွဲ့စည်းလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖ·ဆ·ပ·လ ကိုယ်စားလှယ်များ ရာထူး လက်ခံလိုက်သည်နှင့် တစ်ပြိုင်နက် သပိတ်အရေးတော်ပုံကြီး ငြိမ်းငြိမ်းသွားကာ နိုင်ငံရေး တင်းမာမှုကြီး ပြေပြစ်ချောမောသွားလေသည်။

## အောင်ဆန်း+အက်တလီ စာချုပ် ချုပ်ဆိုခဲ့

ဖ·ဆ·ပ·လ အဖွဲ့ချုပ်၏ ဝါဒလမ်းစဉ်ကား လိုလားချက်ကို အနုနည်းဖြင့် ရယူနိုင်မည်ဆိုပါက လက်ရုံးအားဖြင့် လှုပ်ရှားထကြွသော အကြမ်းနည်းများကို မသုံး ဟူ၍ဖြစ်သည်။

လူထု၏ ကျပ်ပြည့် တင်းပြည့် ထောက်ခံမှုကို ရရှိသော ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီးက လူထု၏ လိုအင်ဆန္ဒကို ထပ်တလဲလဲ တင်ပြလျက်ရှိရာ ဗြိတိသျှအစိုးရသည် အရေးမယူဘဲ မနေနိုင်တော့ချေ။ ထို့ကြောင့် မြန်မာ့ဆန္ဒကို ဆွေးနွေးရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ်သို့လာရန် ဖိတ်ခေါ်ချက်အရ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့သို့ သွားရောက်၍ ထိုလ ၂၇



www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုး ပြီးစီးလေသည်။

ဤစာချုပ်အရ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်ရေးပန်းတိုင်သို့ တစ်နှစ်အတွင်း ရောက်ရှိဖို့ပင် ရှိတော့သည်။

ဤကား ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ တတိယအောင်ပွဲကြီး ပင်တည်း။

## ကွန်မြူနစ်ပါတီကို ထုတ်ပစ်


နိုင်ငံရေး အောင်မြင်မှုများကို ရရှိနေသော ဖ.ဆ.ပ.လ သည် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဖ.ဆ.ပ.လ၏ စည်းမျဉ်းဥပဒေကို ကြိမ်ဖန်များစွာ ဖောက်ဖျက်၍ အဖွဲ့ကြီး၏ ပျက်စီးရာ ပျက်စီးကြောင်း သာ ဆောင်ရွက်နေသော ကွန်မြူနစ်ပါတီကို ထုတ်ပစ်လိုက်ရသည်။

## ဖ.ဆ.ပ.လ အလံတော်အောက် ဝင်ရောက်ခဲ့ကြ

အောင်ဆန်း-အက်တလီစာချုပ်အရ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၄၇ ခုနှစ် ဧပြီလအတွင်း၌ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ မွန်၊ မြန်မာ၊ ရခိုင်စသော မြေပြန့်သားများနှင့် ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ ကယား စသော တောင်ပေါ်သားများသည် ဖ.ဆ.ပ.လ အလံတော်အောက်မှ ဝင်ရောက်အရွေးခံကြသည်။ ပြည်သူလူထု၏ မကြုံဘူးအောင် ထောက်ခံမဲပေးမှုကြောင့် ဖ.ဆ.

မင်းလက်ရာစာပေ





ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်

ပ.လ အဖွဲ့ကြီးသည် ၉၅.၃ ရာခိုင်နှုန်းခန့် ရွေးကောက်ပွဲတွင် အောင်မြင်ခဲ့လေသည်။

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဖ.ဆ.ပ.လ ပဏာမ ညီလာခံကျင်းပပြီးလျှင်၊ လွတ်လပ်သော မြန်မာနိုင်ငံတစ်ခု ဖြစ်ပေါ် လာစေရန်၊ လူထု၏ဆန္ဒနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ သဘောများ ပါဝင်သော အချက်ပေါင်း ၁၄ ချက်ကို လက်ခံ၍ တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုညီလာခံကြီးကပင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အကြမ်းမူတစ်ခုကို ရေးဆွဲနိုင်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းကို တိုင်းပြည်ပြုလွှတ်တော်က မွမ်းမံ ခြယ်လှယ် အတည်ပြုပြီးနောက် ယခုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးအဖြစ် ရောက်ရှိလာသည်။

ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ အောင်မြင်၍ လွတ်လပ်ရေး ရောင်ခြည်ကို မြင်စပျိုးချိန်တွင် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ၉ ဦးတို့အား မသမာလူတစ်စု၏ လုပ်ကြံခြင်းကို ခံရသည်။

ကျဆုံးသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေရာကို ဖ-ဆ-ပ-လ ဒုတိယဥက္ကဋ္ဌ သခင်နုက တဗိုလ်ကျ တဗိုလ်တက်စနစ်ဖြင့် အဖွဲ့ချုပ်၏တာဝန်နှင့် အစိုးရအဖွဲ့တာဝန်ကို ဆက်ခံတာဝန်ယူလိုက်ခြင်း ဖြစ်ပါသတည်း။

☐

မောင်ရွှေခေတ်

မင်းလကာရာစာပေ

## ကျမ်းကိုး


၁။ တင်ဝင်းလှိုင်၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းထဲက အတွေးများ။

၂။ လျှပ်တစ်ပြက်၊ အတွဲ ၃၊ အမှတ် ၆၃
ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ် သတင်းစာ ရှင်းလင်းပွဲ

၃။ ဒီလှိုင်းစာစောင် အတွဲ (၁)၊ အမှတ် (၇)
ပြည်သူတွေမပါဝင်တဲ့ နိုင်ငံရေးဟာ ဒီမိုကရေစီနိုင်ငံရေး မဟုတ်ဘူး။

၄။ ဦးနု၊ ငါးနှစ်ရာသီ ဗမာပြည် ၂၀၁၀၊ မေလ

၅။ မော်ကွန်းစိုးမြင့်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်ရေး၊ ပြည်မြန်မာ ၂၇-၁၀-၁၁၊ အမှတ် (၇၉၁)။

၆။ မောင်သွေးချွန်၊ ဒေါ်အောင်ဆန်းစုကြည် (သို့မဟုတ်) သံမဏိကြိုးမျှင်

၇။ ဓင်ဘဦး၊ ဗိုလ်ချုပ်အောင်ဆန်း (သို့မဟုတ်) အရိုင်းထဲက အယဉ်။


မင်းလကာရာစာပေ

www.burmeseclassic.com

၈။ သတင်းထောက်ဝန်ကြီး ဦးထွန်းဖေနှင့် သူတို့အမြင်
၉။ အောင်သန်း၏ အောင်ဆန်း
၁၀။ နေလှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ
၁၁။ ဒီလှိုင်း စာစောင်၊ အတွဲ (၁)၊ အမှတ် (၂)
၁၂။ ဒီလှိုင်း စာစောင်၊ အတွဲ (၁)၊ အမှတ် (၉)
၁၃။ ဖေယျာဇော်၊ စေတနာမိခင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်။
၁၄။ ကျော်ဇောကြီး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတကာမှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဆုများ မှတ်တမ်း။
၁၅။ ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ (၂)၊ အမှတ် (၈၉)
၁၆။ မောင်ရဲလွင်၊ မြန်မာ့အမျိုးသမီးခေါင်းဆောင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် (ပြည်သူ့ခေတ်ဂျာနယ်)
၁၇။ မြန်မာ့စွယ်စုံကျမ်း
၁၈။ နန္ဒာမိုးကြယ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကား
ဗိုလ်ချုပ်အောင်ဆန်း ဟောခဲ့တဲ့တရား
၁၉။ မော်ဒန်သတင်းဂျာနယ်၊ အမှတ် ၃၀၂၊ (၂၃-၃-၂၀၁၂)
၂၀။ သတင်းစာဆရာဦးပုကလေး၊ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ
၂၁။ မောင်ထင်၊ မြန်မာ့နိုင်ငံရေးသုခမိန်

❑

မင်းလကရောစာပေ

www.burmeseclassic.com